# အို ...... လူသား !

ကပ္ပါနှင့် သတ္တဝါ ဘယ်က ဖြစ်သလဲ ?

ဘယ်မှာ ဆုံးသလဲ ?

အရှင်ဝါယာမ ထေရ်၏

# ခေတ်သတ္တဝါ

" လောကစိန္တာ - ဓာတုစိန္တာ "

( ဓမ္မပူဇာ ရန်ပုံ-၂-ကျပ် )

၆၆၄
မ

# ဒို ...... လူသား !

ကပ္ပါနှင့် သတ္တဝါ ဘယ်က ဖြစ်သလဲ ?

ဘယ်မှာ ဆုံးသလဲ ?

အရှင် ဝါယာမ ထေရ်၏

# ဓာတ်သတ္တဝါ

“ လောကစိန္တာ - ဓာတုစိန္တာ ”

(ဓမ္မပူဇာ ရန်ပုံ-၂-ကျပ်)

# ကျမ်းညွှန်း။


## (၁) လောကစိန္တာခန်း။

## (၂) အဝိညာဏက ရုပ်ဓာတ်ခန်း။

(၁) ကမ္ဘာနှင့် သတ္တဝါအစ, အဆုံး, ရှိ, မရှိ ပြဿနာ။ .... (၁၀)

(၂) ကမ္ဘာ လောကဓာတ်၏ ဖြစ်ပုံ, ပျက်ပုံ။ (၁၃)

- (က) ရုပ်ဓာတ်တို့၏သဘာဝကိုပြခြင်း (၁၃)
- (ခ) အခဲ အကြည် ရုပ်ဓာတ် ၆-မျိုး။ (၁၇)
- (ဂ) အာရုံဖြစ်သော ရုပ်ဓာတ် ၅-မျိုး။ (၂၀)
- (ဃ) ဘာဝရုပ်-၂-မျိုး။ (၂၁)
- (င) ဝိညတ်ရုပ်-၂-မျိုး။ (၂၁)

(၃) ဓာတ်-၁၈-မျိုး။ (၂၂)

- (က) ရုပ်ဓာတ်-၁၀-ပါး (၂၃)
- (ခ) နာမ်ဓာတ်-၇-ပါး (၂၃)
- (ဂ) မိဿက ဓာတ်-၁-ပါး (၂၄)

(၄) ရုပ်ဓာတ်က ကမ္ဘာ လောကဓာတ်ကြီးကို ပြုပြင်ပေးပုံ။ .... .... (၂၆)

(၅) ကမ္ဘာ လောကဓာတ်ကြီးကို ပဋ္ဌာန ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု တည်နေပုံ (၃၀)

(၆) ကမ္ဘာ လောကဓာတ်နှင့် သတ္တဝါတွေကို ဖျက်ဆီးသော ဓာတ်-၃-ပါး။ ...... (၃၉)

(၇) အကြောင်း-၄-ပါးတို့ကြောင့် ဖြစ်သော ရုပ်ဓာတ်များ ဗဟိဒ္ဓ ကပ္ပါ လောကန္ဒ တည်နေနိုင်,မတည်နေနိုင်။ ...... (၃၇)

## (၃) သ ဝိညာဏက ဓာတ်သတ္တဝါ ခဏ်း။

(၈) သတ္တဝါများ အစ ဖြစ်ပေါ်လာပုံ။ (၄၃)
(၉) သတ္တဝါဖြစ်ပေါ်လာပုံ-၄-မျိုး။ (၄၅)
(၁၀) ကပ္ပါ၌ သတ္တဝါ တိုးပွားလာပုံ။ (၅၀)
(၁၁) သံသေဒဇ သတ္တဝါ၌ ရုပ်ဓာတ်, နာမ်ဓာတ်, ဖြစ်ပုံ။ ...... (၅၅)
(၁၂) ဂဗ္ဘသေယျက သတ္တဝါ၌ ရုပ်ဓာတ်,နာမ်ဓာတ်, ဖြစ်ပုံ။ .... (၅၇)
(၁၃) နာမ်, ရုပ်-၂-ပါးပေါင်း ပဋိသန္ဓေ တည်နေပုံ။ ...... (၅၈)
(၁၄) ဂန္ဓဗ္ဗဓာတ်၌ သိမှတ်ဖွယ်။ (၅၉)
(၁၅) အဏ္ဍဇ သတ္တဝါ၏ ရုပ်, နာမ်, ဓာတ် ဖြစ်ပုံ။ ...... (၆၅)
(၁၆) ဂဗ္ဘသေယျက သတ္တဝါ ကြီးထွားလာပုံ (၆၅)
(၁၇) အဏ္ဍဇ သတ္တဝါ ကြီးထွားလာပုံ။ (၆၉)
(၁၈) ဩပပါတိက သတ္တဝါ၏ ရုပ်, နာမ်, ဓာတ်, ဖြစ်ပုံ။ ...... (၇၀)
(၁၉) အရိယာပုဂ္ဂိုလ်များ ပဋိသန္ဓေ စွဲးယူပုံ။ (၇၁)
(၂၀) ပဋိသန္ဓေ စွဲးယူရာ ပုဂ္ဂိုလ် ပြောင်း, မပြောင်း။ .... (၇၂)

၂၁) ဝိညာဏခေတ် ဖြစ်စဉ်။ (၇၃)
၂၂) မိ,ဖ, စုံတွဲကြောင့် သတ္တဝါတိုးပွား, မတိုးပွား။ ...... (၈၂)
(၂၃) မိ,ဖ,စုံတွဲရှိတိုင်း သတ္တဝါ မတိုးပွား။ (၈၅)
(၂၄) (က) ကမ်လမ်း ပုဂ္ဂိုလ်မျိုး။ (၈၇)
( ခ) ဈာန်လမ်း ပုဂ္ဂိုလ်မျိုး။ (၉၄)
( ဂ) ဉာဏ်လမ်း ပုဂ္ဂိုလ်မျိုး။ (၁၀၅)
(၂၅) သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ကြောင်း နည်း ၂-သွယ်။ ....(၁၀၇)
(၂၆) သတ္တဝါ ပုဂ္ဂိုလ်များ တဘဝမှ တဘဝ သို့-ကူးပြောင်း သွားသည်မှာ မှန်,မမှန်,(၁၀၉)
(၂၇) သတ္တဝါ ပုဂ္ဂိုလ် ကူးပြောင်း သွားပုံ။ (၁၁၇)
(၂၈) သံသရာနှင့် သတ္တဝါ ဘယ်မှာ ပြီးဆုံးသနည်း ? ......(၁၁၈)
(၂၉) နိဗ္ဗာန်ပေါက် ရှပ်ခေတ်တွေ ဘယ်သွားသနည်း ? ......(၁၁၉)
(၃၀) ခေတ္တ ပရိနိဗ္ဗာန်ပွဲ ဘယ်လို ဝင်မည် နည်း ? ....(၁၁၉)
(၃၁) အကြောင်း ကင်းမဲ့သော တရား ၂-မျိုး။ ......(၁၂၁)
(၃၂) လောကခေတ်နှင့် ခေတ်သတ္တဝါအဆုံး(၁၂၂)
(၃၃) နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန် အထူး။ (၁၂၄)



အရှင်ဝါယဘမထေရ်

# ဓာတ်သတ္တဝါ

## ညွှန်ကြားလွှာ

ဤ''ကပ္ပါနှင့်သတ္တဝါ,, ဘယ်က ဖြစ်သနည်း? ဟူသော ဓာတ်သတ္တဝါကျမ်းကို ကြည့်ရှုလေ့လာပါက ကပ္ပါ၊လောကဓာတ် အတွင်းဝယ် ဖြစ်ပွားတည်နေကြကုန်သော ရုပ်ဓာတ်, နာမ်ဓာတ်,တို့၏ ဖြစ်ပုံ,ပျက်ပုံ, တည်နေပုံတို့နှင့် သတ္တဝါပုဂ္ဂိုလ်တို့၏ ဖြစ်ပုံ, ပျက်ပုံ, ပေါ်ပေါက်ဖြစ်သော တည်နေပုံတို့ကို ဗုဒ္ဓပါဝစန စစ်မှန် ပဌာန်းပစ္စည်း နည်း, ပဋိစ္စသမုပ္ပါဒ် နည်း, ကမ်လမ်း, ဈာန်လမ်း, ဉာဏ်လမ်း,စသော နည်း,,တို့ဖြင့် ပါဝစနနှင့် သင့်လျော်စွာ ပြဆိုထားသောကြောင့် ထိုထို နည်းနာနယ အားလျော်စွာ အ-ဝိညာဏက-သတ်မဲ့ ဝတ္ထုရုပ်ဓာတ် ပစ္စည်းနှင့် သ-ဝိညာဏက - သတ်ရှိ သတ္တဝါ ပုဂ္ဂိုလ် ရုပ်, နာမ် ဓာတ်ပစ္စည်းများကို ဂမ္ဘီရ သမ္မာဒိဋ္ဌိ သစ္စဉာဏ်မှန်ဖြင့် သိကြ, ကြေ, မြင်ကြ, စေရန် ရည်ညွှန်းချက်ထားပါ၏။ ထိုထို ဝိစာရဏာ ဝိမံသ ပရိက္ခ သစ္စဉာဏ်မှန်ကို ကိုယ်ပိုင် လက်ကိုင် ရရှိကြပြီးလျှင် လောက လူ့ဘဝ၌ (၁)ကာမေ.သနာ- ကာမအာရုံသိုက်စား ကာမဂုဏ်တရားကို ရရှိရန်,ခံစားရန် ရှာမှီးကြံခြင်း, (၂)ဘဝေ.သနာ-လူ, နတ်,ဗြဟ္မာ, အဖြစ် ဘုံဘဝ ဌာနကို ရရှိရန်, ထိုအဖြစ်၌ တည်နေ ခံစားရန်, ရှာမှီးခြင်း, (၃)ဝိဘဝေ.သနာ- ထိုထို ရရှိရာ,ဖြစ်ရာ လောက၌ လောကီစည်းစိမ် ချမ်းသာကြွယ်

## ခေတ်သတ္တဝါ ညွှန်ကြားလွှာ

၀ ပြောများခြင်းရှိရန်, ပြည့်စုံရန်, ရှာမှီးခြင်း, (၄)အာရိယေ.သနာ-အာရိယာပုဂ္ဂိုလ်သူမွန်တို့ကဲ့သို့ မဂ်,ဖိုလ်, နိဗ္ဗာန်, တို့ကို လျှင်စွာ ရရောက်ရေး အတွက် ကုသိုလ်စာရိတ္တ ပြည့်စုံရေးနှင့် အကုသိုလ် မကောင်းကမ် ပယ်ရေးကိုဂင်း, ဘုံဘဝ လွှတ်မြောက် ရေးကိုင်း, ရှာမှီးခြင်း,-၄-မျိုးတို့တွင် အာရိယာပုဂ္ဂိုလ်တို့၏ ရှာမှီးခြင်းမျိုးဖြင့်သော ရှာမှီးကြ၍ ကမ္ဘာလောက သတ္တဝါပုဂ္ဂိုလ်တို့၏ လောကကိစ္စ,လူ့ကိစ္စ, ပြီးဆုံးရာ-နိရောသောစွာ ပေါက်ရောက်အောင် ရှာမှီးကြရန် လက်ညှိုးဖြင့်ညွှန်ပြသကဲ့သို့ ညွှန်ပြထားပါသတည်း။

အရှင်ဝါယာမထေရ်
အရှင်အာဒိစ္စဝံသကျောင်းတိုက်။

### ကပ္ပါနှင့် သတ္တဝါ ဘယ်က ဖြစ်သလဲ ?
### ဘယ်မှာ ဆုံးသလဲ ?

# ခေတ်သတ္တဝါကျမ်း ။

## " လောကစိန္တာ - ခေတုစိန္တာ "

ဗု,ဓ,သံ,အာ, နမောမိ။

နမ္မော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## (၁) လောကစိန္တာခန်း။

### နေနှင့်လ-သွား။

ကပ္ပါလောကကြီး လုံးသည့်, ပြားသည့်, ဝန်းဝိုင်းသည့်, ကြာဂုံ, စတုဂံ, ပဥ္စဂံ, စသည် မဆိုလို။ မဆုံးဖြတ်လို။ သို့စေကာ 'နေ,သည် အသွား လျှင်မြန်၏။ 'လ,သည် အသွားနှေး၏။ ထို့ကြောင့် "နေ,, သည် "လ,,ထက် တနေ့ တနေ့-၂၄-နာရီတွင် ယူဇနာ တသိန်း, တသိန်း, လျှင်မြန် ကျော်လွန်၍ "လ,,၏ ရှေ့သို့ ရောက်ရောက်သွား၏။ ထို့ကြောင့် ကပ္ပါစကြာဝဠာ လောကခေတ် (၁)ခု၏ စက်ဝိုင်းအကျယ်အပျံ့ကို ယူဇနာဖြင့်ရိုး, မိုင်ဖြင့်ရိုး, ဂဏန်း တွက်ကြည့်လျှင် ဧဝကန်ပင် မမှန်ညားလည်း အနုမာန အကြမ်းစား အမှန်းအတား အားဖြင့် သိနိုင်, သိသင့်၏။ ။

''လ,, ကွယ်ပျောက်နေခိုက် လ,ကွယ်ခေါ် တလလျှင် ရက်ပေါင်း ၃၀-ပြည့်သောနေ့၌ ကပ္ပါလောကသားတို့သည် ''လ,,ကို မတွေ့မြင်ကြရကုန်၊ လ,ကွယ် လ,မိုက်နေ့ဟု ခေါ် ဆိုသမုတ်ကြကုန်၏။ ''လ,,ကွယ် ခေါ် နေ့ကား ကပ္ပါပက္ခဒိန် ခေါ် အင်္ဂလိပ် လ,ကုန်နှင့် မကိုက်ညီ ယင်းနေ့ရက် အချိန်ကာလသည် ''နေ့နှင့် လ,,-၂-ခုတို့ လှည့်ပတ်မိ၍ တိတိ ယှဉ်တွဲသွားလာ နေသော နေ့ရက်ဖြစ်သည်။ လ,ကွယ်နေ့ပင် တည်း။ နေ, ရောင်ခြည် တန်ခိုး သတ္တိကြောင့် လ, ရောင်ခြည် ပျောက်ကွယ်နေ၏၊ ထိုကြောင့် ထိုနေ့ရက်၌ ''နေ,, ၏ ရှေ့,, နောက်,-၂-ခုသော မိုးကောင်းကင်အရပ်၌ ''လ,,ကို ရှာ၍ မတွေ့မမြင်ရကြကုန်၊ စန္ဒရ မာသ, သူရိယသိင်္ကန္တ, အာဒိကပ္ပ, စသည့် ပေါရာဏကျမ်း တို့နောက် မလိုက်ဘဲ ဤသို့ ''နေ,,အသွားဖြင့် ယူဇနာနှင့် မိုင်များကို ဂဏန်းတွက်ကြည့်ကြပါကုန်စို့။ ။

တလလျှင် ရက်ပေါင်း-၃၀၊ တနှစ်-၁၂-လ ထား၍ တနှစ်တွက် ရက်ပေါင်း-၃၆၀။ ပြည့်၏၊ ရ၏၊ (၃၆၅)ရက်လည်း ဟူ၏၊ ''နေ့,,သည် တနေ့ တရက် ၂၄-နာရီဖြင့် ကပ္ပါ စကြာဝဠာတိုက် တခုကို စက်ဝိုင်း တခုကို တပတ် လှည့်လည် ပတ်မိ စပ်မိ၏ ဟူသော ကျမ်းစကားဖြင့် ဆိုထားသောကြောင့်၎င်း, ''လ,, ၏ ရှေ့မှ တနေ့ တနေ့လျှင် ယူဇနာ တသိန်း,တသိန်း,ကျ ကျော်လွန် သွားပြီးလျှင် နေ့ရက်-၃၀-တိုင် ရောက်က

"လ နှင့် နေ" -၂-ခုတို့ တွေ့ဆုံ ယှဉ်တွဲ၊ စပ်မိကြ ပြန် သောကြောင့်ပင်း, "လ"ကွယ် ခေါ်သော နေ့ရက်ကို မဏ္ဍလ် မှတည်ထား၍ သွန်း-၁-ရက်နေ့၌ နေ့သည် လ၏ ရှေ့က ယူဇနာ တသိန်း ကျော်လွန် သွား၏။ သွန်း - ၂-ရက်နေ့၌ ယူဇနာ-၂-သိန်း ကျော်လွန်သွား ၏။ ဤသို့စသည်ဖြင့် ကျော်လွန်၍ သွားရာ ရက်ပေါင်း ၃၀-ပြည့် ရှိချိန်၌ "လနှင့်နေ" ပြန်ပြီး တွေ့ဆုံယှဉ်တွဲ စပ်မိထပ်မိကြပြန်၏။ ထိုကြောင့် တွက်ပုံ—

ယူဇနာ ...... ၁၀၀၀၀၀.တသိန်း - ၁ - ရက်တွက် တည်။

တလရက်- ၃၀-နှင့်မြှောက်။

၃,၀၀,၀၀,၀၀.ယူဇနာ-၃-သန်းရ၏။

ထိုကြောင့် နေ၏ လှည့်လည် သွားလာခြင်း ခရီး လမ်းပတ်ကို တွက်၍ ရသော ဂဏန်းယူဇနာ-၃-သန်း သည် စကြာဝဠာ ကပ္ပါလောကခေတ်တိုက်- ၁-ခု၏ အဝန်း, အပိုင်း, အကျယ်ယူဇနာ ဖြစ်၏။ ။

မိုင်ပမာဏဖြင့် ဂဏန်းတွက်မှု—တယူဇနာကို-၁၃ မိုင်ခန့် ထား၍ တွက်ကြည့်က—

ယူဇနာ......၃,၀၀,၀၀,၀၀-သုံးသန်းကိုတည်။
မိုင် .... ၁၃-မိုင်နှင့်မြှောက်။

၃၉,၀၀,၀၀,၀၀-သုံးကုဋေ,-၉-သန်း မိုင်ရ၏။

ဤကား ကပ္ပါစကြာဝဠာ၏ အဝန်း, အပိုင်း အကျယ်အပျံ့ မိုင်တို့တည်း။ ။

တနေ့အတွက်နှင့် တနာရီအချိန်ကာလ၌ နေ၏ အသွား မိုင်ကို သိလိုသော်—

သုံးကုဋေ-၉-သန်းရှိ မိုင်ပေါင်းကိုတည်ပြန် တလ ရက်-၃၀-နှင့်စားက ရလဒ်-၁,၃၀,၀၀,၀၀-တသန်း, ၃-သိန်း, မိုင်ရ၏။ ထိုကြောင့် 'နေ,သည် တနေ့ တနေ့လျှင် တသန်းနှင့်- ၃-သိန်းမိုင် နေ့စဉ် သွားနေ၏ဟု သိရ၏။

တဖန် တနေ့တွက် သွားသော မိုင် တသန်းနှင့်-၃ သိန်းကို တည်၍ တရက်တွက် ၂၄-နာရီနှင့် စားက ရလဒ်-၅၄၁၆၆-နှင့်, ၃-ပိုင်း, ၂-ပိုင်း,မိုင်ရ၏။ဤကား ၁-နာရီအတွက်'နေ,သွားသော မိုင်ဖြစ်သည်။

အထူးအားဖြင့် တနှစ်တွက်-၃၆၅-ရက်ဖြစ်က၊ ယူဇနာနှင့် မိုင်များ မိုမိုပြီးလျှင် ဂဏန်းများ ထွက်လာနိုင်သည်။ 'နေ,က တည်မြဲနေ၍ 'လ,က နေကိုလှည့်လည်ပတ်မိ, ယှဉ်တွဲ စပ်မိသည် ဟူ၍ ပင် ဆိုညားလည်း ကပ္ပါစကြာဝဠာတိုက် လောကဝေတ်-၁-ခု၏ အကျယ် အပျံ့ အဝန်း အပိုင်းမှာ ထိုယူဇနာနှင့် မိုင် ပမာဏခန့်သာ ဖြစ်နိုင်ရမည်ဟု သိသင့် သိထိုက်,သိရကြမည်။

ကောင်းကင်၌ တည်ရှိ တွေ့မြင်နေကြရ ကုန်သော နေ,လ,ကြယ်,နက္ခတ်,ဂြိုဟ်,တာရာ, တို့ကား မဟာ ပ

ထပိမြေကြီး အပြင်မှ အထက်အမြင့် ယူဇနာ-၄၂၀၀၀ လေးသောင်း, နှစ်ထောင် အမြင့်၌ တည်ရှိနေသည်။ အမြင့်မိုင်ပေါင်း-၅၄,၆၀,၀၀-ငါးသိန်းလေးသောင်း ခြောက်ထောင်, ၎င်း အကျော်, ကောင်းကင်၌ သာ တည်ရှိ နေကြောင်းကို ညွှန်းချက်ထုတ်စရာ မလိုပင် ဖြစ်သည်။ သတ္တိဗျတ္တိ ရှိကြလျှင် အထက်သို့ တက်၍ ဒိဋ္ဌ မျက်မြင် ကိုယ်တွေ့ ကြည့်ရှုကြပါကုန်။ လောက လူသားတို့ ထိုဌာနသို့ ရောက်အောင် မသွားနိုင်ဟု အမှန်ယူဆရ၏။ ။

အဘယ်ကြောင့် ဆိုရသော် ကောင်းကင် လေဟာ ပြင်ကြီး၌ တည်နေ ဖြစ်,ပျက်,နေသော ခေတ်သဘာဝ ဒဏ်ချက်ကို လူသားတို့ မခံနိုင်သောကြောင့် ပင် တည်း။ ။

## ဗုဒ္ဓဂေါတမ မဟော။

ဗုဒ္ဓ ဂေါတမ ဘုရားရှင်သည် ကပ္ပါ စကြာဝဠာ လောကခေတ်ကြီး၌ နေ,လ, စသည် လယ်ပတ်သည်, မြေကြီး လယ်ပတ်သည်, စသည်ကို မဟောညွှန်သည် ကား မှန်၏။ အဘယ်ကြောင့် မဟောညွှန်ဟု ဆုံးဖြတ် ပေးရသနည်း? ကပ္ပါစကြာဝဠာ,နှင့် နေ,လ,စသည် အကြောင်း ခြင်းရာတို့ကို ဟောသဖြင့် သမထ ကိစ္စ, ဝိပဿနာ ကိစ္စ, မဂ်,ဖိုလ်ရရေးကိစ္စ လိမ္မာယဉ်ကျေး ရေး လောကီကိစ္စ, သံဝေဂရရေးကိစ္စ, သစ္စာ-၄-ပါး

တို့ကို သိမြင်ကျင့်ကြံရေးကိစ္စ, စသည်တို့နှင့် အကျိုးရရေးများ မဖြစ်နိုင်, မဆက်စပ် နိုင်သော ကြောင့်တည်း။ လောကစိန္တာမျှသာ ဖြစ်၏။ ။

တနှစ်ဘွက် မြန်မာရက်ပေါင်း-၃၅၄-ရက်။ ခရစ်ရက်ပေါင်း-၃၆၅-ရက်။ မညီမျှချေ။ တနင်္ဂနွေစသော နေ့သာတူညီကြကုန်၏။ ၃-နှစ်သျှင် တကြိမ်ကြစ်,လပို, ရက်ပို,များ ပေးကြရ ကုန်သည်။

မဟာပထဝီမြေကြီးက လည်ပတ်သည်ဟူ၍ပင် ဆိုဆို, နေ, လ, စသည်တို့က လည်ပတ်သည် ဟူ၍ပင် ဆိုဆို, ပကတိ မျက်စိဖြင့် မျက်မြင် ကိုယ်တွေ့ သိရှိနိုင်ရန် အရှေ့နှင့် အနောက်, တောင်နှင့်မြောက်, အရပ်တို့ကို စကေးကိုက် ကြက်ခြေခပ် မျဉ်းကြောင်း ဆွဲ တားပြီးသျှင် အလယ်ဗဟိုရ် ကြက်ခြေခပ်မျဉ်းကြောင်း တိတိ၌ ရေအင်တုံကြီး-၁-ခုကို ရေအပြည့် ထည့်ထား၍ ၎င်းရေအင်တုံ အတွင်း၌ ကြည့်ပါက နေ, သည် ရိပ်ရိပ်, ရိပ်ရိပ်နှင့် သွားလာလှုပ်ရှား နေကြောင်းကို တွေ့မြင်ကြရ ပါလိမ့်မည်။ ထိုအခါ နေပင် သွားသလော? မြေကြီးပင် သွားသလော? လည်ပတ် သလော?ဟု ဆုံးဖြတ်ပေးနိုင်စရာရှိ၏။ နေကဲ့သို့ပင်, လနှင့်ကြယ်, နက္ခတ်, တာရာ, တို့ကို တွေ့မြင် သိနိုင်ကုန်သည်။ အင်တုံနှင့် ရေတို့ကား တိမ်းစောင်းမရှိ၊ တည်ငြိမ်း တည်နေကြမည်ကား မလွဲးတန်းပင်တည်း။

နေ့သည် မြေကြီးကို အာကာဇုနသတ္တိ ဆွဲထားနိုင်ခြင်း အမှန်ကောန် ရှုကဲ့ပါအံ့၊ ဂေါ်လီလုံး, လက်သီးခန့်စသည်ရှိသော မြေတုံး, မြေလုံး, မြေဆိုင်ခဲကို ကောင်းကင် လေဟာပြင်သို့ ပစ်တင်လိုက်သော အခါ မြေပြင်သို့ပင် ပြန်ကျလာ၏။ နေ့၏ အာကာဇုန- ဆွဲငင်ထားခြင်းသတ္တိ မရှိပါတကား။ သေးငယ်သောကြောင့် ဆွဲငင်ထားခြင်းမရှိပဲ မြေပြင်သို့ ပြန်၍ ပို့ဟန်ရှိ၏။ နေ့၏ အာကာဇုန သတ္တိကား ဤသက် လက်တွေ့စမ်းနည်း မရှိတော့ပေ၊ ဤသို့ အားဖြင့် အခြား လက်တွေ့ စမ်းနည်းဥပမာ များစွာ ရှိသည်၊ ။

## မြန်မာနှင့်, အင်္ဂလံ, ၆—နာရီကွာ။

တောင်ကျွန်း၌ နေကြ, ဖြစ်လာ ကြရ ကုန် သော ကပ္ပါ လောကသားတို့သည် အများ အားဖြင့် အရှေ့ အရပ်မှ နေပေါ်ထွက်လာ၍ အနောက် အရပ်သို့ နေကွယ်ပျောက် ဝင်သွားသည်ကို နေ့စဉ် နေ့တိုင်း တွေ့မြင်ကြရ ကုန်သည်။ ပင်လယ်ရေပြင်သို့ ရောက်နေသူတို့၏ အမြင်အားဖြင့် အရှေ့ အရပ် ရေပြင်ကြီး အတွင်းမှ နေထွက်ပေါ် တက်လာ၍ အနောက်အရပ် ရေပြင်ကြီး အတွင်းသို့ နေကွယ်ပျောက် ဝင်သွားသည်ကို တွေ့မြင်ကြရ ကုန်မည်။

ဂျပန် ကျွန်းနှင့် အင်္ဂလန် ကျွန်းတို့ကား- ၁၂-နာရီခန့် နေထွက်နှင့် နေဝင်ချိန် ကွာခြားသည်ဖြစ်ရာ ဂျပန်

ကျွန်း၌ အရှေ့ မြောက်ယွန်း အရပ်မှ နေထွက်ပေါ်လာ၍ အနောက် တောင်ယွန်း အရပ်သို့ နေကွယ်ပျောက် ဝင်သွားရာ၏။ အင်္ဂလန်၌ အရှေ့တောင်ယွန်း အရပ်မှ နေထွက်၍ အနောက်မြောက်ယွန်း အရပ်သို့ နေကွယ်ပျောက် ဝင်သွားရာ၏။ ။

မြေကြီးလုံးကပ္ပါက နေကို အလည်ဗဟိုရ်မဏ္ဍိုလ်ပြု၍ -၂၄-နာရီ နေကို တပတ် လှည့်လည် သွားသည်ဟူက တမိနစ်အတွက် မြေကြီး အလည်အပတ်အမြန်ကို မိုင်ပေါင်းမည်မျှ ရွေ့ရှား လှည့်လည် နိုင်ကြောင်း ဂဏန်းဖြင့် တွက်ရနိုင်၏၊ လေကိုတွက်၍ တနာရီမိုင် ၃၀-နှင့် ၃၀-ကျော် တိုက်ခတ်သွားလာခြင်းပင် မည်မျှ လေအဟုံ ပြင်းထန် လျင်မြန်ခြင်းတို့နှင့် မြေကြီး လည်ပုံကို ဂဏန်းတွက်၍ ချိန်ဆကြည့်ကြပါကုန်။ မြေလယ်, နေလယ်, -၂-မျိုး၌ သိစရာပင်တည်း၊ ။

## (၂) အဝိဇ္ဇာဏာက ရုပ်ဓာတ်ခဏ်း။

(၁) ကပ္ပါနှင့် သဏ္ဍဝါ အစ, အဆုံး, ရှိ, မရှိ ပြဿနာ။

"သံသာရေ-ယံ ဘိက္ခဝေ ကပ္ပကောဋိ နပညာယတိ,, ဟူသော ဗုဒ္ဓပါဝစန၌ ရဟန်းတို့, ရဟန်းရှင်, လူ, နတ်, ဗြဟ္မာ, အပေါင်းတို့, သံသရာကပ္ပါ၏ ရှေး, နောက်, ဖြစ်သော စ, ဆုံး, အစွန်းအဖျားကို သိနိုင်ဖို့ရန် ခဲရဉ်း၏, ဟူ၍ ဟောညွှန်တော်မူ၏၊ ဤဟောချက်အာ

ရ အဓိပ္ပါယ်ကား ဤသို့ဖြစ်၏။ ကပ္ပါနှင့် သတ္တဝါတို့ဖြစ်ပေါ်လာရာ ရှည်ကြာမြင့် လှသောအကြောင်း ဖြစ်ရာအစနှင့် ပျက်စီး ပြီးဆုံးသွားရာ အဆုံးမရှိဟု မယူသင့်၊ ကပ္ပါလည်း အစနှင့် အဆုံး မရှိ။ သတ္တဝါ လည်း အစနှင့်အဆုံး မရှိဟု မယူသင့်၊ ကပ္ပါနှင့်သတ္တဝါတို့သည် ရှည်ကြာမြင့်စွာ ကာလမှ တည်ထွန်း ပေါက်ပွား ဖြစ်ပေါ်လာကြသောအကြောင့် ဖြစ်ပေါ် တည်ထွန်း လာရာ အစနှင့် ပျက်စီးပြီးဆုံး ကျွတ်လွတ်သွားရာ အဆုံးတို့ကို သိနိုင်ဘို့ရန် အလွန် ခဲရဥ်း၏၊ အသိဥာဏ် သက်ဝင်ရန်အလွန်ခက်ခဲ၏ဟု မှတ်ယူကြပါ။

နခေါပနာ့ဟံအာဝုသောအပတွာလောကဿန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ၊ အပိစာ့ဟံအာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညာပေမိ လောက သမုဒယဉ္စ လောက နိရောဓဉ္စ လောက နိရောဓ ဂါမိနိဉ္စ ပဋိပဒန္တိ ဟု ဒေဝတာ သံယုတ်၌ ဟောညွှန်ထားချက်ရှိ၏။

ဤပါဠိ၌ "လောက သမုဒယဉ္စ, လောက နိရောဓဉ္စ" ဟူသော လိုရင်းပါဠိစကား၏ အဓိပ္ပါယ်သွားမှာ ကပ္ပါလောကခေတ်နှင့် သတ္တဝါလောကခေတ် ၂-ခုတို့၏ဖြစ်ပေါ်လာခြင်း, ကပ္ပါ လောကခေတ်နှင့် သတ္တဝါလောကခေတ် ၂-ခုတို့၏ ပြီးဆုံးချုပ်ငြိမ်းခြင်းဟု ပါဝစနဲ စကားကျ အဓိပ္ပါယ်ကို ယူဆပါက ကပ္ပါလောက ခေတ်နှင့် သတ္တဝါ နာမ ပညတ် ၂-ခုတို့သည် အစလည်း ရှိ

၏။ အဆုံးလည်း ရှိ၏ ဟူသော ပါဠိစနဲ အသိုကျ ထင်လျှားပါသည်။ ထို့ကြောင့် "ကပ္ပ" ၌ ဌာန ကပ္ပါ, ဌာနီ သတ္တဝါကို ယူ၍ "နပညာယတိ" ပါဠိစနဲ၌ ထိုနာမ ပညတ် ၂-ခု၏ အစလည်းမရှိ၊ အဆုံးလည်းမရှိဟု မယူဆကြပဲ။ ထိုနာမ ပညတ် ၂-ခု၏ ဖြစ်ခဲ့, ပျက်ခဲ့သော အစနှင့် အဆုံးတို့သည် ကာလအပိုင်းအခြား ပရိစ္ဆေဒအားဖြင့် သံသရာ ရှည်လျားစွာက ပဋိစ္စသမုပ္ပါဒ် သတ္တိနည်း, ပဋ္ဌာန ပစ္စယ သတ္တိနည်း, တို့ဖြင့် ရုပ်ဓာတ်, နာမ်ဓာတ်တွေ ကြည်လည်ကူးပြောင်း ,, ဖြစ်, ပျက်,, သင်္ခါရ နယ်အတွင်းမှ မလွတ်ကင်း နိုင်ပဲ ဖြစ်နေရသောကြောင့် သိနိုင်ဘို့ရန် ခဲရည်း၏။ သိနိုင်ဖို့ရန် မစွမ်းနိုင်။ အသိဉာဏ်အမြင်ခဲ့ရင်း၏ ဟုသော မှတ်ယူသင့်၏။

**အထူးသတိ။** ။ လောကသမုဒယဥ္စ, ပါဠိစနဲ့ကို ကပ္ပါ လောကဓာတ်၌ သတ္တဝါ တဦးဦး ဦးစွာ အစ ဖြစ်ပေါ် ပြီးနောက် သေ၍ ပဋိသန္ဓေ တည်နေခြင်းကိုချည်း မယူပဲ၊ ကပ္ပါလောက ဓာတ်၌ ရှေးဦးစွာ အစဆုံး ဖြစ်ပေါ် ပေါက်ဖွား လာသော သတ္တဝါ, နောက်ထပ် အသစ် အသစ် ဖြစ်ပေါ် ပေါက်ဖွား လာသော သတ္တဝါ,တို့ကို ၄င်းပါနို့အရ ယူသင့်၏။ ပဋိသန္ဓေ တည်နေကာ သတ္တဝါ အသစ်, အဟောင်း, တိုးတက် ဖြစ်ပေါ် လာပုံ သိပ္ပံဉာဏက အခန်း၌ ထင်ရှားလတ္တံ့။

## (၂) လောကဓာတ်၏ဖြစ်ပုံ,ပျက်ပုံ။

ကမ္ဘာ လောကဓာတ် အဘယ်သို့ ဖြစ်ပေါ်လာသနည်း?

ဤအမေး၏ အဖြေကို မပေးသေးမီ ရှေးဦးစွာ သိသင့် သိထိုက်သော ရုပ်ဓာတ် နှင့် နာမ်ဓာတ် - ၂ မျိုးတို့၏ သဘာ၀ မွေတို့ကို သိထား နှင့်မှိုက အရေးကြီး၏။ ထိုကြောင့် ရုပ်ဓာတ်သည် (၁) ဘူတရုပ ရုပ်ဓာတ် (၂) ဥပါဒါနရုပ ရုပ်ဓာတ် ၂-မျိုးမှတ်။ (၁) ဘူတရုပ ရုပ်ဓာတ် ဟူသည် ကမ္ဘာလောကဓာတ် စကြ၀ဠာ အနန္တတို့၌ရှင်း, သက်မဲ့, သက်ရှိ, ပစ္စည်း, ၀တ္ထု သဏ္ဍာ၀ါတို့၌ရှင်း, ပဓာနဦးစီး ကြီးမှူး အုပ်ချုပ်လုက် သဘာ၀ မှန်မှန်ချည်း "ဖြစ်ချည်,ပျက်ချည်,,ဖြင့် ထင်ရှား ရှိနေသည့် နိစ္စထာ၀ရ အမြဲတည်ရှိနေသည့် ရုပ်ဓာတ်မျိုးတည်း။(၂)ဥပါဒါနရုပရုပ်ဓာတ် ဟူသည် ထိုထိုဘူတရုပ ဓာတ်တို့ကို မှီ၍ စွဲ၍ အကြောင်း ပစ္စည်းပြု၍ ယောပေါင်းစပ်၍ "ဖြစ်တုံ, ပျက်တုံ, ဖြစ်နေရသော ရုပ်ဓာတ်စုမျိုးတည်း။

## (က) ရုပ်ဓာတ်တို့၏ သဘာ၀ပြခြင်း။

(၁) ဘူတရုပဓာတ်-၄-ပါးကား(က)ကြမ်းထမ်းခက်တရော် တင်းမာ ခိုင်ခန့် တည်နေမှု သတ္တိဓာတ်ကို ပထဝီ ရုပ်ဓာတ်ဟု ခေါ်၏။ (ခ) ဖရိ ဖရဲ ကြဲပျံ့ နေခြင်း မရှိအောင် ဖွဲ့စည်း ပေါင်းစု ထား တတ် သော

သတ္တိခေတ်, ရှိစီး ကျဆင်းခြင်း, နူးညံ့ သိမ်မွေ့ ပျော့ပြောင်းခြင်းသတ္တိခေတ်, အရည် အစေးကို အာပေါရုပ်ခေတ်ဟု ခေါ်၏။ (ဂ) ရင့်ကျက် ကြီးထွား လာခြင်း သတ္တိ, လောင်မြိုက် ပူလောင် ပျက်စီး သွားရခြင်း သတ္တိ, အေးမြပူလောင် ပျက်စီး သွားရခြင်း သတ္တိ, ကြေညက် ရင့်ကျက်သွားရခြင်း သတ္တိ, ခေတ်ကို တေဇောရုပ်ခေတ်ဟုခေါ်၏။ (ဃ) ထောက်ကန် ဖောင်းပွ လွင့်စင် သွားလာ လှုပ်ရှားနေခြင်း သတ္တိခေတ်ကို ဝါယောရုပ်ခေတ်ဟုခေါ်၏။ (လှုပ်ရှားသော သတ္တိမှာ ဝိညတ်ရုပ် ၂-ခုဒ္ဒလည်း ရှိ၏။) ဤကား ဘူတရုပ ရုပ်ခေတ်ကြီး-၄-ပါးတို့၏ သဘောသတ္တိတည်း။

(၂) ဥပါဒါရုပ်ခေတ် ၂၄-ပါးတို့ကား (က) အဆင်း အရောင် အမျိုးမျိုးဟူသမျှ ရုပ်ခေတ်ကို ဝဏ္ဏရုပ်ခေတ်ခေါ်၏။ (ခ) အနံ့ အမျိုးမျိုးဟူသမျှရုပ်ခေတ်ကို ဂန္ဓရုပ်ခေတ်ခေါ်၏။ (ဂ) အရသာ အမျိုးမျိုး ဟူသမျှ ရုပ်ခေတ်ကို ရသရုပ်ခေတ် ခေါ်၏။ (ဃ) အဆီအစေး အထောက် အပံ့ အားကူညီပေးခြင်း အမျိုးမျိုး ဟူသမျှ ရုပ်ခေတ်ကိုဩဇာရုပ်ခေတ်ခေါ်၏။

**မှတ်ရန်။** ။ ဘူတရုပ ခေတ်ကြီး ၄-ပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ရုပ်ခေတ် ၄-ပါး, ပေါင်း ၈-ပါးသော ရုပ်ခေတ်ကို "အဋ္ဌကလာပ်,, ရုပ်ခေတ်-၈-ပါးကို ကလာပ်-၁-ခုဟု ခေါ်၏။ ပါ

ကြောင့် " အဋ္ဌကလာပ် ,,-၁-ခုဟု ခေါ်ရသ
နည်း? ဖြေ။ ၎င်းရုပ်ခေတ် ၈-ပါးတို့ကား မည်
သည့်သက်ရှိ, သက်မဲ့, သေးသေး, မှုံမှုံ, မွှား
မွှား, ကြီးကြီး, ငယ်ငယ်, ဝတ္ထုပစ္စည်း မဟူ
မခြားမကွဲးတပေါင်း တစု တလုံးတည်း တည်မြဲ
နေလျက် "ဖြစ်တူ,ပျက်တူ,, သဘာဝ သတ္တိဖြင့်
တည်နေသော ရုပ်ခေတ် ဖြစ်သော ကြောင့်
" အဋ္ဌကလာပ်-၁-ခုဟု ခေါ်ဆိုရ၏။ ၎င်းရုပ်
ခေတ်- ၈-ပါးသည် ကောင်းကင် လေဟာပြင်
အခေါင်း တို့၌ပင် တည်ရှိ၍. "ပရမာဏုမြူ,,
ခေါ် အသေးငယ်ဆုံး ရုပ်ခေတ် ပစ္စည်း ၌ပင်
တည်ရှိ နေသော ခေတ်မျိုး တည်း။ ၎င်း ရုပ်
ခေတ်မရှိသော အရာဝတ္ထုပစ္စည်းဟူ၍ ကမ္ဘာ
လောကနှင့် သတ္တဝါဟူသမျှတို့၌ မရှိချေ။ ။

(င) ဇီဝိတ ရုပ်ခေတ်- တိုးတက်ကြီးထွားလာစေ
နိုင်ခြင်းသတ္တိ,မပျက်,မစီး, မသေ,မဆွေးမြေ့, မပုတ်,
မသိုး,မချဉ်,ရကြလေအောင် ထိန်းသိမ်းစောင့်ရှောက်
ထားပေးတတ်သော သတ္တိ, တို့နှင့် ပြည့်စုံ သည့် ရုပ်
ခေတ်ကို ဇီဝိတ ရုပ်ခေတ်ဟု ခေါ်၏။ (နာမ်ဇီဝိတ
လည်းရှိသေး၏) (စ) ပရိစ္ဆေဒ ရုပ်ခေတ်—ရုပ်ခေတ်,
နာမ်ခေတ်, ပစ္စည်းဝတ္ထု ဟူသမျှတို့သည် တခုနှင့် တ
ခု, တစုနှင့်တစု, မရော မစပ် မယှက်, မယှက်ထွေးရ
လေအောင် တစုစီ တစုစီ, သီးသန့် ပိုင်းခြား တည်နေ

ကြစေလျက် "ဖြစ်, ပျက်,, နေကြအောင် အာကာသ အပိုင်း အခြားဖြင့် ပြုလုပ် ပေးနေသော သတ္တိနှင့်သည့် ရုပ်ဓာတ်ကို ပရိစ္ဆေဒရုပ်ဓာတ်, အာကာသ ရုပ်ဓာတ်, ဟု ခေါ်၏။- ၂-မည်ရပေါင်တည်း။ ။

**မှတ်ရန်။** ။ ပြဆိုခဲ့ပြီး အဋ္ဌကလာပ် ရုပ်ဓာတ်-၈-ခု နှင့် ဇီဝိတရုပ်ဓာတ်-၁-ခု, ပေါင်း-၉-ခုကို "ဇီဝိတ နဝက ကလာပ်,,ဟုခေါ် ဆိုရ၏။အဘယ် ကြောင့် ၎င်း-၉-ခုအပေါင်းကို "ဇီဝိတ နဝက ကလာပ်,,ဟု ခေါ်ဆိုရသနည်း?

**ဖြေ။** သက်ရှိ သက်မဲ့ ဝတ္ထုပစ္စည်း ဟူသမျှတို့ကို မ ပျက် မစီး တိုးတက် ကြီးထွား သန့်စွမ်း တည် မြဲနေအောင် စောင့်ရှောက် ထိန်းသိမ်း သိမ်း ဆည်း ပေးတတ်သော သတ္တိဂုဏ်ထူး ရှိသည့် ဇီဝအသက် ပြဓာန်းသောကြောင့် "ဇီဝိတ နဝ က ကလာပ်,, ရုပ်ဓာတ် ကလာပ်-၁-ခုဟု ခေါ် ဆိုရ၏။ ( နာမ် ဇီဝိတကို နာမ်ဓာတ် ပိုင်းသို့ ရောက်မှ သိကြရမည်။)

ပရိစ္ဆေဒခေါ် အာကာသ ရုပ်ဓာတ်သည် ရုပ်ဓာတ် တခုနှင့်တခုစီ, ကလာပ်တခုနှင့် တခုစီ, နာမ်ဓာတ် တ မျိုးနှင့် တမျိုးစီ, တို့၏ အကြား အကြား၌ ပိုင်းခြား ထားပေးခြင်း၌ ပါလျက် "ဖြစ်,ပျက်,, တည်နေသော ရုပ်ဓာတ်ဟု မှတ်အပ်၏။ ။

## (ခ) အခံအကြည်ရုပ်ဓာတ်-၆-မျိုး။

(ဆ) ပဉ္စပသာဒ ရုပ်ဓာတ် — အရာဝတ္ထု ပစ္စည်း အဆင်း အာရုံ ဟူသမျှ တို့ကို မျက်စိဖြင့် မြင်စွမ်းနိုင်သည့် သတ္တဝါ့ရှိ အခံအကြည်ဓာတ်ကို "စက္ခုပသာဒ" ရုပ်ဓာတ်ဟု ခေါ်၏။ (ဇ) အသံအာရုံဓာတ် ဟူသမျှတို့ကို နားဖြင့် ကြားစွမ်းနိုင်သည့် သတ္တဝါ့ရှိ အခံအကြည် ရုပ်ဓာတ်ကို "သောတ ပသာဒ" ရုပ်ဓာတ်ဟု ခေါ်၏။ (ဈ) အနံ့ အာရုံဓာတ် ဟူသမျှတို့ကို နှာခေါင်းဖြင့် နံ စွမ်းနိုင်သည့် သတ္တဝါ့ရှိ အခံအကြည်ရုပ်ဓာတ်ကို "ဃာန ပသာဒ" ရုပ်ဓာတ်ဟု ခေါ်၏။ (ည) အရသာ အာရုံ ဟူသမျှတို့ကို လျှာဖြင့် သိစွမ်းနိုင်သည့် သတ္တဝါ့ရှိ အခံအကြည် ရုပ်ဓာတ်ကို "ဇိဝှါပသာဒ" ရုပ်ဓာတ်ဟု ခေါ်၏။ (ဋ) အတွေ့အထိ အာရုံဟူသမျှတို့ကို ကိုယ်ဖြင့် သိစွမ်းနိုင်သည့် သတ္တဝါ့ရှိ အခံအကြည် ရုပ်ဓာတ်ကို "ကာယပသာဒ" ရုပ်ဓာတ်ဟု ခေါ်၏။ (ဤပဉ္စပသာဒ ရုပ်ဓာတ် - ၅-ခုတို့သည် သတ္တဝါ ပုဂ္ဂိုလ် မှန်သမျှ တို့၏ ကိုယ် ကာယ အတွင်း၌သာ တည်ကိန်း လျက် ဖြစ်, ပျက်, နေကြသော ရုပ်ဓာတ်မျိုးတို့ ဖြစ်သောကြောင့် အဏ္ဏုတ္တိက ရုပ်ဓာတ်ဟူသော နာမ ပညတ်ထူးကို ခံယူရကြကုန်၏။)

**မှတ်ရန်။ ။** ပြဆိုခဲ့ပြီး ဇီဝိတ နဝက ကလာပ်ရုပ် ၉-ခုနှင့်, စက္ခုပသာဒ ရုပ်ဓာတ်-၁-ခု ပေါင်း

၁၀-ခုကို "စက္ခုဒသကကလာပ်,, စက္ခုပသာဒ
ရုပ်ဓာတ် ပြဓာန်းသော အပေါင်း-၁-ခု,,ဟုခေါ်
၏။ ဤနည်းနှင်နှင် ဇီဝိတနဝက ရုပ်ဓာတ်-၉-ခု
နှင့် သောတပသာဒ ရုပ်ဓာတ်-၁-ခု ပေါင်း
၁၀-ခုကို "သောတဒသက ကလာပ်-သောတ
ပသာဒရုပ် ပြဓာန်းသော အပေါင်း-၁-ခု,,
ဟု၎င်း, ရုပ်ဓာတ်-၉-ခုနှင့် ဃာန ပသာဒ ရုပ်
ဓာတ်-၁-ခုပေါင်း-၁၀-ခုကို "ဃာနဒသက
ကလာပ်-ဃာနပသာဒရုပ်ဓာတ် ပြဓာန်းသော
အပေါင်း-၁-ခု,,ဟု၎င်း, ရုပ်ဓာတ်-၉-ခုနှင့် ဇိဝှါ
ပသာဒ ရုပ်ဓာတ်-၁-ခု အပေါင်း-၁၀-ခုကို
"ဇိဝှါဒသက ကလာပ်-ဇိဝှါပသာဒ ရုပ်ဓာတ်
ပြဓာန်းသော အပေါင်း-၁-ခု,,ဟု၎င်း, ဇီဝိတ
နဝက ကလာပ် ရုပ်ဓာတ်-၉-ခုနှင့် ကာယ ပ
သာဒ ရုပ်ဓာတ်-၁-ခု အပေါင်း-၁၀-ခုကို
"ကာယဒသက ကလာပ်- ကာယပသာဒ ရုပ်
ဓာတ် ပြဓာန်းသော အပေါင်း-၁-ခု,,ဟု၎င်း,
ခေါ်သို၏။ ။

သဏ္ဌာဝါမှန်သမျှတို့၏ ခန္ဓာကိုယ်ကာယ ပဋ္ဌကဒြဗ်
တခုလုံး၌ ပဓာနသော့ချက် အဖြစ်ဖြင့် အချုပ် အခြာ
ဖြစ်နိုင်သော ရုပ်ဓာတ်ကား...... (၅) ဟဒယဝတ္ထုခေါ်
"ဟဒယ,, ရုပ်ဓာတ်ပင်တည်း။ ပဋ္ဌ ဝိညာဏ နာမ်
ဓာတ်-၁၀-ပါးတို့မှ တပါးကုန်သော နာမ်-မနော

ဓာတ်, မနောဝိညာဏ ဓာတ်, တို့၏ တည်မှီရာ, ဖြစ်ပေါ်လာရာ, နှစ်လုံးအိမ်အတွင်း၌ တည်ကိန်းနေသော နှစ်လုံးသွေး, နှစ်လုံးသား, တည်းဟူသော “အကြည် ဓာတ်, အခံ ဓာတ်, ကို ဟဒယဝတ္ထု ရုပ်ဓာတ်ဟု, ခေါ်ဆို၏။

ဤ ရုပ်ဓာတ်ကို လောကဓာတ် ဆရာကြီး များက သတ္တဝါတို့၏ ဦးခေါင်း အတွင်း၌ တည်ရှိနေသော ဦးနှောက်ခေါ် ရုပ်ဓာတ် ပစ္စည်းကို ဟဒယဝတ္ထု ရုပ်ဓာတ်ဟု ဆိုကြကုန်၏။ မဟုတ်ချေဟု ဆိုလို၏။ အကြောင်းကား ထိုရုပ်ဓာတ်၏ မူလဓာတ်အိမ် ဓာတ်မ ဓာတ်ခွက် အထည် ကိုယ်မှာ နှစ်လုံးအိမ် အတွင်း၌ တည်ကိန်း နေသော နှစ်လုံးသွေး အကြည် ရုပ်ဓာတ်သာဖြစ်သင့်၏။ ၎င်းဓာတ်ခွက် အမကြီးမှ ဆက်သွယ်လျက် ဦးနှောက် ရုပ်ဓာတ်ခွက်သို့ တဆင့် မရှေး မနှောင်း ကူးပြောင်း ရောက်သွား သည်ကို သတိမမူမိကြ၍ ထိုသို့ ထင်မှတ်ကြဟန်တူ၏။ စင်စစ် အမှန်မှာ ဦးနှောက်သည် “ဟဒယဝတ္ထု,, အကြည် ဓာတ်အိမ် ဓာတ်မ မူလ မဟုတ်လိုက်, မဟုတ်နိုင်ချေ။ လျှပ်စစ် ဓာတ်မီးလုံး တည်းဟူသော ဦးနှောက်ဓာတ်ခွက်မှ မီးရောင် ထွက်ပေါ်လာ ခြင်းသည် ဟဒယ တည်းဟူသော မူလဓာတ်အိမ် ဓာတ်မ အင်ဂျင်စက်က အားပေးသကဲ့သို့ သိသင့်သည်။ မူလ ဟဒယမှ ဦးနှောက် ရောက်သွားသည်ဟုလို။

**မှတ်ရန်။** ။ပြဆိုခဲ့ပြီး ဇီဝိတ နဝက ကလာပ် ရုပ်ဓာတ်-၉-ခုနှင့် ဟဒယဝတ္ထု ရုပ်ဓာတ်-၁-ခု ပေါင်း-၁၀-ခုကို "ဝတ္ထုဒသက ကလာပ်-ဗီရာ, တည်ရာ, အခံဓာတ် ပြဓာန်းသော အပေါင်း ၁-ခု" ဟု ခေါ်ဆိုၾ၏။ (ဆ မှ ၅-အထိ ကလာပ် ၆-ခုတို့ကို အဇ္ဈတ္တိက ရုပ်ဓာတ် ကလာပ်တို့ဟု သိအပ်ကုန်၏။)

## (ဂ) အာရုံဖြစ်သော ရုပ်ဓာတ် ၅-မျိုး။

ဗဟိဒ္ဓသန္တာန်၌ တည်ရှိနေသော အာရုံ ဖြစ်သည့် ရုပ်ဓာတ်-၅-ခုကား...... (၃) ရုပ်သန္တာန် အဆင်း အရောင် အသွေး ဖြူ, နီ, ဝါ, ကြောင်ကြား စသော ဝဏ္ဏ ရုပ်ဓာတ် အမျိုးမျိုးကို "ရူပရုပ်, ရူပါရုံ, အဆင်း ရုပ်ဓာတ်" ဟု ခေါ်၏။ (ခ) အသံအမျိုးမျိုးကို "သဒ္ဒရုပ်, သဒ္ဒါရုံ, အသံရုပ်ဓာတ်" ဟု ခေါ်၏။ (ဂ) အနံ့ အမျိုးမျိုးကို ဂန္ဓရုပ်, ဂန္ဓာရုံ, အနံ့ ရုပ်ဓာတ်" ဟု ခေါ်၏။ (ဃ) အရသာ အမျိုးမျိုးကို "ရသရုပ်, ရသာရုံ, အရသာရုပ်ဓာတ်" ဟု ခေါ်၏။ (င) တွေ့ထိပွတ်ရာ ဝတ္ထု ပစ္စည်း ဖြစ်အမျိုးမျိုးကို "ဖောဋ္ဌဗ္ဗရုပ်, ဖောဋ္ဌဗ္ဗာရုံ, အတွေ့ အထိ ရုပ်ဓာတ်" ဟု ခေါ်၏။ ၎င်းဖောဋ္ဌဗ္ဗ ရုပ်ဓာတ်အရ "ပထဝီ, တေဇော, ဝါယော" ရုပ်ဓာတ်ကြီး ၃-ခု အပေါင်း ရ၏ဟု ဆို၏။ ဤကား အာရုံ ဖြစ်သော ရုပ်ဓာတ်- ၅-ခုတည်း။ ၎င်း ၅-မျိုးကို ဗဟိဒ္ဓရုပ်ဓာတ် ၅-မျိုးဟုဆို၏။ ။

## (ဃ) ဘာဝရုပ်ခေတ် ၂-မျိုး။

သတ္တဝါ ပုဂ္ဂိုလ်တို့၏ အမူအယူ အပြော အဆို အနေ အထိုင် အသွား အလာ အသွင် အပြင် အဆင် စသော သဏ္ဌာန်ဖြင့် သိရသော ရုပ်ခေတ်မျိုး- ၂-မျိုးရှိရာ (၁) ပုရိသဘာဝ ရုပ်ခေတ်—ကြံခိုင်းထမ်းသော အဖို၏ အမူအယူ စသည့် အသွင် သဏ္ဌာန်ဖြင့် သိရသော ရုပ်ခေတ်။ (၂) ဣတ္ထိဘာဝ ရုပ်ခေတ်—နူးညံ့ သိမ်မွေ့ ပျော့ပြောင်းသော အမ၏ အမူ အယူ စသည့် အသွင် သဏ္ဌာန်ဖြင့် သိရသော ရုပ်ခေတ်-၂-မျိုးတို့တည်း။

မှတ်ရန်။ ။ ပြဆိုခဲ့ပြီး ဇီဝိတနဝကကလာပ်ရုပ်ခေတ် ၉-ခုနှင့် ပုရိသဘာဝရုပ်-၁-ခု ပေါင်း-၁၀-ခုအပေါင်းကို "ပုရိသဘာဝဒသကကလာပ်-အဖိုအသွင်သဏ္ဌာန်အဖြစ် ပြခေါ်သော အပေါင်း-၁ခု" ဟု ခေါ်၏။ ဇီဝိတနဝက ကလာပ်ရုပ်-၉-ခု နှင့် ဣတ္ထိဘာဝရုပ်- ၁- ခု ပေါင်း ၁၀-ခု ကို " ဣတ္ထိဘာဝ ဒသက ကလာပ် - အမ အသွင် သဏ္ဌာန်အဖြစ် ပြခေါ်သော အပေါင်း-၁-ခု" ဟုခေါ်၏။

## (င) ဝိညတ်ရုပ်ခေတ်-၂-မျိုး။

သတ္တဝါ ပုဂ္ဂိုလ်တို့၏ လှုပ်ရှားသွားလာ နေထိုင် ပြောဆိုမှု တို့နှင့် ဆိုင်စပ်ရာကို သိစေတတ်သော ရုပ်

ဓာတ်-၂-မျိုးရှိရာ (န) ကာယဝိညာတ် ရုပ်ဓာတ်-ခန္ဓာ ကိုယ်ကာယ ပဋ္ဌကဒြိမ်၏ လှုတ်ရှားခြင်း, သွားလာခြင်း, နေထိုင်ခြင်း, စသော ကိုယ် အမူအရာဖြင့်၎င်း, ကိုယ်နှင့် ဆက်စပ်သဖြင့်၎င်း, သိစေခြင်း, သိရခြင်းသဘောတည်း။ (ပ) ဝစီဝိညာတ် ရုပ်ဓာတ်-ပြောဆို ရယ်မော ပြုံးရွှင်ခြင်း စသော နှုတ်အမူအရာဖြင့်၎င်း, နှုတ်နှင့်ဆက်စပ်သဖြင့်၎င်း, သိစေခြင်း, သိရခြင်း, သဘောတည်း။ ။ဤသည် တို့ကား ထင်လျား ပြခါန်းစွာ "ဖြစ်,ပျက်,,ပေါင်းရ တည်နေခြင်းကို သိရသော ဥပါဒါန် ရုပ်ဓာတ်-၁၉-ခုတို့တည်း။ ထိုမှ ကြွင်းကျန်သော ဥပါဒါန်ရုပ်ဓာတ်-၅-ခုတို့ကား ရှိသေးကုန်၏။ ၎င်းတို့ကား မပြခါန်းမထင်လျားပဲ ထိုထိုရုပ်ဓာတ် ကလာပ်တို့နှင့် ပူးတွဲပေါင်းစပ်၍ သာ ပါဝင် ဖြစ်,ပျက်,သွားကြကုန်သည်။ ။

## (၃) ဓာတ်-၁၈-မျိုး။

ဓာတ်-၁၈-မျိုးကို "ဓာတုဝိဘင်္ဂ, ဓာတုကထာ, ဓာတုယမက,, ကျမ်းဘို့အရ ပြဆိုပါအံ့။ ဓာတ်ဟူသည် မိမိသဘာဝသတ္တိ တန်ခိုးကို တည့်မတ် မှန်ကန်စွာ ဆောင်ခြင်း, ဖော်ထုတ်ပြခြင်း, တို့ပင်တည်း။ ထိုဓာတ်သည် "ရုပ်ဓာတ်, နာမ်ဓာတ်, မိဿကဓာတ်,, ဟူ၍ သရုပ်အပြားအားဖြင့်-၁၈-ပါးရှိကုန်၏။ ။

## (က) ရုပ်ဓာတ်-၁၀-ပါး။

(က) စက္ခုဓာတ်, (ခ)သောတဓာတ်, (ဂ)ဃာန ဓာတ်, (ဃ) ဇိဝှါဓာတ်, (င) ကာယဓာတ်,(ဤကား ပသာဒ အခံဓာတ်ကြည်-၅-ခုတို့တည်း။) (စ) ရူပ ဓာတ်, (ဆ) သဒ္ဒဓာတ်, (ဇ) ဂန္ဓဓာတ်, (ဈ) ရသ ဓာတ်, (ည) ဖောဋ္ဌဗ္ဗဓာတ်, (ဤကား အာရုံဖြစ်သော ဓာတ်-၅-ခုတို့တည်း။)ပေါင်း ရုပ်ဓာတ်-၁၀-ပါးတို့ တည်း။ ၎င်းရုပ်ဓာတ် - ၁၀ - မျိုးတို့၏ အရကောက် လက္ခဏာ သဘာဝ တို့ကို ဥပါဒါန ရုပ်ဓာတ် ဆိုင်ရာ တို့၌ (ဆ) အမှတ်မှ (ဍ) အမှတ်အထိတို့၌ ပြဆိုပြီးခဲ့ တိုင်း သိကြပါကုန်။ ။

## (ခ) နာမ်ဓာတ်-၇-ပါး သဘာဝပြခြင်း။

(က) စက္ခုဝိညာဏဓာတ်- အမြင်အကြည်ဓာတ်၌ အမြဲ မှီကပ် တည်နေလျက် မျက်စိ စိတ်ဖြင့် ရူပါရုံကို သိသော စိတ်နာမ်ဓာတ်, (ခ) သောတဝိညာဏဓာတ်- နားအကြား အကြည် ဓာတ်၌ အမြဲမှီကပ် တည်လျက် နားစိတ်ဖြင့်အသံအာရုံကိုကြားသိသောစိတ်နာမ်ဓာတ် (ဂ)ဃာနဝိညာဏဓာတ်- နှာခေါင်းအနံ့ အနံ့အကြည် ဓာတ်၌ အမြဲမှီကပ်တည်နေလျက် နှာခေါင်း စိတ်ဖြင့် အနံ့ အာရုံကို သိသော စိတ်နာမ်ဓာတ် (ဃ)ဇိဝှါဝိညာ ဏဓာတ်-လျှာ အကြည်ဓာတ်၌ အမြဲ မှီကပ် တည်နေ လျက် လျှာစိတ်ဖြင့် အရသာအာရုံကို သိသောစိတ်နာမ်

ဓာတ် (င) ကာယ ဝိညာဏဓာတ် - ကိုကာယ အကြည်ဓာတ်၌ အမြဲ မှီကပ်တည်နေလျက် ကိုယ်စိတ်ဖြင့် အတွေ့အထိ အာရုံကို သိသောစိတ်နာမ်ဓာတ် (စ) မနောဓာတ် (ဆ) မနောဝိညာဏ ဓာတ်-၂-ခု တို့သည် ဟာဒယ ဝတ္ထုခေါ် ကိုယ်ခန္ဓာ ရင်ချိုင့် အတွင်း နှစ်လုံးသား အကြည်ဓာတ်၌ အမြဲ မှီကပ် တည်နေလျက်စိတ်ကူး တွေးဆ ကြံစည်ခြင်းဖြင့် အာရုံ-၆-မျိုးကိုသိသောစိတ် နာမ်ဓာတ်, ဤဝိညာဏ ဓာတ်-၇-ပါးကား နာမ်ဓာတ် သက်သက်တို့ သာတည်း။ အမှီဓာတ်, အဖြစ်ဓာတ်တို့တည်း။ အမှီကင်းလျက်နာမ်ဓာတ် မဖြစ် နိုင်သည်ကို အထူးသတိ ရှိကြပါကုန်။ ။

## (ဂ) မိဿကဓာတ်-၁-ပါး။

ဓမ္မဓာတ်-ပြဆိုခဲ့ပြီးရုပ်ဓာတ်,နာမ်ဓာတ်တို့မှ ကြွင်းကျန်သော ရုပ်,နာမ်,နိဗ္ဗာန်, ဟူသောသဘာဝဓမ္မကိုပြသောဓာတ်တည်း။ ၎င်းဓာတ် အရကား.... နူးညံ့ သိမ်မွေ့သည့်ရုပ်-၁၆-ခုနှင့်စိတ်ဖြစ်တိုင်းအမြဲအငြဲ အတူတကွယောပေါင်းယှဉ်တွဲ၍ဖြစ်သော ဝေဒနာ,သညာ စေတနာ,စသည်ပြဓာန်းသော စေတသိက် ၅၂ ခုနိဗ္ဗာန်တို့ ဖြစ်ကုန်၏။ ဤဓမ္မ ဓာတ်တို့တွင် အထူးအားဖြင့် စေတသိက်-၅၂-ခု၌ ပါဝင်သော (က) စေတနာ ဟူသည် ၆-ဒွါရ၌ဖြစ်သော-၆-ဝိညာဏ်ဘို့ဖြင့် ယူအပ်သောအာရုံ-၆-မျိုးတို့ကို ယူစေရန်ငှာ, အမှုကိစ္စ ကြီးငယ်,တို့ကို

ဒွါရ-၃-ခုတို့ဖြင့် ပြုလုပ်ရန်ငှ်း, စေ့ဆော် ညွှန်ပြ တိုက်တွန်းပေးတတ်သော သဘာဝ လက္ခဏာရှိသော နာမ်ဓမ္မဓာတ်,တည်း။ ၎င်းကား အရာရာပြုဖွယ် ကိစ္စဟူသမျှတို့၌ ကွပ်ကဲး ကြီးမှူး ဦးစည်း ဥက္ကဋ္ဌကြီးနှင့် တူ၏။ (ခ) ဇီဝိဘဟူသည် (၁) နာမ်ကာယနာမ်ဓာတ် ပေါင်းရတည်နေရာ ဝတ္ထုပစ္စည်း သက်ရှိများကို မပျက် မစီးအောင် စောင့်ရှောက်အုပ်စိုး ထိန်းသိန်းထားခြင်း(၂)ရူပ ကာယ ရုပ်ဓာတ် ပေါင်းရတည်နေရာ ဝတ္ထုပစ္စည်း သက်မဲ့များကို မပျက်မစီးအောင် စောင့်ရှောက်အုပ်စိုး ထိန်းသိမ်းထားခြင်း, (ဂ) နာမ်ဓာတ်,ရုပ်ဓာတ်. ၂-ပါးပေါင်း၍ တည်နေရာ သတ္တဝါ ပုဂ္ဂိုလ်များကို မပျက် မစီး ရလေအောင် စောင့် ရှောက် အုပ်စိုး ထိန်းသိမ်းထားခြင်း, သဘာဝ လက္ခဏာရှိသော နာမ်ဓမ္မ ဓာတ်တည်း။ ၎င်းကား ဥစ္စာစောင့်, ဒရဝန်, ဘဏ္ဍာဝင်နိုး, နှင့်တူ၏။ (ဃ) ဝေဒနာ ဟူ သည်ခံစားခြင်း, (င) သညာ ဟူသည် မှတ်ခြင်း, စသော စေတသိက် သဘာဝ လက္ခဏာ အသီးသီး တို့သည် ဆိုင်ရာ ဆိုင်ရာတို့၌ ကြီးမှူးကာ ဖြစ်ကြကုန်၏။ ဤ၌ များစွာ အရေးမကြီး၍ အကျယ်မပြဆိုတော့ပြီ။

ယခုအခါ "ရုပ်ဓာတ်နှင့် နာမ်ဓာတ်" ၂-မျိုး တို့၏ သိသင့် သိထိုက် သိအပ်ရာ သဘာဝဓမ္မတို့ကို ထိုက်သင့်လျော်စွာ ပြဆိုပြီးခဲ့ လေပြီ။ ထို့ကြောင့် "ကမ္ဘာ လောကဓာတ်ကား အဘယ်သို့ ဖြစ်ပေါ်လာသနည်း ?"

No. 4.

ဟူသော မူလပြဿနာကို ဖြေဆိုရန် အချိန်တန် လေပြီ။
ဤပြဿနာ၏ အဖြေကို ပေးရသော် ဘူတရုပခေါ် "ပ,အာ,ဝါ,တေ" ဟူသော ရုပ်ဓာတ်ကြီး-၄-တွေတို့က ပြုပြင် ပေးသောကြောင့် အဋ္ဌကလာပ် ရုပ်ဓာတ်-၈-ခု အပေါင်း အစုအဝေး အထုအထယ် ကြီးမားခိုင်ခန့်စွာ တည်တန့် နေသည် ဖြစ်၍ ကပ္ပါ လောကဓာတ်ကြီး ဖြစ်ပေါ်လာသည်ဟု ဖြေဆိုရပေမည်။ ။

ကပ္ပါ လောကဓာတ်ကြီးကို ဘယ်ဘာသာ ဘုရားက ဖန်ဆင်း သနည်း? ဖြေ—ဘယ်ဘာသာ ဘုရားကမှ ဖန်ဆင်းမပေး၊ ဖန်ဆင်း၍ ပေးနိုင်သော တန်ခိုးသတ္တိ မရှိချေ၊ ကပ္ပါ လောက ဓာတ်ကြီးကိုဖန်ဆင်းရှင်းပေးနိုင်သူ ရှိနိုင်သည်, ရှိရမည်,ဟု မှတ်ထင် စွဲယူနေမှု လောက၌ရှိသော ဓာတ်သဘာဝတွေကို နားမလည် မသိမှု အပြစ်သာရှိရလိမ့်မည်။

## (၄) ရုပ်ဓာတ်က ကပ္ပါလောကဓာတ်ကြီးကို ပြုပြင်ပေးပုံ။

ကပ္ပါ လောက ဓာတ်ကြီးကို အဘယ် ဓာတ်က ပြုပြင်၍ ပေးသနည်း?
ရုပ်ဓာတ် ကပင် ပြုပြင်၍ ပေးသလော ?
နာမ်ဓာတ်ကပင် ပြုပြင်၍ ပေးသလော ?
ဖြေ......ကပ္ပါ လောက ဓာတ်ကြီးကို ရုပ်ဓာတ် ကသာ ပြုပြင်၍ ပေးနိုင်၏၊ ရုပ်ဓာတ်ကသာ ပြုပြင်၍ ပေး

နိုင်သော အားစွမ်း သတ္တိ တန်ခိုး ကြီးမား၏ နာမ် ဓာတ်များကား ထိုသို့ ပြုပြင်နိုင်သော အားစွမ်းသတ္တိ တန်ခိုး မရှိချေ။ ။

ရုပ်ဓာတ်က ကပ္ပါ လောက ဓာတ်ကြီးကို ပြုပြင် ပေးပုံ "မ, အာ, ဝါ တေ,, ဟူသော မူလ ဓာတ်ကြီး ၄-ပါးတို့တွင် (သို့မဟုတ်) အဋ္ဌကလာပ ဓာတ်-၈-ခု အစု အပေါင်းတို့တွင် "တေဇောဓာတ်,, ခေါ် သည့် "ဥတုဇ ဘေဇော ရုပ်ဓာတ်ကြီးက ,, ဦးစီးချုပ် ပြု လုပ် ကြီးမှူး ကွပ်ကဲ၍ ပြုပြင် လုပ်ကိုင်ပေး၏။ ထို ကြောင့် "ပြုလျှင်တေဇော၊ ပျက်လျှင် တေဇော ဟူ၍ ၎င်း, ဖြစ်လျှင် တေဇော၊ ပျက်လျှင် တေဇော ဟူ၍၎င်း,, ကပ္ပါ ဆိုရိုးစကား ရှိ၏။ ထိုသို့ပင် ဂေါတမ ဗုဒ္ဓ၏ ပညတ်တော်လည်း ရှိ၏။ ပညတ်တော် အတိုင်း ထို စကားကို ပြောဆိုကြ ကုန်၏။

ထိုတေဇောဓာတ်၏ တိုးတက် ကြီးပွား ကြီးမား ထွားကြိုင်း လာအောင် ပြုပြင်လုပ်ကိုင်ပေးမှုကို ဘယ် ဘာသာ ဘုရားကမှ တန်ခိုးတော်ဖြင့် ဖန်ဆင်း ပေး၍ အာဏာဖြင့် စေခိုင်း ပေး၍ ရသည် မဟုတ်။ ကပ္ပါ လောက ဓာတ်ကြီး၌ အမြဲ နိစ္စ ထာဝရ အား ဖြင့် "ဖြစ်, ပျက် ,, ဟူသော ကိစ္စ-၂-ချက် တပ်လျက် သ ဘာဝခန် အတိုင်း တည်ရှိသော "တေဇော,, ဓာတ် ကြီး၏ တန်ခိုး သတ္တိပင် ဖြစ်၏။ အချို့ ဆရာတို့သည် ၎င်း ဓာတ်ကြီး၏ သတ္တိ တန်ခိုး စွမ်းပကားကို မသိ

မြင်ကြ၍ လောက လူသားတို့ မသိနိုင် မမြင်နိုင် မတွေ့
နိုင်သည့် ကောင်းကင် ဘုံနန်း စံ ဘုရားက ဖန်ဆင်း
တည်ထောင် ပြုလုပ် ပေးဟန် ပေးသယောင်ယောင်
လက်ညှိုး ညွှန်ကြ ကုန်၏။ ၍ဖန်ဆင်းရှင် ဘုရား အာ
ထွင်း၌ ငါတို့ ဗုဒ္ဓ ဂေါတမ ဘုရား မပါဝင်ချေ။

ကပ္ပါ လောကခေတ် ကြီးသည့် ပကတိခေတ်သ
ဘာဝ အတိုင်းရှပ်ခေတ်ကြီး-၄-ပါးကြီးမှူးလျက် ရှမ်
ခေတ်၈-ပါးတို့ ပေါင်းရကာ "ဖြစ်ချည့်, ပျက်ချည့်"
သင်္ခါရ ၂-မျိုးဖြင့်သာ တလည်လည် တည်တန့်ခိုင်မြဲ
စွာ သတ္တဝါ အပေါင်းတို့၏ မှီခိုတည်နေရာ ဌာနကြီး
ဖြစ်၏။ သို့စေကာ ရေ, လေ, နေ, ဥတု တို့ကြောင့်
ကုန်းမြင့်ရာ ဒေသမှ တဖြည်းဖြည်း နိမ့်ရာ အရပ် ဒေ
သသို့ စီးဆင်း လာသောကြောင့် သတ္တဝါတို့၏ နေရာ
ဌာန ကျယ်ပျံ့ လာ၏။ တခုတခုသော ကပ္ပါ လောက
ခေတ် မှုကား အစလည်း အသီးသီး ရှိ၏။ အဆုံး
လည်း ရှိ၏ဟု မှတ်ယူသင့်၏။ စ,ဆုံး,ရှိပုံ အကြောင်း
ကား ဘုရားရှင်ပင် ကပ္ပါ လောက ခေတ်စကြာဝဠာ
အနန္တ ရှိကြောင်းကို ဒေဝတာ သံယုတ် ရောဟိတ
နတ်သား ဝတ္ထု၌၎င်း, အခြားသော မဇ္ဈိမ နိကာယ်နှင့်
ဒီဃ နိကာယ်တို့၌ ကပ္ပါ လောက ခေတ်၏ အခြင်း
အရာ ဖြစ်မှု, ပျက်မှု, တည်ရှိ နေမှု, တို့ကို ဟောညွှန်
ပြရာတို့၌၎င်း, များစွာပင် ပါရှိသောကြောင့် တည်း။

ကပ္ပါ လောကခေတ်၏ "စ, ဆုံး" မရှိ၍မဟုတ်၊

ရှိ၏။ သို့ရာတွင် ကပ္ပါ လောကခေတ်၏ စဦးစွာ တည် ထောင် လာမှု ကာလ ပရိစ္ဆေဒနှင့် ပျက်ဆုံးမှု ကာလ ပရိစ္ဆေဒတို့ကို ကာလ အလွန် ရှည်ကြာနေသော ကြောင့် သိနိုင်ခဲ၏။ သိပို့ရန် ဉာဏ် မဂ္ဂနိုင် ဟုသော ဟောညွှန် လေသည်၊ ပျက်စီး သွားလေ ပြီးသော ကပ္ပါ လောက ခေတ် ကြီးကို ပြန်လည် ပြုပြင် ပျိုး ထောင်မှု ကိစ္စသည့် ဘူတရုပ် ခေတ်ကြီး -၄-ပါးတို့၌ ပါဝင်လျက် ရှိသော အလွန် တန်ခိုး သတ္တိ ကြီးမား သည့် ဥတုဇ တေဇော ခေတ်ကြီးပင် တည်း။ ၎င်း ခေတ်ကြီးသည် ကပ္ပါ လောကကြီး၏ မိခင်ကြီး သ ဖွယ် မူလဘူတ ဗီဇ ခေတ်ထူးကြီးပင်တည်း။ ကောင်း တူ, ဆိုးဖက်၊ ဖြစ်တူ, ပျက်ဖက်,, ဖြစ်သော စကြာ ဝဠာ ကုဋေ တသိန်းပင် ပျက်စီး သွားငြားလည်း ထို ပျက်စီးသွားရာ အကျယ် အဝန်းနှင့်အမျှ လေဟာပြင်, လွှင်ပြင်, ကောင်းကင်ပြင်ကြီး ဖြစ်ရှိတည်နေစေကာ မူ ထိုလေဟာပြင်ကြီးနှင့် အမျှ မူလဖြစ်သော ဥတုဇ တေဇောခေတ် မိခင်ကြီးသည် ပျောက်ကွယ် စွန့်လွှတ် သွားခြင်းမရှိပဲ "ဖြစ်လိုက်, ပျက်လိုက်,, ဟူသော ကိစ္စ-၂-ချက် သဘာဝရမှုကို ဆောင်ရွက်လျက် ထိုလေ ဟာပြင်ကြီး တည်း၌ အစဉ် အမြဲ သွားလာ တည်ရှိ နေ၏။ ထိုမိခင်ကြီးသည် လွန်စွာမှ သိမ်မွေ့ နူးညံ့ သည့် အတွက်ကြောင့် လူတို့သည် ၎င်း မိခင်ကြီးကို

မမြင်မတွေ့ နိုင်ပဲး၊ " ကောင်းကင် လေဟာပြင် ,, ဟူ၍ သာ ခေါ်ဆိုနေကြ၏။ ။

**မှတ်ချက်။** ။တေဇောဓာတ်ကြီး-၁-ခုကိုသာ အဓိက ကြီးမှုး၍ ပြဆို ထားသော်လည်း ၎င်းဓာတ်နှင့် အတူ မကွေမကွဲး " ပ, အာ, ဝါ,, ဓာတ်ကြီး-၃-ပါးနှင့် တပေါင်းတည်း ပါဝင်သည့် " ဝဏ်, ဂန်, ရ, ဩ,, ဟူသော ရုပ်ဓာတ် ၄-ပါးတို့သည်း "သဟဇာတ ပစ္စယ သတ္တိ, အညမည ပစ္စယ သတ္တိ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စယသတ္တိ, ဟူသော ပဋ္ဌာန်းနည်းဖြင့် ကျေးဇူး ပြုကာ ပါဝင် တည်ဆောက်ပြုပြင် လုပ်ကိုင် ပေးနေကြ ကုန်သည်သာတည်း ဟူ၍ မှတ်ရမည်။

## (၅) ကပ္ပါလောကဓာတ်ကြီးကိုပဋ္ဌာနပစ္စယသတ္တိဖြင့်ကျေးဇူးပြုတည်နေကြပုံ။

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကော မဟာဘူတော၊ ဒွေ မဟာ ဘူတေ ပဋိစ္စ ဒွေ မဟာ ဘူတာ စသည်ဖြင့် အကျယ် ဝိတ္ထာရ ပဋ္ဌာန နယ ဒေသနာ နည်းများ ဟောထား၏။

ဤဟောညွှန်ချက် သဓေ်ပ နယကို ကပ္ပါလောက

ဓာတ် တည်နေပုံ သိနိုင်ရုံလောက်မျှပင် ဝိတ္ထာရ ချဲ၍ ပြဆိုပါအံ့-တခု, တခု စီသော မဟာ ဘူတ ရုပ်ဓာတ်ကိုစွဲ၍ အကြောင်းတည်ရာ ပြု၍ -၃-ခု, -၃-ခုစီကုန်သော မဟာဘူတ ရုပ်ဓာတ် တရားတို့သည် ဖြစ်ကုန်၏။ -၃-ခု, ၃-ခုစီ ကုန်သော မဟာဘူတ ရုပ်ဓာတ်တို့ကို စွဲ၍ အကြောင်းတည်ရာ ပြုကုန်၍ ၁-ခု,၁-ခုစီသော မဟာဘူတ ရုပ်ဓာတ် တရားသည် ဖြစ်၏။ ၂-ခု, ၂-ခုစီ ကုန်သော မဟာဘူတ ရုပ်ဓာတ်တို့ကို စွဲ၍ အကြောင်းတည်ရာ ပြုကုန်၍ ၂-ခု-၂ ခုစီ ကုန်သော မဟာ ဘူတ ရုပ်ဓာတ် တို့သည် ဖြစ် ကုန် ၏။ မဟာဘူတရုပ် ဓာတ်ကြီး-၄-ခုကို စွဲ၍ အကြောင်းတည်ရာပြု၍ ဥပါဒါန် ရုပ်ဓာတ်-၁-ခုစီငှါး, ဆိုင်စပ်ရာ အများ ပူးပေါင်း၍ ငှါး, ဖြစ်ပေါ် တည်နေကြကုန်၏။

ဤ၌ အကျယ် ဝေဘန်ရန်—ပ, အာ, ဝါ, တေ,ဓာတ်ကြီး -၄-ထွေကို -၁-ခုစီ ပြောင်းလဲ မှုတည်၍ ၃-ခုစီ ပြောင်းလဲ မှုလီ ပြုကာ စက်လှည့်ပြီး အကြောင်း အကျိုး အထောက် အထား ကျေးဇူး ပြုလျက် ဖြစ်ပွားတည်မြဲ နေပုံကိုငှါး, -၃-ခုစီ ပြောင်းလဲ မှုတည်၍ ၁-ခုစီ ပြောင်းလဲ မှုလီ ပြုကာ စက်လှည့်ပြီး အကြောင်း အကျိုး အထောက် အထား ကျေးဇူးပြုလျက် ဖြစ်ပွား တည်မြဲ နေပုံကိုငှါး, ၂-ခုစီ ပြောင်းလဲ မှုလီ ပြုကာ စက်လှည့်ပြီး အကြောင်းအကျိုး အထောက် အထား ကျေးဇူးပြုလျက် ဖြစ်ပွား တည်မြဲ နေပုံကိုငှါး, သံကွင်း

ဆက် နည်းမျိုးဖြင့် စက်လှည့်ကာ ကျေးဇူးပြု၍ တည်တန့် ခိုင်မြဲ နေပုံကို ဥာဏ် မျက်စိ,ဖြင့် တွေ့မြင်နိုင်,သိနိုင်ကြကုန်၏။ ။

ထိုပြင်-၁-ခု, ၁-ခုစီသော မဟာဘူတ ရုပ်ဓာတ် တို့ကို စွဲမှီ၍၎င်း, ၂-ခု, ၂-ခုစီကုန်သော မဟာဘူတ ရုပ်ဓာတ်တို့ကို စွဲမှီ၍၎င်း, ၃-ခု-၃-ခုစီကုန်သော မဟာဘူတ ရုပ်ဓာတ်တို့ကို စွဲမှီ၍၎င်း, ၄ - ခုပေါင်း မဟာဘူတ ရုပ်ဓာတ်တို့ကို စွဲမှီ အကြောင်း တည်ရာ ပြု၍၎င်း, မူလ, မူလီ, အကြောင်း အကျိုး သင့်လျော်သလို ဥပါဒါန် ရုပ်ဓာတ် အကျိုး အမှီ မူလီ တရားတို့သည် ဖြစ်ပေါ် တည်မှီ ကြီးထွား တည်တန့် ခိုင်မြဲ နေကုန်သည်။ သို့စေကာ ဥပါဒါန် ရုပ်ဓာတ် အကုန်လုံး တစုတပေါင်း အစု အဝေးတည်း ဖြစ်ပေါ် လာသည်ဟု မမှတ်ယူသင့်ချေ။ ကြောင်း,ကျိုး, အခွင့်အား လျော်စွာသော ဖြစ်ပေါ် လာသည်ဟု မှတ်။ ဝဏ္ဏ ဒသက ရုပ်ဓာတ် ကလာပ် တည်းဟူသော အကျိုး ဥပါဒါန် ရုပ်ဓာတ်သည် ဖြစ်လာအံ့၊ ဝဏ္ဏ ဒသက ကလာပ်၌ ရှိသော, ပါဝင်သော, "ပ, အာ, ဝါ, တေ" ဟူသော မဟာဘူတ ရုပ်ဓာတ် ကိုသာ စွဲမှီ အကြောင်း အထောက်အပံ့ ပစ္စည်းပြု၍ အကျိုး ဥပါဒါန် ရုပ်ဓာတ်တို့သည် "ဖြစ်" "ပျက်" ဟူသော ကိစ္စ-၂-ချက် တစ်လျက် ဖြစ်ကြကုန်သည်။ ဤသည့် နည်းမျိုးဖြင့် တွင်း ရုပ်ဓာတ် ကလာပ် တို့ကိုလည်း သိကြပါကုန်။ အာရုံ

ဓာတ် ၂ - ခုသည် ဘယ်အခါ၊ ဘယ်ကာလမှ အစုံ ပြိုင်၍ မဖြစ်နိုင် သည်ကို သတိ ပြုမူကြ ပါကုန်။ ဤသို့ သော သဘာဝ သတ္တိ နည်းအားဖြင့် စကြာဝဠာ ကမ္ဘာ လောကဓာတ်တိုက် အနန္တ အသီး သီးတို့ပင် ပဋ္ဌာန နယ ပစ္စယ သတ္တိနည်း ရုပ်ဓာတ် တန်ခိုးဖြင့် ဖြစ်ပွား တိုးတက် ကြီးထွား တည်မြဲ ခိုင်ခန့် နေကြောင်းကို အဘိဓမ္မာ သဘာဝဉာဏ် ထက်သန်သူတို့ သိနိုင်ကုန် ၏။ အဘိဓမ္မာ ဉာဏ် နှင့် သူတို့ကား ကြက်တူရွေး ကြေးမှတ်၊ သာလိကာ၊ တို့ကို စကားသင် သကဲ့ပင် ရှိကုန်ရာသည်။ သက်မဲ့ အရာဝတ္ထု ပစ္စည်း ဖြစ်ပေါ် လာရာ၌ ပဋိစ္စ သမုပ္ပါဒ် နည်းနှင့် လုံးလုံး မသက်ဆိုင် မဆက်စပ်ချေ။ ။

ဤမျှဖြင့် စကြာဝဠာ ကမ္ဘာ လောကဓာတ် တိုက်အ လုံးကို ပြဆိုခဲ့ပြီးသော ပဋ္ဌာန ပစ္စယ သတ္တိ တန်ခိုး နည်းမျိုးဖြင့် ရုပ်ဓာတ်တွေကို သဘာဝ လမ်းမှန် အ ထိုင်း "ဖြစ်လိုက်၊ ပျက်လိုက်" ဖြင့် ပြုပြင်ပေးကာ ကြီး ထွား တိုးတက် တည်မြဲ ခိုင်ခန့်စွာ ရှိနေသည်ကို မြင် ကြပါကုန်၊ သိကြပါကုန်။ ။

ယခု တွေ့မြင် နေကြရသော ကောင်းကင်လေဟာ ပြင်နှင့် ကမ္ဘာ ပျက်ပြီး တည်ရှိနေသော ကောင်းကင် လေဟာပြင်၊ တို့၌ တည်ရှိ သွားလာ ဖြစ်ပျက် နေရ သော ဥတုဇ တေဇော ရုပ်ဓာတ်သည် စကြာဝဠာ

ကပ္ပါ လောက ဓာတ်ကို အနှသယ ဓာတ်ဖြင့် သင့်လျော်သော အခွင့် အကြောင်းတို့ကြောင့် အသစ် တဖန် ပြန်ပြီး ပြုလုပ်ဖန်တည်းရန် အချိန်တိုင်လျှင် ကပ္ပါ မူလ ဘူတ မိခင်ကြီး ဖြစ်သော "ဥတုဇ တေဇော ဓာတ်" အတွင်း၌ မီးဓာတ် အမျိုးမျိုးကို ဖြစ်စေရန်၊ မြေဓာတ် အမျိုးမျိုးကို ဖြစ်စေရန်၊ ရေဓာတ် အမျိုးမျိုးကို ဖြစ်စေရန်၊ လေဓာတ် အမျိုးမျိုးကို ဖြစ်စေရန်၊ ရုပ်ဆင်း သဏ္ဍာန် အမျိုးမျိုးကို ဖြစ်စေရန်၊ ရနံ့ အမျိုးမျိုး ဖြစ်စေရန်၊ အရသာ အမျိုးမျိုး ဖြစ်စေရန်၊ အထောက်အပံ့ အားကူ အမျိုးမျိုးကို ပေးနိုင်သည့် အာစေး ဓာတ်ခေါ် ဩဇာဓာတ် အမျိုးမျိုးကို ဖြစ်စေရန်၊ တော၊ တောင်၊ သစ်ပင်၊ သစ်သီး၊ သစ်ဥ၊ အမျိုးမျိုးကို ဖြစ်စေရန်၊ နေ၊ လ၊ နက္ခတ်၊ ကြယ်၊ တာရာ၊ အမျိုးမျိုးကို ဖြစ်စေရန်၊ ဘုံနန်း ဗိမာန် အမျိုးမျိုးကို ဖြစ်စေရန်၊ ရတနာ ဓာတ်မြတ် အမျိုးမျိုးကို ဖြစ်စေရန်၊ သတ္တဝါပုဂ္ဂိုလ်ဖို၊ မ၊ အမျိုးမျိုးကို ဖြစ်စေရန်၊ သစ်ပင်များကိုပင် "အဖိုပင်၊ အမပင်၊ ဖြစ်စေရန်၊ ဗီဇဓာတ်မျိုးစုံးတို့သည် အစေ့ အစုံ လိုလေသေး မရှိရအောင် ပါဝင်ရှိပြီး ဖြစ်လေသည်။

သစ်ပင်မျိုးတို့တွင် အထူးသဖြင့် သိဖို့ရန် (၁) အပွင့် ပွင့်၍ အသီး သီးသော သစ်ပင်မျိုးသည် "အမပင်မျိုး" တည်း။ (၂) အပွင့်ကား ပွင့်၏။ အသီး မသီးသော သစ်ပင်မျိုးနှင့် အပွင့်လည်းမပွင့် အသီးလည်း

မသီးသော သစ်ပင်မျိုးတို့သည် “ အမိုပင်မျိုး ” တို့တည်း။ ဤကား ဓာတ်-၄-ပါးနှင့် ဓာတ်-၈-ပါးတို့က ထူးခြား ဆန်းကြယ် အံ့ဩဘွယ်ရာ ပြုပြင်ပေးခြင်း တည်း။

စကြာဝဠာ ကမ္ဘာ လောကဓာတ် အသစ် အသစ်တည်ဆောက်တိုင်း ထိုကမ္ဘာ့ မိခင်ကြီးဖြစ်သော ဥတုဇ တေဇောဓာတ်ကြီးမှ မွေးဖွား ထုတ်လိုက်သော ကမ္ဘာ့ အဆောက် အဦး အသီးသီး တို့နှင့် မြက် သစ်ပင် အမျိုးမျိုး, မျိုးစေ့ အမျိုးမျိုးတို့သည်၎င်း, ဗီဇ နိယာမဖြင့် တဆင့်မှ တဆင့်သို့ တိုးတက် ပွားများကာ များစွာဖြစ်လာခြင်း တို့သည်၎င်း, သဘာဝဓမ္မ ဥတုနိယာမ တေဇောဓာတ် မိခင်ကြီးက ဖြစ်ပေးစေခြင်း, ပေါက်ဖွားပေးလာခြင်းတို့ကို ဝိစာရဏ, ဝိမံသ, ဉာဏ်တို့ဖြင့် ပိုင်နိုင်စွာ သိကြပါ။ ဒိဋ္ဌမြင်နိုင်ကြပါသည်။ ထိုမိခင်ကြီးသည် အဝိညာဏက သက်မဲ့ နာမ်ဓာတ် ကင်းမဲ့သည့် အရာဝတ္ထုပစ္စည်း အမျိုးမျိုး တို့ကိုသာ မဟုတ်ပဲ။ သဝိညာဏက သက်ရှိ သတ္တဝါပုဂ္ဂိုလ် အမျိုးမျိုးတို့ ကိုလည်း ပေါက်ဖွား မွေးပေး နေကြောင်းကို သိပါ သိမြင်ကြပါကုန်။ သဝိညာဏက အပိုင်း ကဏ္ဍ၌ ထိုအကြောင်း ထင်ရှားပါပေအံ့။ ။

ဘယ်ဘာသာ ဘုရားမျိုး, နတ်,ဗြဟ္မာ, မျိုးတို့ကမှ ဖန်ဆင်းပေးခြင်း, လာရောက် အားကူပေးခြင်း, တန်

နိုးဖြင့် ဖြစ်ပေါ်စေခြင်း,တို့ မဟုတ်ချေ။ ထိုသို့ ပြုလုပ် အားကူပေးသော ဥတုဇ တေဇောဓာတ်ကို ဘုရားဟု မမှတ်ကြ ကုန်ရာ။ ဓာတ်သဘာဝ နိယာမသည် ဓာတ် သဘာဝ နိယာမပင်တည်း။ ။

## (၆) ကပ္ပါ လောကဓာတ်နှင့် သတ္တဝါတွေကို ဖျက်ဆီးသော ဓာတ်-၃-ပါး။

ကောင်းမွန် ခိုင်ခန့်စွာ ပြုလုပ်ထားပြီးသော စကြာဝဠာ ကပ္ပါ လောကဓာတ်ကြီးကိုင်း, သတ္တဝါပုဂ္ဂိုလ် အနန္တတွေတို့ကိုင်း, ပျက်စီး မြုံကွဲအောင် ပြုလုပ်ခြင်း သည် "အာပေါ, ဝါယော,တေဇော,,-ရေ,လေ,မီး, ဓာတ်ကြီး ၃-ပါးတို့ပင် ဖျက်ဆီးပေ၏။ ၎င်း-၃-ပါး ဓာတ်တို့ ဖျက်ဆီး၍ ပျက်စီးခြင်း ခံနေကြရ သည်မှာ မျက် တွေ့ ကိုယ်တွေ့တို့ပင် ဖြစ်ကြကုန်သည်။ သို့ပင် ဆိုရစေ ၎င်းဓာတ်ကြီး-၃-ပါးသည် ထုးထုး ချွန်ချွန်, လွန်လွန် မင်းမင်း, ဓာတ် တန်ခိုးအား ကြီးမားလာက အဖျက်သမားကြီးတို့ဟု ဆိုရ၏။ တေဇော ဓာတ်ထက် အာပေါ, ဝါယော, ဓာတ်တို့က အဖျက် အားကြီး၏။ အာပေါ ဓာတ်ထက် ဝါယောဓာတ်က အဖျက် အား ကြီး၏။ အဖျက် ဓာတ်-၃-မျိုးတို့တွင် ဝါယောဓာတ် သည် အား အကြီးဆုံး ဖြစ်၏။ ထိုဓာတ်ကြီး-၃-ပါးတို့ ကို အဖျက် ဆရာကြီးတွေချည်း ဟူ၍ မစွဲးယူ အပ် ပေ။ အဖြစ်ဓာတ်, အပြုဓာတ်,တို့၌လည်း ပါဝင်ကူညီ

ကြ၍ သက်မဲ့,,သက်ရှိ,သဏ္ဍာဝါသင်္ခါရတို့၏''ဖြစ်မှု, ပျက်မှု,တို့ကို ဆောင်ရွက် လုပ်ကိုင် ပေးကြသည်ဟု မှတ်ရမည်။ ။

**မှန်ကြားချက်။** ။ စကြာဝဠာ ကမ္ဘာ လောကခေတ် ပျက်စီးသွားရပုံ, ပြန်ပြီး အသစ် အသစ် တည် လာရပုံ, တို့သည် ကျယ်ပွန့်စွာပင် ဟောညွှန် ချက် ရှိကုန်၏။ သို့စေကာ ဤ၌ မလိုအပ်ပေရာ။ ရုပ်ခေတ်တို့၏ သဘာဝ ဓမ္မ အတိုင်း ဖြစ်ပေါ် လာ,ပျက်စီးသွား,သည်တို့ကိုသာ သိစေလိုအပ် သည်။ ထိုကြောင့် ''ဂန္ထဂရု,,ဒေါသကို ပယ် သော အားဖြင့် ဤ၌ အကျယ် မဝေဖန် မပြဆို တော့ပြီ။ သက်မဲ့ ဝတ္ထု ပစ္စည်း အမျိုးမျိုးတို့ ကမ္ဘာ အတွင်း ဖြစ်ပေါ်လာရာ၌ ''ဘယ်ကမ် စေတနာ, စိတ်,မျှ မပါချေ။ ဥတု ဓိဇ နိယာမ ရုပ်ခေတ်တို့ သက်သက်သာ ''ပြုပြင်, ဖျက်ဆီး ပစ်၏။ ။

## (၇) အကြောင်း-၄-ပါးတို့ကြောင့် ဖြစ်သော ရုပ်ခေတ်များ ဗဟိဒ္ဓ ကမ္ဘာ လောက၌ တည်နေနိုင်, မတည်နေနိုင်။

ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ် အာဟာရဇရုပ်, အရား-၄-မျိုးတို့တွင် ဥတုဇ ရုပ်ခေတ် ကလာပ်တွေ

သည် သတ္တဝါ ပုဂ္ဂိုလ် သေဆုံးပြီး နောက်ကာလ၌ ဘုတ်ဆက်ခါ, ဆက်ခါ, ဖြစ်၍ ဆက်ခါ, ဆက်ခါ, ပျက်၍ " ဖြစ်ချည်, ပျက်ချည်,, ဖြင့် ဘုတ်ဆက်ခါ, ဆက်ခါ ကပ္ပါ လောကခေတ် အတွင်း၌ တည်နေ ဖြစ်ပွားနေကြ၏, ဟု ဆိုကြကုန်၏။ ၎င်းကို ယုံကြည် နှစ်သိမ့် ကြကုန်၏။ ထိုနည်းတူ " ကမ္မဇ ရုပ်ခေတ်, စိတ္တဇ ရုပ်ခေတ်, အာဟာရဇ ရုပ်ခေတ်,, တို့သည် ဗဟိဒ္ဓ ကပ္ပါ လောကခေတ် အတွင်း၌ ဘုတ် အဆက်ဆက် ဆက်ခါ, ဆက်ခါ " ဖြစ်လျက်, ပျက်လျက်,, မတည်နေနိုင်သလော?

ဤပြဿနာ၏ ဝိသဇ္ဇနာမှာ လွယ်ကူလှမည် မဟုတ်သော်လည်း အကျဉ်းဆုံး သဘာဝသစ္စ ဥာဏ်မှန်ဖြင့် အဖြေပေးရမူ " ဥတုဇ ရုပ်ခေတ် ဖြစ်ပွား၍ ဆက်ခါ တည်နေနိုင် သကဲ့သို့,, ကမ္မဇ, စိတ္တဇ, အာဟာရဇ ရုပ်ခေတ် -၃- မျိုး တို့လည်း ဗဟိဒ္ဓ ကပ္ပါ လောက၌ ဆက်ခါ, ဆက်ခါ, ဖြစ်ပွားတည်နေနိုင်, ဖြစ်ရှိနေနိုင်သည်ဟု မှတ်ယူရမည်။

ကျယ်ပျံ့စွာ ဝေဖန်ရမူ– " စိတ်, စေတသိက်, ရုပ် နိဗ္ဗာန်,, ဟူသော ပရမတ်-၄-ပါး တို့တွင် " စိတ်နှင့် စေတသိက်, နာမ်ခေတ်,, ပရမတ်-၂-မျိုးကား အဖြစ်တရား, အရှိ တရား, အယူတရား သစ်တ တရား, သက် သက် တို့သာ ဖြစ်ကုန်၏။ ရုပ်ခေတ် ပရမတ်

တရားကား အဇ္ဈတ္တ, ဗဟိဒ္ဓ-ကပ္ပါလောက ဓာတ်၌ အမြဲ ရှိနေသည့်တရား, တည်နေသည့်တရား, အခံဓာတ်တရား, အပေးတရား, သင်္ခတတရား, သက်သက်တို့ဖြစ်၏။ နိဗ္ဗာန် ပရမတ် ဓာတ်မြတ်တရားကား ထို၂-မျိုးသော သဘာဝတို့မှ ရှင်းရှင်း သန့်သန့် လွတ်ကင်း၍ အသင်္ခတ ဓာတ်မြတ်တရား သက်သက် သာတည်း၊ ယင်း-၃-မျိုးသော သဘာဝ သစ္စာဉာဏ်မှန်ကို သဘောကျလျှင်, ထေရဝါဒ, အာစရိယ ပရံပရ မိရိုးဘလာ ဥပါဒါန် အစွဲးကင်းလျှင်, အထက်ပါ ဓိသဇ္ဇနာ အဖြေကို နှစ်သက် ဝမ်းမြောက် ကြည်လင် စွာပင် သဘောတူ လက်ခံနိုင်ကြမည်။ ပရမတ္ထ သစ္စဉာဏ် အမှန်ကိုလည်း ရကြ, ဖြစ်ကြမည်။ ။

ထိုထက်အလွန် "အဇ္ဈတ္တာဝမ္မာ, ဗဟိဒ္ဓါဝမ္မာ, အရ ...... နာမ်ဓာတ်, ရုပ်ဓာတ်, ပရမတ် တရားတို့သည် "အဇ္ဈတ္တနှင့်ဗဟိဒ္ဓ,, ၂-ပါးသော ဌာနတို့၌ တည်ရှိ "ဖြစ်, ပျက်,, -၂-မျိုးလုံးပင် ရှိနေကြောင်းကို အထူးသတိမူရန်ဖြစ်၏။ ၎င်းကို မည်သူမှ ညင်းချက် မရှိပဲ အများပင် လက်ခံကြမည်မှာ မှန်လှ၏။ ဗဟိဒ္ဓ အရ မိမိမှတပါးသော သတ္တဝါ ပုဂ္ဂိုလ် သန္တာန်နှင့် အပြင်ပ ကပ္ပါ လောကဓာတ် -၂-မျိုးကို ရယူနိုင်ကြောင်း သိပို့ရန် လွယ်လှပါ၏။ ဤသို့ မယူလျှင် အပြင်ပ ကပ္ပါ လောကဓာတ်ရှိ ရုပ်ဓာတ် ပရမတ် တရားတွေကို အဘယ် ပုဒ် အရ၌ ထည့်သွင်း ကောက်

ယူရမည်နည်း? ခြွင်းချန် ထားခဲ့ရမည်လော? တိက, ဒုက-မာတိကာ ဓမ္မသင်္ဂဏီနှင့် တိက, ဒုက်, ပဋ္ဌာန်းတို့ကို အနုထောက် သာဓက မှီညမ်း ပြုကြ ကုန်ရာသည်။ ယင်းတို့ကို ထောက်ထားကာ ပရမတ္ထ သစ္စဉာဏ်မှန်ဖြင့် ချိန်ဆကြည့်က "ကမ္မဇ ရုပ်ဓာတ်, စိတ္တဇ ရုပ်ဓာတ် အာဟာရဇ ရုပ်ဓာတ်,, ပရမတ်တို့သည် ဥတုဇ ရုပ်ဓာတ်ကဲ့သို့ ဗဟိဒ္ဓ သန္တာန်နှင့် ကမ္ဘာ လောကဓာတ်၌လည်း အရှိသဘာဝ, တည်မြဲရာ အခံဓာတ် သဘာဝ, တို့ အဖြစ်ဖြင့် 'ဖြစ်, ပျက်, ကိစ္စ-၂-ချက်နှင့် အညီ ဖြစ်နေနိုင် ကြောင်း, တည်ရှိ နေနိုင် ကြောင်း, ဝိသဇ္ဇနာသည့် သဘာဝ ဧကန်မှန်ကြောင်း သက်သေ သာဓကတို့ပင် ဖြစ်သတည်း။

ကဗဠီ ကာရော အာဟာရော ပုဒ်၌ "ကဗဠီကာရ ရုပ်ဓာတ် အစေးကို "အဇ္ဈတ္တ ဓမ္မနှင့် ဗဟိဒ္ဓဓမ္မ,, ၂-ပုဒ်တို့တွင် အဘယ်ပုဒ် အရ ကောက်ယူရမည်နည်း? အဘယ်ပုဒ် အရ ကောက်ယူရန် ဘုရားရှင် ဟောညွှန်သနည်း? ကဗဠီ ကာရ အာဟာရ ဟူသည့် တော, တောင်, သစ်ပင်, သစ်ရွက်, သစ်ပွင့်, သစ်သီး, သစ်စေ့, သစ်ဥ, တို့၌ ပါရှိ တည်နေသော အစေး ရသ ဩဇာ ရုပ်ဓာတ်ပင် မဟုတ်ပါ လော? ကိုယ် အတွင်း၌ ထိုဩဇာဓာတ် မရှိချေ။ ထိုကဗဠီကာရ အာဟာရ ဩဇာ ရုပ်ဓာတ် ကိုယ်တွင်းသို့ ရောက်လာသော အခါ အဇ္ဈတ္တ ရုပ်ဓာတ် ဩဇာအား

ပူးပေါင်း တွဲးစပ်ကာ ကျေးဇူးပြုပေးကြသည် မဟုတ် ပါလော့? အာဟာရ ပစ္စယနိဒ္ဒေသ, ပဒိုနိဒ္ဒေသ, ဝိတ္တာ ရတို့ကို ထောက်ထား သာဓက ပြုကြပါကုန်။ ။

ထိုမြင်''ပ, အာ, ဝါ, တေ, ဓာတ်ကြီး-၄-ထွေတို့သည် '' ဖြစ်, ပျက်,, -၂-ချက် ကိစ္စကို ပြုမြင် ပေးနေမှုကား အလွန် ဆန်းကြယ် အံ့ဘွယ်ရာ ဖြစ်ကုန်၏။ ဓါတ်ကြီး ၄-ပါးတို့တွင် ၁-ပါးငုံး, ၃-ပါးငုံး, ချို့ယွင်းယုတ်လျော့ ၍ ဒိဂရီ မကိုက် ညီခဲ့သော် သက်မဲ့ သစ်ပင်စသော ရုပ်ဝတ္ထု ပစ္စည်း အမျိုးမျိုးတို့နှင့် သဝိညာဏက သက် ရှိ သတ္တဝါ ပုဂ္ဂိုလ် အမျိုးမျိုး တို့သည် ညှိုးနွမ်း ချိနဲ့ ချောက်ကပ် မမာမကြံမ်း အနည်း, အများ, ကောန် မ လွဲး ဒုက္ခ ဆင်းရဲးတို့ကို မချိ မဆန့် ခံစားကြရကုန်၏။ ဓါတ်ကြီး-၄-ပါးစုံ ချို့ယွင်း လာပြီး ဒိဂရီ မကိုက်ညီ ဖြစ်လာကြလျှင် နသသတိ ဝတ ပြုမြင်မရ ပျက်စီးခြင်း သဘာဝ ဓမ္မ သို့သာ ရောက်ကြရ ကုန်မြဲး တို့တည်း။ ဓါတ်ကြီး-၄-ပါးတို့ ''ဖြစ်, ပျက်, ဒိဂရီကိုက်ညီ၍ မျှတ နေမှု ဝိန်းဝိုရှင်လန်း သန်စွမ်း ကျန်းမာ ကြည်ရွှင်စွာ ချမ်းသာသုခ စုံလင်လျက် ရှိကြကုန်၏။ ထိုကြောင့် ထို ဓါတ်ကြီး-၄-ပါးတို့က ပြုမြင်ပေးမှုကြောင့် ယခုခေတ် ပေါ်''ဓါတ်အမျိုးမျိုး, အာကာမြူဓါတ်, ဟိုက်ထရိုဂျင် ဓါတ်,, စသည်တို့ကို ထုတ်ယူကာ လောက သားတို့ ကောင်း, ဆိုး, အမျိုးမျိုးတို့၌ ထူးဆန်း အံ့ဘွယ် အသုံး ပြု၍ နေကြကုန်၏။ ဤသည်တို့ကား ရုပ်ဓါတ် ပစ္စည်း

တို့က လောကသားတို့ အကျိုးခံစားခွင့်ကို ပြုလုပ်ပေးခြင်းသို့သာ ဖြစ်ကုန်သည်။ ဘယ်ဘုရား, ဘယ်သတ္တဝါ ဘယ်စေတနာကမဲ့, တို့ကမှ ပြုလုပ်ပေးခြင်း မဟုတ်ကြောင်း ထင်ရှားလှပေသည်။ ဤအချက်ကို ထောက်ထား၍ ကွန်မြူနစ် ဝါဒီတို့က ရုပ်ဝါဒကို အမွှန်းတင်နေကြကုန်၏။ ကျွန်ုပ်သည် ကွန်မြူနစ်ဝါဒီတို့ ရုပ်ဓာတ်ကို အမွှန်းတင်၍ ပြောဆိုသကဲ့သို့ မဟုတ်ချေ။ ကွန်မြူနစ်ဝါဒီတို့က ခြွင်းချက် မရှိ ရုပ်ဓာတ် ရုပ်ဝါဒကို အမွှန်းတင်ကာ ပြောဆို စွဲယူ မှတ်ထင် နေကြခြင်းသာ ဖြစ်သည်။ ဤကျမ်း ဆရာကမူ ထိုသို့ ခြွင်းချက် မရှိ ပြောဆို စွဲယူခြင်း မရှိချေ။ ။

ကပ္ပါ လောကဒ္ဓ သဝိညာဏက သက်ရှိ, အဝိညာဏက သက်မဲ့, အရေဝဋ္ဌု ရုပ်ဓာတ်, ရုပ်ပစ္စည်း, တို့မှ စတင်၍ သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပွါးလာရခြင်းမျှကို ဆိုလိုရင်း ဖြစ်ပေသည်။ မည်သည့်တန်ခိုးရှင် တဦး တယောက်မျှ သတ္တဝါ ပုဂ္ဂိုလ် တဦးဦး ကိုဋ်း, ရုပ်ဓာတ် ပစ္စည်း သက်သက် တခုခု ကိုဋ်း, ဖန်ဆင်း တည်ထောင် ပြုပြင် ပေးခြင်း မဟုတ်ဟု ကောန် မချ အမှန်ကို ဆိုလိုသည်။ ကပ္ပါ လောကဒ္ဓ ယင်း-၂-မျိုးတို့ ဖြစ်ပွား ပေါ် ပေါက်လာရာ၌ ရုပ်ဓာတ်, ရုပ်ပစ္စည်း ပဓာန ဖြစ်သော်လည်း ဦးဆောင်ရှေ့သွားခြင်း, ပြုလုပ် စီမံခြင်း, ပြုရာ၌ "စိတ္တေန နီယျတေ လောကော" သည့် ဂေါတမ ဗုဒ္ဓ ဟောညွှန်

ချက် အရ နာမ်ပစ္စည်း သည်သာ ပဓာန ဖြစ်ကြောင်း အလွန် ထင်ရှား၏။ ရုပ်ဓာတ်, ရုပ်ပစ္စည်း သက်သက် မည်သို့မျှ အသုံးမကျ၊ အသုံးချ၍ မရ, မလှုပ် မစိမ့် တတ်ချေ။ နာမ်ဓာတ်ပါဝင်မှ အသုံးကျ၏။ အသုံးချရ၏။ ဥပမာ မော်တော်ကား ကိုယ်ထည်ချည်း သက်သက်မျှသည် အသုံးမကျ, ချမရ၊ အင်ဂျင် စက်ပါမှ အသုံးကျ, ချနိုင်သကဲ့သို့တည်း။ မော်တော်ကား ကိုယ်ထည်နှင့် ရုပ်ဓာတ် သက်သက်နှင့်တူ၍ အင်ဂျင်စက်နှင့် နာမ်ဓာတ်နှင့် တူ၏။ ဤကျမ်း သည် သဘာဝ ဓမ္မကို သာပြဆိုခြင်းဖြစ်၏၊ ဝါဒရေးရာ ပြဿနေခြင်း မဟုတ်သောကြောင့် အကျယ် ရှင်းဘွယ် မလိုတော့ပေ။ ။

## (၃) သဝိညာဏက ဓာတ် သတ္တဝါ ခန်း။

စကြာဝဠာ လောကဓာတ်၌ "ဖြစ်, ပျက်" ၂-ချက်ဖြင့် တည်ရှိနေသော အဝိညာဏက-သက်မဲ့ ဝတ္ထုပစ္စည်း ရုပ်ဓာတ်တို့၏ နိယာမ သဘာဝ အစဉ် အလာတို့ကို အကျဉ်းချုပ် သိသာရုံမျှ ပြဆိုပြီး၍ သဝိညာဏက-သက်ရှိ ဓာတ်သတ္တဝါတို့၏ နိယာမ သဘာဝ "ဖြစ်စဉ်, ပျက်စဉ်" တို့ကို ပြဆိုရန် တိုင်ရောက်ပြီးဖြစ်သောကြောင့် လိုရင်းချုပ်၍ သိသာ သိနိုင်ရုံမျှ ပြဆိုရေးသားပေအံ့။

## (၄) သတ္တဝါများအစဖြစ်ပေါ်လာပုံ။

ကမ္ဘာ့လောကဓာတ်၌ သတ္တဝါတွေ ဘယ်မှ စ၍ ဖြစ်ပေါ် ပေါက်ဖွား တိုးတက် လာရသနည်း?

၍ပြဿနာကို အဖြေပေးရန်မှာ လွယ်ကူလှမည် မဟုတ်၊ သို့ပင်တစေ အကျဉ်းချုပ် လိုရင်းကို ထုတ်က “ဥတုဇ တေဇောခေတ် ရုပ်တရား ကြီးသည့်ပင် မူလရင်း ပေါက်ဖွား မွေးထုတ်ပေးသည်ဟု ဆိုလို၏။ ။

**အထူးပန်ကြားချက်။** ။ ရှေးဦးမဆွ အစ ပထမပင် သိမှတ် ထားရန်-ကမ္ဘာ လောက၌ သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပေါ် လာရန် ပဋိသန္ဓေ စွဲယူ ရခြင်း အကြောင်း ၄-မျိုးတို့တွင် (၁) သံသေဒဇ သတ္တဝါ ပုဂ္ဂိုလ် မျိုးကား ခေတ်ဖို, ခေတ်မ, ကင်းလွတ်လျက် “ ဥတုဇ ရုပ်ခေတ် ,, ပခေန သက်သက်က ပြုပြင်ပေးမှု အကြောင်းရင်း ၁-ခုကြောင့်သာ ဖို, မ, သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပေါ် ပေါက် ဖွားလာရ၏။ ၎င်းကား မည်သူမျှ ညင်းဆိုချက် ထွက်ရန် မလို။ (၂) ဂဗ္ဘသေယျကနှင့် အဏ္ဍဇ သတ္တဝါ ပုဂ္ဂိုလ်-၂-မျိုး တို့ကား ဖိုခေတ်, မခေတ်,-၂-ဦးတို့က ပြုပြင်ပေးမှု အကြောင်းရင်း-၃-မျိုး ညီညွတ် ခြင်း ပခေန ရှိမှ ပြည့်စုံမှ ဖို, မ, သတ္တဝါ ပုဂ္ဂိုလ် ပေါ်လာရ၏။ ၎င်းဖြစ်ပေါ်လာနိုင်ဖို့ရန် ကမ္ဘာ လောက၌ သတ္တဝါ ပုဂ္ဂိုလ် တဦးဦး ဖြစ်ပေါ် လာပြီးနောက်မှ ဖို, မ,-၂-ဦး၏ သွေးခေတ်ကို မှီစွဲပြီးမှ ဖြစ်ပေါ်လာရသော သတ္တဝါ ပုဂ္ဂိုလ် ဖြစ်လာကြောင်း ထင်ရှား၏။ (၃) ဩပပါတိက

ပုဂ္ဂိုလ်မျိုးကား အချို့ ကမ်လမ်းနှင့် ဈာန်လမ်း ဥာဏ်လမ်း, တို့မှ ပဓာန အားဖြင့် ဖြစ်ပေါ် လာရသော သတ္တဝါ ပုဂ္ဂိုလ်မျိုး တည်း။ မိ,ဖ, ဓာတ်တို့၏ သွေးကို အမှီသဟဲ မပြုရချေ။ ၎င်း သတ္တဝါ ပုဂ္ဂိုလ်တို့ သည်လည်း ကပ္ပါ၌ သတ္တဝါ ပုဂ္ဂိုလ် တဦး တယောက် ဖြစ်ပွား ပေါ် ပေါက် လာပြီးမှ "ကမ်, ဈာန်, ဥာဏ်,, ကိစ္စ တို့ကို ပြုလုပ်ပြီးမှသာ ဖြစ်ပေါ် လာနိုင်ကြောင်း ထင်ရှားလှ၏။ ထိုသို့ ဖြစ်သောကြောင့်—

ကပ္ပါ သတ္တဝါ အစ ဥတုဇကဟုဂ်း၊

ကပ္ပါ သတ္တဝါ အစ သံသေဒဇကဟုဂ်း၊

ဆိုလျှင် လွဲမှားနိုင်ရန် အကြောင်းမရှိရာ၊ ထိုအခါ သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပေါ် ပေါက်ပွား လာကြရခြင်း၏ အဦး အစကို မတွေ့မြင် မသိနိုင်ကြသေးပင် မရှိကြဦး မည်လော ? တွေ့မြင် သိရှိကြပါပြီဟု တိုက်တွန်းလို၏။ သတ္တဝါ အစရှိ၏ဟုမှတ်၊ သတ္တဝါ အစရှိကြောင်းများ နောက်၌ ထင်ရှားစွာ တွေ့မြင် ဘာသ်ရှုကြရကုန်လတ္တံ့။

သတ္တဝါတို့၏ သဘာဝ နိယာမ ဖြစ်စဉ်ကို ပဋိသန္ဓေ စွဲးယူ တည်နေကြပုံ - ၄ - မျိုးဖြင့် ပိုင်ခြား ဝေဘန်၍ ပဋ္ဌာန်းနည်း ပစ္စယသတ္တိ တို့ဖြင့် ပြဆိုပါအံ့။ ။

## (ဇ) သတ္တဝါ ဖြစ်ပေါ် လာပုံ-၄-မျိုး။

(၁) သံသေဒဇ-ရေ, အပုတ်, အစပ်, အညှိ, မြေ, သစ်ပင်, သစ်ဆွေး, သစ်တုံး, တို့၌ စွဲးမှီ၍ ၎င်းတို့၌

တည့်နေ ပါဝင်သော မဟာဘူတ ရုပ်ခေတ်ကြီး ၄-ပါးကို အကြောင်းပြုကာ တည်နေ၍ ဖြစ်ပေါ် ပေါက်ဖွားလာသော သံသေဒဇ သဏ္ဍာဝါပုဂ္ဂိုလ် အမျိုးမျိုးတည်း။ ။

(၂) ဇလာဗုဇ-မိ, ဖ, -၂-ဦး၏ အရည်ကြည် ခေတ်-၂-ပါးကို စွဲ၍ အကြောင်းပြုကာ တည်နေပြီး ဖြစ်ပေါ် ပေါက်ဖွား လာသော သဏ္ဍာဝါ ပုဂ္ဂိုလ်မျိုး ကို (၁) ဂဗ္ဘသေယျက-အမ၏ ဝမ်းပိုက်တွင်း၌ တည်နေ ကိန်းအောင်းပြီးမှ ပေါက်ဖွား လာသော ဂဗ္ဘသေယျက သဏ္ဍာဝါပုဂ္ဂိုလ် အမျိုးမျိုး (ခ) အဏ္ဍဇ-အမ၏ ဝမ်းပိုက်တွင်း၌ အဥဖြစ်၍ ထွက်ပေါ်လာပြီး ၎င်း အဥမှ ပေါက်ဖွားလာသော အဏ္ဍဇ သဏ္ဍာဝါ ပုဂ္ဂိုလ် အမျိုးမျိုး,ဟု-၂-မျိုးရှိ၏မှတ်။ ။

(၃) ဩပပါတိက-ကိုယ်အင်္ဂါကြီး,ငယ်,ပြည့်စုံစွာဖြင့် ကိုယ်သဏ္ဍာန် ထင်ရှားလျက် ပေါက်ဖွားဖြစ်ပေါ်လာသော ဩပပါတိက သဏ္ဍာဝါ ပုဂ္ဂိုလ် အမျိုးမျိုးတည်း။ ဤ၌မှ အားဖြင့်-၃-မျိုး,အမျိုး ဇာတ်အားဖြင့်-၄-မျိုးဟု ခွဲခြား၍ ပဋိသန္ဓေ စွဲယူ တည်နေကာ ပေါက်ဖွား၍ သဏ္ဍာဝါ ပုဂ္ဂိုလ်တွေ ဖြစ်ပွားများပြောင်း လာကြရပုံကို အကျဉ်းဆုံး နည်းဖြင့် သိမှတ်ကြပါ။ ။

ကမ္ဘာ၌ သဏ္ဍာဝါ ပုဂ္ဂိုလ် ဖြစ်ပေါ်လာပုံ အကျယ် (၁)သံသေဒဇ(က)ရေပုတ်တို့မှ ၎င်းသို့ အောင်ထားသော

ရေတွင်း, ရေကန်, ရေအိုင်, တို့မှင်း, ဖြစ်ပေါ်ပေါက် ဖွားလာသော "ချင်" စသော သတ္တဝါအမျိုးမျိုး (ခ) ဆီနှံ, ဘွက်ပုတ်ရည်တို့မှ, သားပုတ်နှင့် သားပုတ်ရည်တို့မှင်း, သစ်ပုတ်နှင့် သစ်ပုတ်ရည် တို့မှင်း, မစင် ဘင်ပုတ် စသည်တို့မှင်း, ဖြစ်ပေါ်ပေါက်ဖွားလာသော "ပိုးလောက်" ခေါ်သော သတ္တဝါ အမျိုးမျိုး (ဂ) သစ်ရွက် မိန်းတို့မှ ဖြစ်ပေါ် ပေါက်ဖွားလာသော "ဆိတ်တို့ကောင်နှင့် ခူကောင်" ခေါ်သတ္တဝါ (ဃ) ရေကန်, ရေအိုင်, တို့မှ ဖြစ်ပေါ် ပေါက်ဖွားလာသော "ပိုးမဲ့မဲ့ လုံးလုံး စသော ရေပိုးမွှား အမျိုးမျိုးနှင့်, ငါး-ဘား-လောင်း" သတ္တဝါ အမျိုးမျိုး။ ။

ဤတွင် ထူးဆန်း အံ့ဖွယ်ရာ ဖြစ်သော "ငါး, ဘား လောင်း" သတ္တဝါမှာ ကြာမြင့် ကြီးရင့်လာသော အခါ ရှေ့ပိုင်းက "ဘား" သတ္တဝါဖြစ်၍နောက်ပိုင်းက "ငါး" သတ္တဝါ ဖြစ်သွားလေ၏။ သတ္တဝါ-၁-ဦးမှ ဝိညာဏ် ဓာတ်-၂-ခု ကွဲပြီး သတ္တဝါ-၂-မျိုး ဖြစ်သွားရခြင်း ကား အံ့ဖွယ်ရာ အထူးပင် တည်း။ လူဇာတ် ပုဂ္ဂိုလ် မျိုး၌သည်း ဝိညာဏ် ဓာတ်-၂-ခု ကွဲသွားပြီး လူ ၂-ယောက် ဖြစ်နေသည်ကို တွေ့ရဘူး၏။ လိပ်ပျာ ကွဲ သွားသည်ဟု ဆိုကြ၏။ ။

(င) အမှိုက်ပုံ, အမှိုက်သေးတို့မှ "ရင်, ချင်, မှက်" ခေါ်သော သတ္တဝါ အမျိုးမျိုးနှင့် အခြား သတ္တဝါ

အမျိုးမျိုး (စ) ဒိဿရ မှုလီပင် အပွင့်မှ "လိပ်ပြာ,, ခေါ် သတ္တဝါမျိုး (ဆ) ဆင်သမန္တယ်ပင်၏ အညွန့်မှ "မြွေစိန်း,, ခေါ် သတ္တဝါမျိုးတို့ ဖြစ်ကုန်သည်မှာ ထင်ရှား၏။ (ဇ) ဓာတ် နိပါတ်နှင့် ပေါရာဏ ဆရာတို့ စကားအရ (၁) ဝိဋ္ဋမာန သူမသည် မန်ကျည်း ပင်မှ ပေါက်ဖွားသည်။ (၂) ပဒုမ ဝတ်မှုံ သူမသည် ပဒုမ္မာကြာပွင့်တိုက်မှ ပေါက်ဖွားလာသည်။ (၃) ဥဒုမ္ဗရ ဒေဝီ သူမသည် ရေသဖန်းပင်မှ ပေါက်ဖွား လာသည်။ (၄) အမ္ဗ ပါလိကာ သူမသည် သရက်ပင်မှ ပေါက်ဖွားလာသည်ဟု ပြောဆို စကားရှိကြကုန်၏။ (ဈ) မြေဓာတ် အတွင်းမှ "တီကောင်, မိုးလမင်း,, အိကုတ်,, စသော သတ္တဝါ အမျိုးမျိုး (ည) သစ်ပင်, သစ်သားတုံးအတွင်းတို့မှ "မိုးလမင်း,,ခေါ် သတ္တဝါမျိုးနှင့် အခြား သတ္တဝါ အမျိုးမျိုး, (ဋ) ရေဓာတ်နှင့် မြေဓာတ်တို့မှ ဖြစ်သော အမည်နာမ မခေါ်ဆိုနိုင်သော သတ္တဝါ အနန္တတို့လည်း ရှိကြကုန်၏။ ဤပြဆိုခဲ့ပြီးသော အနန္တ အမျိုးမျိုးတို့ ဖြစ်ပေါ် ပေါက်ဖွား လာကြခြင်းသည် မဟာဘူတ ရုပ်ကြီး-၄-ပါးကို စွဲမှီ၍ အကြောင်းပြု၍ ကပ္ပါ လောကဓာတ်၌ ဖြစ်ပေါ် ပေါက်ဖွားလာသော ဖို, မ, သတ္တဝါ အမျိုးမျိုးတို့ ဖြစ်ကြကုန်သည်မှာ အလွန် ထင်ရှားလှ၍ မျက်မြင် ကိုယ်တွေ့ ကိုယ်သိ လင်းပါး စဉ်းစား ဝေဒနာရန် မရှိဖြစ်ကုန်သည်။ ဤသံသေဒဇ ပဋိသန္ဓေမျိုးဖြင့် ဦးစွာအစ ကပ္ပါ

၌ ဖြစ်ပေါ် လာကြကုန်သော သတ္တဝါ အနန္တတို့သည် ကွင်းပြင်၌ ဆင်သွားသကဲ့သို့ပင် အလွန်မှ ထင်ရှားလှ ကုန်သည် မဟုတ်ကြဘုံးလော့? ကပ္ပါ လောကဓာတ်၌ ၎င်းသတ္တဝါ ပုဂ္ဂိုလ် ဖို, မ, အနန္တ မျိုးတွေ ပေါက် ပွား ဖြစ်ပေါ် လာရန် အဘယ်စိတ်, အဘယ်စေတနာ အဘယ်ကံတွေက ပါဝင် ပြုပြင် ပေးပါသလဲ? ပါ စိတ်, ပါစေတနာ, ပါကံတို့မှ မပါချေ။ ဓာတ်ကြီး ၄-ပါးမှ လွဲ၍ ပါအငြိ သဟဲမှု မရှိချေ။ ထိုထို ဖို, မ, သတ္တဝါ ပုဂ္ဂိုလ် ဇာတ်အမျိုးမျိုး အနန္တတွေကို ဦးစွာ အစ ပေါက်ပွား မွေးမြူ ပေးသည်ကား ထိုထို သက်မဲ့ ရုပ်ဓာတ် ပစ္စည်း ကလာပ်တို့၌ ပါဝင် တည်ရှိနေသည့် ဥတုဇ တေဇောဓာတ် မီးခင်ကြီးပင် မဟုတ်ပါလော? ၎င်းမီးခင်ကြီးနှင့် ပေါင်းစပ်ပြီးမှ အာဟာရဇ ဩဇာ ရုပ်ဓာတ် ပစ္စည်းက ကြီးထွား လာအောင် အားကူ ထောက်ပံ့ ပေးသွား၏။ ဓာတ်ကြီးလေးပါးသည်သက် မဲ့ သစ်ပင်မျိုးတို့ကိုပင် " ဖို, မ,, ဖြစ်အောင် ပြုပြင် လုပ်ကိုင် ပေးနိုင်စွမ်းအား ရှိသောကြောင့် သတ္တဝါ ပုဂ္ဂိုလ် သက်ရှိတို့ကို အဘယ်ကြောင့် " ဖို, မ စုံတွဲ ဖြစ်အောင် ပြုလုပ်၍ မပေးစွမ်းနိုင်စရာ အကြောင်း ရှိအံ့နည်း?

ဤသံသေဒဇ သတ္တဝါ ပုဂ္ဂိုလ်မျိုးကို ပဋ္ဌာန်းနည်း ဖြင့် ပြဆိုရသော် "သဟဇာတ ပစ္စည်းသတ္တိမျိုး, အည မည ပစ္စည်း သတ္တိမျိုး အာဟာရ ပစ္စည်း သတ္တိမျိုး

ဝဏ္ဏ၊ ပုရေဇာတ ပစ္စည်းသတ္တိမျိုး, ဝိပါက ပစ္စည်း သတ္တိမျိုး, ဝိပ္ပယုတ္တ ပစ္စည်းသတ္တိမျိုး, တို့ဖြင့် ပဋိသန္ဓေ ပဝတ္တိ-၂-ပါး၌ ထိုက်သင့်သလို ကျေးဇူးပြု အထောက် အပံ့ ပေးနေပုံ ဓမ္မနိယာမကို သိကြပို့ပင်။ ရုပ်ဓာတ်က ရုပ်ဓာတ်အားင်း ရုပ်ဓာတ်က နာမ်ဓာတ်အားင်း, နာမ် ဓာတ်က နာမ်ဓာတ်အားင်း, နာမ်ဓာတ်က ရုပ်ဓာတ် အားင်း, အချင်းခြင်း ရိုင်းပင်းကာ အကြောင်း အကျိုး ကျေးဇူးပြု အထောက်အပံ့ ပေးနေသည်ကို သိကြ, မြင်ကြ, ပါကုန်။ ရုပ်ဓာတ်နှင့် နာမ်ဓာတ် - ၂ - ပါး တို့က သဏ္ဍာဝါ ပုဂ္ဂိုလ်တွေ ကမ္ဘာ လောက၌ တိုး တက်ကြီးထွား ပေါက်ဖွား လာနေကြအောင် နေ့ ည, နာရီ, ပဒ်, ဗိဇနာ, ပြန်, ခရာ, မပြတ် အားလပ် ခွင့် မရှိပဲ အားကူ ရိုင်းပင်း ပြုလုပ် ပေးနေကြပုံကို လည်း သိကြ, မြင်ကြ ပါကုန်။ ပဋ္ဌာန်းနည်း ပစ္စယ သတ္တိကား အသိဉာဏ်, အမြင်ဉာဏ်, ထိမ်မွေ့ ခက်ခဲ နက်နဲ ကျယ်ပျံ့ရှိ၏။ ဤ၌ သိသာနိုင်ရုံမျှ အကျဉ်းဆုံး ပေါင်းရုံး၍ ပြဆိုထားသတည်း။ ။

## (၁၀) ကမ္ဘာ၌ သဏ္ဍာဝါ တိုးပွား များလာပုံ။

ကမ္ဘာ လောကဓာတ်၌ သဏ္ဍာဝါတို့ ဘယ်မှစ၍ ဖြစ်ပေါ် ပေါက်ဖွား တိုးတက် များမြောင် လာရသနည်း?

ဤပြဿနာကို "ဥတုဇ တေဇော ရုပ်ဓာတ်ကပင် ကြီးမှူး ဆုပ်ချုပ်လျက် မူလရင်းမြေးဦးစွာ ကမ္ဘာလော

ကာ၌ ပေါက်ဖွား ပေးသူ မိခင် လက်သယ်တည်း,, ဟု အဖြေ ပေးရန်ပင် ဖြစ်၏။ ကျမ်းစကားပါဠိတော်နှင့် အာဒိကပ္ပ ရသော့ ကျမ်းတို့၌ အထက် ဗြဟ္မာ တိုင်း ပြည် နိုင်ငံတို့မှ ဩပပါတ် ပုထုဇဉ် ဗြဟ္မာများ မြေဆီ မြေနံ့တို့ကို တသ်မက်ခြင်းမာကာ စားတော့ကွယ်လွန်၍ လူ လောက၌ ဥပပါတ် ပဋိသန္ဓေ တည်နေကြသည်မှ စ၍ အဆက်ဆက် တိုးတက် ပေါက်ဖွား လာကြကုန်၏ဟု ဆို၏။ ထို့ကြောင့် "သတ္တဝါ အစ ဗြဟ္မာက,, ဟု အချို့ ဆိုကြကုန်၏။ သို့ဆိုကြကုန်သော်ကာ ကပ္ပါ လောကဓာတ်ကြီး ပျက်သွားပြီးနောက် အသစ် ပြန်တည် သော ကမ္ဘာ၌ "လူဇာတ် သတ္တဝါ အစ ဗြဟ္မာက,, ဟုသာ ဖြစ်ရမည်။ လူဇာတ်ဟူသော အထူး ဂုဏ်ပုဒ် ထည့်က တည့်ကျစွာ မှန်ကန်မည်။ လူ, နတ် အပါယ်, ဘုံဌာနတို့၌ ဖြစ်၍ တည်နေကုန်သော သတ္တဝါ ပုဂ္ဂိုလ် အနန္တ မျိုးစုံတို့သည် ကပ္ပါကြီး ပျက်စီး သွားသည့်အခါ ထိုထို ဖြစ်၍ နေကြကုန်ရာ ဌာနတို့မှ စုတေ ကြကုန်၍ ဗြဟ္မာ လောကသို့သာ သွားရောက် ဖြစ်ကြရကုန်မြဲ ဓမ္မတာ ဖြစ်သောကြောင့်တည်း။ လူပြည် လောက လူ ဇာတ်မျိုးသို့ ပြန်ရောက် လာသူ ပုဂ္ဂိုလ် တို့ကား ဩ ပပါတ် ပုထုဇဉ် ဗြဟ္မာတို့သာ ဖြစ်ကြကုန်၏။ အရိယာ ဗြဟ္မာတို့ကား လူ, နတ်, အပါယ်, ဘုံဌာန, ပုဂ္ဂိုလ် မျိုးဇာတ်တို့သို့ ပြန်မလာ မဖြစ်ကြတော့ချေ။ ဗြဟ္မာ လောက၌ ဖြစ်ကြကုန်သော သတ္တဝါပုဂ္ဂိုလ် တို့ကား

ကပ္ပါလောက၌ ရှေးဦးစွာအစဆုံး ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ မဟုတ်ကြကုန်။ ကပ္ပါ လောက၌ ဖြစ်ဘူးပြီး ပုဂ္ဂိုလ်တို့သာ ဖြစ်ကုန်၏။ အဘယ်ကြောင့် ဈာန် ဘုံလောက ကမ်ဘုံ လောက, ဖြစ်သောကြောင့်တည်း။ ပြဆိုခဲ့ပြီးသော ရုပ်ဓာတ်ကြီး - ၄ - ပါး တို့၏ တန်ခိုး သတ္တိတို့ကြောင့် သတ္တဝါ များစွာ ကပ္ပါ လောက၌ တိုးပွားဖြစ်ပေါ် လာသည်တို့ကို ဆင်ခြင် မိဟန် မတူချေ။ သို့ကြောင့် ဤပေးခဲ့သောအဖြေသည် မှန်သလား? မှားသလော? ဝိစာရဏ, ဝိမံသ, ကိုယ်တွေ့ ကိုယ်မြင်, ကိုယ်သိတို့ပင် မဟုတ်တုံလော? သတ္တဝါ အစဦးစွာ သံသေဒဇမှ ဖြစ်၏။ ဤသည်တို့ပင် သတ္တဝါ ပုဂ္ဂိုလ်တို့၏ အစဖြစ်ခြင်း မဟုတ်ပါလော? လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည် တိုင်းနိုင်ငံတို့မှ လာ၍ သံသေဒဇ သတ္တဝါ မျိုးတွေ ဖြစ်လာနိုင်ကြ ဦးပါမည်လော? ကျယ်ပျံ့စွာ အထူး ဝိမံသ ပြုတော်မူကြပါကုန်။ ။

အို...... လူသားတို့! ဤသံသေဒဇ သတ္တဝါ ပုဂ္ဂိုလ် အနန္တ မျိုးတို့ကို ဘယ်ကပ္ပါ, ဘယ်သံသရာ, ဘယ်ဘုံဌာန, ဘယ်ဘဝ, ဘယ်စိတ်, ဘယ်စေတနာ, ဘယ်ကမ်, ဘယ်ပဋိစ္စ သမုပ္ပါဒ် တရား, တို့ကင်း, ဘယ်ဘာသာဘုရား,, ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်ဝိဇ္ဇာဓိုရ်ကြီးတွေကင်း, ပြုလုပ်ဖန်တည်း ပေါက်ဖွား ပေးသည်ဟူ၍ စွဲယူမှတ်ထင်နေကြကုန်ရန် ရှိကြဦးမည်လော? ကပ္ပါ၌ သတ္တဝါ ပုဂ္ဂိုလ်တွေ ပေါက်ဖွား ဖြစ်ပေါ်လာ

ကြ ကုန်သည်မှာ အစမရှိဟု စွဲးယူ မှတ်ထင် နေရန် ရှိကြ ပါသေး၏လော? ဤသည့် ရုပ်ခေတ် တို့ကပင် ထိုထိုသတ္တဝါ ပုဂ္ဂိုလ် အမျိုးမျိုး အနန္တတို့၏ ဖြစ်ပေါ် လာရခြင်း အဦးအစပင် မဟုတ်ပါလော?

ကပ္ပါ လောက ခေတ်၌ သတ္တဝါ ပုဂ္ဂိုလ် တဦး တယောက် ဟူ၍ အစဦးစွာ ဖြစ်ပေါ်လာပြီးဟုဆိုက နိဗ္ဗာန်တည်းဟူသော အစား ဂဏန်း, အနန္တ ဂဏန်း သို့င်း, အရိယာ-မဂ်, ဖိုလ်, တည်းဟူသော အစား ဂဏန်း, အနန္တ ဂဏန်း, အပါအဝင်သိုင်း, မရရောက် ကြသေး ရှိကုန်သူ သတ္တဝါ ပုဂ္ဂိုလ် အနန္တ တို့သာ သံ သရာနယ် တလျောက်လုံး၌ "ဖြစ်ချည်,ပျက်ချည်,ကူး ပြောင်းချည်,ဖြင့် လက်စ မကုန်ဆုံးပဲ သံသရာ့ ခရီး သည့် ဒုက္ခသည် ဖြစ်၍ အစမမြင် အဆုံးမထင်သူတို့ ဖြစ်ကုန်၏။ သတ္တဝါ ပုဂ္ဂိုလ်များ "အစနှင့် အဆုံး" မရှိ၍ မဟုတ်၊ ရှိ၏။ ကပ္ပါ ကပ္ပါ ကာလ ရှည်ကြာမြင့် စွာ သံသရာ၌ ကျင်လည် သွားလာ ကူးပြောင်း နေ ကြရကုန်၍ သတ္တဝါ ပုဂ္ဂိုလ်တို့၏။ ဖြစ်ပေါ် လာရာ ဦး စွာ အစ သတ္တဝါတို့ကို မသိနိုင်, မမြင်နိုင်, မထင်နိုင်, မရှာနိုင်, သာ ရှိရမည်။ သိ,မြင်, ထင်ရှားရန်, ခဲးခက် သောဟူ၏။ ။

ထိုပြဆိုခဲ့ပြီး သံသေဒဇ သတ္တဝါ ပုဂ္ဂိုလ် အနန္တ တွေကို " ခေတ် သတ္တဝါ,, ရုပ်ခေတ်ကြောင့် ရုပ်ခေတ်

ကို စွဲးမှီတည်ရာ **အကြောင်း**ပြု၍ ကမ္ဘာလောကဓာတ်၌ ဖြစ်ပေါ် ပေါက်ဖွား တိုးတက် လာသော သတ္တဝါပုဂ္ဂိုလ် **အနန္တ** တို့ပင် မဟုတ်ပါတုံလော? ထိုသို့ ဖြစ်ပေါ် ပေါက်ဖွား လာကြကုန်ပြီးမှ သေကုန်ကြ၍ သတ္တဝါ ပုဂ္ဂိုလ် ဓာတ် **အမျိုးမျိုး**တို့သို့ ကူးပြောင်း ဖြစ်သွားကုန်သည်ဟူ သိမှတ်ကြကုန်ရာသည်။ ။

ဦးစွာအစ ပထမဆုံး ဖြစ်လာကြကုန်သည့် သံသေဒဇ သတ္တဝါ အနန္တတို့၌ (၁) **အဖို**သတ္တဝါ, (၂) **အမ** သတ္တဝါ,ဟု "ဖို, မ,,စုံတွဲးလျက်ဥတုဇ ရုပ်ဓာတ်ကပြုပြင် ဖန်ဆင်းပေါ် ပေါက်ဖွား ပေးထားသည်ကို မျက်တွေ့ ကိုယ်တွေ့သိကြကုန်၏။ ၎င်း"ဖို,မ,, ဓာတ်-၂-ပါး တို့ တွဲးစပ်ပြီး အသစ် အသစ် ဖြစ်ပေါ် တိုးတက် ပေါက်ဖွား လာသော သတ္တဝါပုဂ္ဂိုလ်တွေလည်း **အနန္တ** ဖြစ်ကြောင်း ဖြစ်လာနိုင်ကြောင်း ကိုလည်း သိသင့် သိထိုက်သိနိုင်ကြကုန်၏။ ဝိစာရဏာဉာဏ် ဝိတ္တာရ ကျယ်ပွံ့ကြ ကုန်ရာသည်။ ။

ကမ္ဘာလောက၌ သတ္တဝါ ပုဂ္ဂိုလ် အနန္တ သန္ဓေပေါင်းများစွာ တိုးပွားလာသည်မှာ ဦးစွာအစ သံသေဒဇမျိုး အနန္တမှ ပေါက်ဖွားလာပြီးနောက် ဖို, မ, စုံတွဲးကြောင့် (၁) **အဏ္ဍဇ** သတ္တဝါ ပုဂ္ဂိုလ် အသန္ဓေ **အနန္တ** ပထမ **အများ** ဆုံး, (၂) သံသေဒဇ သတ္တဝါ ပုဂ္ဂိုလ် **အနန္တ** ဒုတိယ အများ, (၃) ဂဗ္ဘသေယျက,

တတိယ (၄) ဩပပါတိက စတုဣ အများသာ ဖြစ်ကုန်၍ သဏ္ဍာဝါပုဂ္ဂိုလ်တွေ တိုးတက် ပေါက်ဖွား များပြားလာကြောင်းကို သိသင့်ကုန်ရာသည်။ အထူးအားဖြင့် ဩပပါတိက သဏ္ဍာဝါ ပုဂ္ဂိုလ်မျိုးတို့ကား ဖြစ်ရာ, တည်နေရာ, ကျယ်ပျံ့သလောက် သဏ္ဍာဝါ ပုဂ္ဂိုလ် တိုးပွားခြင်း မရှိချေ။ ၎င်းပုဂ္ဂိုလ်မျိုးအများအားဖြင့် "ဖို, မ,, ရုံတွဲး မရှိသောကြောင့်တည်း။ ။

## (၁၁) သံသေဒဇ သဏ္ဍာဝါ၌ ရုပ်,နာမ်-ခါတ် ဖြစ်ပုံ။

သံသေဒဇ သဏ္ဍာဝါ ပုဂ္ဂိုလ် ဖြစ်ပေါ်လာသည့်ခဏနှင့် အတူပင် ဇီဝိတ နဝက ရုပ်ခါတ် ကလာပ်, စက္ခု ဒသက ကလာပ်, ဃာန ဒသက ကလာပ်, ဇိဝှါ ဒသက ကလာပ်, ကာယဒသကကလာပ်, ဝတ္ထုဒသက ကလာပ်, အားဖြင့် အပေါင်း ကလာပ်-၇-စီး ရုပ်ခါတ်နှင့် ရုပ်ခါတ်သေး-၆၉-ခု တို့သည် တပေါင်းတည်းပေါင်းစုကာ မရှေး မနှောင်း ဝိညာဏ နာမ်ခါတ်နှင့် တကွ ဖြစ်ကြကုန်၏။ ထိုတွင် အမဖြစ်မှု ဣတ္ထိ ဘာဝဒသက ကလာပ်ကို ထပ်ထည့်၍၎င်း, အဖိုဖြစ်မှု ပုရိသဘာဝ ဒသက ကလာပ်ကို ထပ်ထည့်၍၎င်း, ကလာပ် ၈-စီး ရုပ်ခါတ်နှင့် ရုပ်ခါတ်သေး-၇၉-ခု တို့သည် တမြိုင်တည်း ဖြစ်ကြရကုန်၏။ ယင်းသို့ ရုပ်ခါတ်နှင့် နာမ်ခါတ်တို့ ဖြစ်ရှိကြရာ၌ သဏ္ဍာဝါ မျိုးဇာတ်သို့ လိုက်၍

အချို့ကား နေ့ခြင်း, ညခြင်း, အချို့ကား နေ့ရက်ကြာ မြင့်မှ ကြီးထွားလာခြင်းတို့ ရှိကြကုန်သည်။ ။

အထူး အမြဲ မှတ်သားထားကြရန် ပန်ကြားချက်။

ဤသံသေဒဇ သတ္တဝါ ပုဂ္ဂိုလ်မျိုးတို့ကိုသာ သတ္တဝါ တို့၏ အစအဦး ဖြစ်ပေါ် ပေါက်ဖွား လာကြခြင်းကို ရှာဖွေ တွေ့မြင် ကြရ ကုန်၏။ ဇလာဗုဇမှ ဖြစ်သော (က) ဂဗ္ဘသေယျကနှင့် (ခ) အဏ္ဍဇ သတ္တဝါ-၂-မျိုး နှင့် ဩပပါတိက သတ္တဝါ, ပေါင်း-၃-မျိုး တို့ကား အစအဦး ဖြစ်ရာ ဘဝကို ရှာ၍ မရနိုင်, မရသင့်, ဖြစ် ကုန်ရာ၏။ မရှိ၍မဟုတ်။ အကြောင်းကား ထိုပဋိသန္ဓေ ၃-မျိုးကို စွဲးယူ ကုန် သော သတ္တဝါ ပုဂ္ဂိုလ်တို့ ဖြစ် ပေါ်လာကြရခြင်းမှာ ကပ္ပါဦ သတ္တဝါ တဦးတယောက် ဖြစ်ပြီး၍ သေပြီး နောက် ကာလမှ ဝေတ်ဖို, ဝေတ်မ, ၂-ဝိုး တွဲး စပ်ပြီး မှ ဖြစ်ပေါ် လာကြ ရသော သတ္တဝါ မျိုးနှင့် ကမ်လမ်းနှင့် စျာန်လမ်း, ဥာဏ်လမ်း, -၃-မျိုး တို့ကြောင့် ဖြစ်ပေါ် လာကြကုန်သူ သတ္တဝါ ပုဂ္ဂိုလ် မျိုးတို့ ဖြစ်သောကြောင့် တည်း။ ထိုပဋိသန္ဓေ ပုဂ္ဂိုလ် ၃-မျိုးတို့သည် သံသေဒဇပဋိသန္ဓေယူ ပုဂ္ဂိုလ်မှနောက် ဆက်တွဲး တဆင့်ခံ ပဋိသန္ဓေ စွဲးယူ ပုဂ္ဂိုလ်မျိုးတို့ ဖြစ် ကုန်၏။ ဤပြဆိုခဲ့သော ပဋိသန္ဓေ စွဲးယူ ဖြစ်ပေါ်လာ ခြင်းမှတပါး အခြားအကြောင်း ကင်းမဲ့ လျက်ရှိကုန် ၏။ အတိ ဝိမံသ တရ ပြုကြပါကုန်။ နောက်ပြမည့် ပဋိသန္ဓေ ခဏ်းများ၌ ထင်ရှား ဘော်ပြပေအံ့။

## (၁၂) ဂဗ္ဘသေယျက သတ္တဝါ၌ ရုပ်,နာမ်-ဓာတ်ဖြစ်ပုံ။

(၂) ဇလာဗုဇ- (က) ဂဗ္ဘသေယျက ပဋိသန္ဓေ သတ္တဝါ ပုဂ္ဂိုလ်-တိဏ္ဏံ ခေါပန ဘိက္ခဝေ သန္နိပါတာ ဂဗ္ဘဿ အဝက္ကန္တိ ဟောတိ။ ဣဓ မာတာ ပိတရော စ သန္နိပတိတာ ဟောန္တိ, မာတာ စ ဥတုနီ ဟောတိ, ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော ဟောတိ။ ဧဝံ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿ အဝက္ကန္တိ ဟောတိ၊ ။ (မူလပဏ္ဏာသ မဟာတဏှာသင်္ခယ သုတ်။)

ရဟန်းတို့! အကြောင်း-၃-ခု ညီညွတ် ပေါင်းဆုံ တိုက်ဆိုင် ဖြည့်စုံ ကိုက်ညီပါမှ ကမ္ဘာလောက၌ သတ္တဝါ ပုဂ္ဂိုလ် တဦး တယောက် ဖြစ်ပေါ်လာရန် ပဋိသန္ဓေ စွဲယူ တည်နေနိုင်သည်။ အကြောင်း-၃-ခု တို့ကား အဘယ်တို့နည်း? (၁) မိ, ဘ, (ဖို, မ)-၂-ဦးတို့သည် စည်းဝေး ပေါင်းဆုံ သွေး ရောမိခြင်း, (၂) အမိ (အမ)သည် ကိုယ်တွင်း၌ (သားအိမ်တွင်း) တည်ကိန်းခိုအောင်း နေပြီးသော သွေးဟောင်းသွန်ထုတ်ပြီး၍သွေးသစ် ဖြစ်ပေါ် နေဆဲ-၇-ရက် အတွင်းဖြစ်ခြင်း, (၃) ဤ-၂-ပါးသော ကိစ္စ ဖြည့်ညီ၍ "ဂန္ဓဗ္ဗဓာတ်" ခေါ်ရှု ဖြစ်ပေါ်လာခြင်း,ဤ-၃-ခုတို့ပင်တည်း။ (ဂန္ဓဗ္ဗဓာတ် နောက်- ၁၄ - အပိုဒ်၌ ဝေဘန်ပြမည်။) ဤအကြောင်း-၃-ခုတို့ တိုက်ဆိုက် ညီညွတ်လျှင် အမိ၏

(အမ) သားအိမ်အတွင်း၌ ပဋိသန္ဓေ စွဲယူတည် နေနိုင်၏။ သတ္တဝါ ပုဂ္ဂိုလ် တဦး တယောက် ဖြစ်ထွန်း ပေါ်ပေါက် လာနိုင်လေသည်။ ယခုခေတ် သတင်းစာများ အဆိုမှာ-၂-ယောက်မှ-၅-ယောက်အထိလူမများ ဖြစ်ထွန်း ပေါ်ပေါက် မွေးဖွားလာကြသည်ကို ဓာတ်ပုံများနှင့် တကွ တွေ့မြင်ရ၏။ ဤကား အနည်းငယ် အပ္ပကပင်။ ယောဘူယျ အားဖြင့် ဝက်, ခွေး, နှင့် မြွေနားပင်းဝိပ်, သတ္တဝါ မျိုးမှ တပါး အခြားသော သတ္တဝါမျိုးတို့၌-၁-ယောက်နှင့်-၂-ယောက်တို့သာ မွေးဖွားခြင်း ရှိတည်း။

## (၁၃) နာမ်, ရုပ်-၂-ပါးပေါင်း ပဋိသန္ဓေ တည်နေပုံ။

နာမ်ဓာတ်နှင့် ရုပ်ဓာတ်-၂-ပါးတို့သည် အသီး အခြားစီ ပဋိသန္ဓေ တည်နေ သလော? တပေါင်းတည်း တည်နေသလော? (ပဉ္စ ဝေါကာရ ရှည်) နာမ်ဓာတ်ချည်းဖြင့် လည်း ပဋိသန္ဓေ မတည် နေချေ။ ရုပ်ဓာတ်ချည်းဖြင့် လည်း ပဋိသန္ဓေ မတည် နေချေ၊ အဘယ်ကြောင့် နာမ်ဓာတ်, ရုပ်ဓာတ်,တို့သည် အသီးအခြားစီ ပဋိသန္ဓေ မတည်နေ ရသနည်း? နာမ်ဓာတ်နှင့် ရုပ်ဓာတ်-၂-ပါးတို့သည် အချင်းခြင်း အညမည နိဿယ နိဿိတ အဖြစ်ဖြင့် တည်မှီကုန်၍ တပြိုင်နက် တပေါင်းတည်း တခဏ၌ ဖြစ်ကုန်သောကြောင့်တည်း။ ဖမာပြ

သို့ရသော် ကြက်မအား ကလလ ရေကြည် မဖြစ်အံ့၊ အဥ မဖြစ်နိုင်ရာ၊ ကလလ ရေကြည်ဖြစ်မှ အဥ ဖြစ်နိုင်၏၊ ထိုရေကြည်နှင့် အဥ-၂-ခုတို့သည် အချင်းခြင်း တည်မှီကုန်၍ တပြိုင်နက် တပေါင်းတည်း တခဏ၌ အဥ ဖြစ်လာရခြင်းသည် ထင်ရှားစွာ ဖြစ်လာ ရသကဲ့သို့တည်း၊ ထိုတူ ပဋိသန္ဓေ ကလလ၌ နာမ်ဓာတ်ချည်းလည်း မဖြစ်၊ ရုပ်ဓာတ်ချည်းလည်း မဖြစ်၊ နာမ်ဓာတ်နှင့် ရုပ်ဓာတ် ၂-ပါးပေါင်း၍ ဖြစ်သတည်း၊ ‘‘ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာဟု ,, ပဋ္ဌာန်း၌ ဟောညွှန်တော်မူ၏။ ဧက ဝေါကာရ ရုပ်ဓာတ် သက်သက် ချည်းဖြစ်၏၊ စတု ဝေါကာရ နာမ်ဓာတ် သက်သက်ချည်း ဖြစ်၏၊ ဧကဝေါကာရနှင့် စတု ဝေါကာရ ၂-မျိုး၌လည်း ရုပ်ဓာတ် အချင်းခြင်း ကျေးဇူး ပြုပေးပုံ, နာမ်ဓာတ် အချင်းခြင်းကျေးဇူး ပြုပေးပုံ, ပဋ္ဌာန်း၌ ဟောညွှန် ထားသည်။ နာမ်ဓာတ် ရုပ်ဓာတ် - ၂ - စုံလည်းပဋိသန္ဓေ တည်နေ၏၊ တပါးစီသက်သက်လည်း ပဋိသန္ဓေ တည်နေ၏,ဟုသိပြီးပင်။ ဧက ဝေါကာရ နှင့် စတု ဝေါကာရ တို့ကား ငါတွေ့ လက်တွေ့ မဟုတ်ကြကုန်၊ စာတွေ့သာ ဖြစ်ကုန်၏။ ။

## (၁၄) ဂန္ဓဗ္ဗ ဓာတ်၌ သိမှတ်ဖွယ်။

‘‘ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော ဟောတိ ,, အရ ဂန္ဓဗ္ဗ ပုဒ်သည် ကမ္မသုဂ်, ကမ္မယောဂ, ကမ္မဝါစက ပုဒ်တည်း။

ကတ္တုယုဂ်, ကတ္တု ယောဂ, ကတ္တု ဝါစက, ပုဒ္မ ဟုတ်ချေ။ ထိုကြောင့် အမိ၏ ဝမ်းကြာတိုက်၌ ကိန်းခြောင်း ဖြစ်လိုသောသတ္တဝါ ပုဂ္ဂိုလ် ကိုယ်တိုင် လာရောက်ခြင်း ကတ္တုယုဂ် သဘာဝ မဖြစ်နိုင်ရာ, ထိုသို့ မယူဆသင့်ရာ,ဟု သိသင့်၏။ တိုက်ရိုက် ထင်ရှား ဖြစ်ပေါ်လာသည်ကား ကမ္မယုဂ်ဖြစ်သော ‘‘ကလလ,,ခေါ် ပရမာဏုမြူခန့် ရှိသည့် အဆီအကြည် ရုပ်ဓာတ် ကမ္မယောဂ ဖြစ်သည့် ‘‘ကာယ ဒသက ရုပ်ဓာတ် ကလာပ်, ဘာဝ ဒသက ရုပ်ဓာတ် ကလာပ်, ဝတ္ထု ဒသက ရုပ်ဓာတ် ကလာပ်,, ၃-ခု ရုပ်ဓာတ် အသေးပေါင်း-၃၀-ဆယ် ဟူသော ရုပ်ဓာတ် ပစ္စည်းသာ ရှေးဦးစွာ ဖြစ်ပေါ်လာ၏။ ၎င်းကလလခေါ် အဆင်ကြည် ရုပ်ဓာတ် ကလာပ်-၃-ခုသည် ‘‘ ဂန္ဓဗ္ဗ,, ဓာတ်မည်၏။ ပရမာဏုမြူ၏ ပမာဏကို ဂဏ္ဍသေယျက ပုဂ္ဂိုလ် ကြီးထွားလာပုံ ၁၆-ပုဒ္မ ဆိုင်ရာ၌သင်ရှားလတံ့။ ဖို,မ, ၂-ဦး၏ သွေး စပ်မှုရုပ်ဓာတ်ပစ္စည်း-၂-ခုမှ-ကလလ,,ရုပ်ဓာတ် ဖြစ်ပေါ်လာ၏။ နောက်မှ ထိုရုပ်ဓာတ်ကို စွဲမှီ၍ ‘‘မနောဓာတ်နှင့် မနောဝိညာဏ နာမ်ဓာတ်များ,, ပေါင်းစပ်ခါ အတူတကွ ဖြစ်ပေါ် တည်နေလာ၏။ ရေနှင့် နွားနို့ကို စပ်သကဲ့သို့ ရုပ်ဓာတ်နှင့် နာမ်ဓာတ်-၂-ပါး ပေါင်းဆုံ တည်နေ၏။ ပဋ္ဌာန်း နည်း၌ ‘‘ ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ,,စသည့် ပါဠိစနဲအရ ဝိပါက ပစ္စယ သတ္တိ, နိဿယ ပစ္စယ သတ္တိ, အညမည ပစ္စယ သတ္တိ,

သဟဇာတ ပစ္စယ သတ္တိ, နည်းမျိုးတို့ကို ထောက်ရှု မြော်က ပဋိသန္ဓေ ခဏ၌ ဟဒယ ဝတ္ထု ရုပ်ဓာတ် ပစ္စည်းနှင့် ပိပါက် နာမက္ခန္ဓာ နာမ်ဓာတ် ပစ္စည်းများ ကြောင်း, ကျိုး, ပစ္စည်းဆက်သွယ်၍ ဖြစ်နေကြသည် ကို သတိအာထူး ပြုမူကြပါ။ ။

ဂန္ဓဗ္ဗောစ ပစ္စုပ္ပဋ္ဌိတော ဟောတိ ဟူသည် မိ,ဖ, ၂-ဦးတို့၏ သုတ်သွေးရုပ်ဓာတ်ပစ္စည်း- ၂-ခုတို့ပေါင်း ဆုံ ယောစဝ် တွေ့ထိမိကြ သောကြောင့် ဖြစ်ပေါ် လာရသော "ကလလ-ဆီကြည်,, ရုပ်ဓာတ်ပစ္စည်း, (ဝါ) ကလလ အဆီကြည်ဟူသော "ကာယ, ဘာဝ, ဝတ္ထု, ဒသကကလာပ်-၃-ခုရုပ်ဓာတ်ပစ္စည်း ဦးစွာအာ စဖြစ်ပေါ်လာ၏။ မြန်မာ ပြန်ဆိုရသော် "ဂန္ဓဗ္ဗောစ ပစ္စုပ္ပဋ္ဌိတော၊ ကလလ ရုပ်ဓာတ် ပစ္စည်း ဦးစွာ အစ ဖြစ်ပေါ်လာသည် ဟူသော ကမ္မ ယောဂ, ကမ္မယုဂ်, ကမ္မ ဝါစက, ဓာတ်ပစ္စည်းနှင့် လျော်ညီစွာ ပြန်ဆိုမှ သာ ရှင်တော်ဗုဒ္ဓ ပါဝစနနှင့် သဘာဝ ဓမ္မ ဓေကန် မှန်ရာ၏၊ သို့မဟုတ်လျှင် အလွဲလွဲ အချော်ချော် ထင် ရောင် ထင်မှား အယူအဆ လွဲမှားကုန်ရာသည်၊ ။

ဘုရား လောင်းလျာတို့ ဓမ္မတာ ကြည့်ခြင်းကြီး ၅ ပါး တို့တွင် ငါတို့၏ ဂေါတမ ဗုဒ္ဓ လောင်းလျာ နတ်သား သည် မိခင်ဖြစ်ထိုက်သူကိုကြည့်ရာ၌ မယ်တော်မာယာ မိဖုရား ခေါင်ကြီး၏ ဝမ်းကြာတိုက်ခမ်းကို ကြည့်မြင်

ပြီးမှ တာဝတိံသာ နတ်နန်းမှ ရတော့ ရွှေလျှောသေ ခဲ့၍ မယ်တော်မာယာ ကြာတိုက်ခမ်းသို့ လာရောက်၍ ပဋိသန္ဓေ တည်နေသည်ဟု ကျမ်းစကား ပါဠိသွား ကြောင့် "ဂန္တွာ ဖွာစ ပစ္စုပ္ပန္နော ဟောတိ" ပါဠိ အရကို ကတ္တု သတ္တိဖြင့် အလောင်းတော် နတ်သား ကိုယ်တိုင် လာရောက်၍ မယ်မာယာဝမ်း ကြာတိုက် ခမ်း၌ ပဋိသန္ဓေ စွဲးယူလာသည်ဟု ပြောဆိုကြ ကုန်၏။ ။

ဗုဒ္ဓလောင်းလျာသည် မယ်မာယာဝမ်း ကြာတိုက် ခမ်းသို့ လာရောက် ကိန်းဝပ်သည်မှာ မဟုတ်သ လော ? ဟုတ်သလော ? ဟု ပြဿနာ ပေါ်ထွက် လာ၏။ ။

၍ပြဿနာ အဖြေ......ဗုဒ္ဓလောင်းလျာသည် မယ် မာယာဝမ်း ကြာတိုက်ခမ်းသို့ လာရောက် ကိန်း ဝပ်သည်မှာ ဟုတ်မှန်ပါသည်ဟု သမ္မုတိ ပညတ် အားဖြင့် ဝန်ခံရသော်လည်း ကတ္တု သတ္တိဖြင့် နာမ် ခေတ်, ရုပ်ခေတ် တိုက်ရိုက်လာသည် မဟုတ်ဟုဖြေဆိုခဲ့ သော် ဘယ်လိုနည်းဖြင့် လာ၍ ကိန်းဝပ် သနည်း? ဟူသော ပြဿနာ ထွက်ပေါ် လာပြန်၏၊ ဗုဒ္ဓလောင်း လျာသည် သေသော စုတိစိတ် "ဘင်" ခဏနောင် ဖြစ် သော ပဋိသန္ဓေ ဝိညာဏ နာမ်ခေတ်ကား မယ်မာယာ ဝမ်း ကြာတိုက်ခမ်း၌ပင် စွဲးယူ၏၊ တည်မှီ၏။ သို့စွဲးယူ

တည်မှီကာ ဖြစ်သော်ညားလည်း ကတ္တု သတ္တိဖြင့် လာရောက်စွဲယူ တည်မှီသည် မဟုတ်ပဲ။ ကမ္မ သတ္တိ အခံဓာတ်"ကလလ-ဆိုကြည့်„၌အဖြစ်သဘောအနန္တရ ပစ္စယ သတ္တိ, သမနန္တရ ပစ္စယ သတ္တိ, ဥပနိဿယ ပစ္စယ သတ္တိ, ဝတ္ထာ-ရမ္မဏ ပစ္စယသတ္တိ, ပဋ္ဌာန်းနည်း တို့ဖြင့်သာ အာရုံ အကြောင်းကို ယူကာ, တည်မှီကာ ပဋိသန္ဓေ ဝိညာဏနာမ်ဓာတ် ဖြစ်ပေါ် လာရသည်ဟု သာမှတ်။ ပုဂ္ဂိုလ်လည်းမသွား, ရုပ်ဓာတ်လည်းမသွား, နာမ်ဓာတ်လည်း မသွား, မလာ, ဓာတ်ပုံရိုက်ကာ ရုပ်ဓာတ် ကူးဆက်စပ် ပြောင်းလဲသကဲ့သို့မှတ်။ ။

## ပဋ္ဌာနပါဠိ အနည်းငယ် ပြဆိုချက်။

(က) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။ (ခ) တံရူပံ မနောဝိညာဏ ဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။ (ဂ) ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ၊ တံရူပံ မနောဓာတုယာစ မနောဝိညာဏ ဓာတုယာစ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။ (ဃ) ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံခန္ဓံ ပဋိစ္စတယော ခန္ဓာ ဝတ္ထုစ။ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ဝတ္ထုစ။ —ပ— ဝတ္ထုံ ပဋိစ္စ ခန္ဓာ။ (င) ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏံ ခန္ဓာနံ က

မုဋ္ဌာနရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတ ပစ္စယေန ပစ္စယော။ -ပ-ဝတ္ထု ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော။-ပ- ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတ ပစ္စယေန ပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ ဤသို့စသည်ဖြင့် ပဋ္ဌာန်းပါဠိတော်မြတ်ကြီး၌ များစွာ အကျယ် ဝေဖန်ပြီး ဟောညွှန် ထားတော်မူလေသည်။ ထိုကြောင့် ရုပ်ဓာတ်နှင့် နာမ်ဓာတ်-၂-ပါး တို့သည် အချင်းချင်း ပြောင်းလဲပြီး အတူ ပေါင်းလျက် နိဿယ, နိဿိတ, ဖြစ်နေကြပုံကို သိကြပါကုန်။ ပဋိသန္ဓေ ဝိညာဏနာမ်ဓာတ် နိဿိတ, သည် ကလလ ဆိုကြသည့် ရုပ်ဓာတ် နိဿယ၌ အတူ ပေါင်းစပ် ဖြစ်သည်ဟု မှတ်။ ပဋိသန္ဓေဝိညာဏ နာမ်ဓာတ် နိဿိတသည် အခံ ရုပ်ဓာတ် ကမ္ဗကလလ ဆိုကြသည့် နိဿယဓာတ် မရှိက ဘယ်အခါမှ မဖြစ်ပေါ်လာနိုင်ဟုသာ သိမှတ်ကြပါကုန်။ အသူး ရုပ်ဓာတ်ကား အမြဲရှိဘရေး။ နာမ်ဓာတ်ကား အဖြစ်တရား သက်သက် ဖြစ်ကြောင်းကို သိကြပါကုန်။ ဥပမာဖြင့် ပြဆိုရမူ ဆီမီး, ဓာတ်မီးများ ထွန်းညှိသကဲ့သို့ သိရမည်။ မီးထွန်းညှိသော အခါ အလင်းရောင် ဖြစ်လာသည်နှင့် တပြိုင်နက် အမိုက်မှောင် ပျောက်ကွယ်သွားသကဲ့သို့၎င်း, မီးငြိမ်း၍ အမိုက်မှောင် ရောက်လာသည်နှင့် တပြိုက်နက် အလင်းရောင် ပျောက်ကွယ်သွား

သက်ဲ့,သို်,း တည်း။ ထိုပမာတူ ဂန္ဓဗ္ဗ ရုပ်ဓာတ်နှင့် ဝိညာဏ နာမ်ဓာတ် ဖြစ်ပေါ်လာကြပုံကို သိသင့်ကြကုန်၏။ ရုပ်ဓာတ်,နာမ်ဓာတ်-၂-ပါးတို့၏ သတ္တဝါ ပုဂ္ဂိုလ် တို့၌ သဘာဝ မှန်ကို ပထျ၂ာ ချယ်ပျံ့စွာ ဖျံ့၍ သိကြပါကုန်။ ။

## (၁၅) အဏ္ဍဇသတ္တဝါ၏ရုပ်,နာမ်-ဓာတ်ဖြစ်ပုံ။

ဇလာဗုဇ (၁) အဏ္ဍဇ ပဋိသန္ဓေ သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပေါ်လာပုံကား "ဂဗ္ဘသေယျက ပဋိသန္ဓေ တည်ယူ နေသော သတ္တဝါ ပုဂ္ဂိုလ်တို့ကဲ့သို့ အဖို, အမ,-၂-ဦး စုံတို့ ပေါင်းဆုံခြင်း အင်္ဂါလက္ခဏာ-၃-ပါးတို့နှင့် ညီညွတ်ပြည့်စုံမှ ရှေးဦးအစ ကလလ အဥဖြစ်၍ ပဋိသန္ဓေ တည်ယူ နေနိုင်သော သတ္တဝါ ပုဂ္ဂိုလ် မျိုးတို့တည်း။ ၎င်းပုဂ္ဂိုလ်မျိုးကား " ရေ, မြေ, ကောင်းကင် ,, နေ သတ္တဝါတို့ဖြင့် အလွန်-အလွန်အနန္တ များစွာ တွေ့မြင်သိနိုင်ကြကုန်သည်။ ဤဓာတ်သတ္တဝါ ပုဂ္ဂိုလ်မျိုးသည်း ဓာတ်ဖိုနှင့် ဓာတ်မ-၂-စုံ တွဲးပြီးမှ ဖြစ်ပေါ်ပေါက်ဖွား လာကြရကုန်၏။ ။

## (၁၆) ဂဗ္ဘသေယျက သတ္တဝါ ပုဂ္ဂိုလ် ကြီးထွားလာပုံ။

ဂဗ္ဘသေယျက "ဂန္ဓဗ္ဗဓာတ် ကလလ ဆိုကြည့် ရုပ်ဓာတ် ပစ္စည်း ပရမာဏုမြူခန့်ကမှ တိုးတက် ကြီးပွား

ထွားကြိုင်း လာသော "လူ,, ခေါ် သတ္တဝါ ပုဂ္ဂိုလ်၏ ဖြစ်စဉ်ကိုသာ ပဓာန ပြဆိုပါအံ့။ ။လူဇာတ်ဖြစ်သည့် သတ္တဝါ ပုဂ္ဂိုလ်သည် ဦးစွာအစ "ကလလ,, ခေါ် ပရမာ-ဏုမြူခန့် ပမာဏ ရုပ်ဓာတ် ပွည်းမှ တည်နေ ပေါက်ဖွားလာ၏။ ၎င်းကလလ ရေကြည် အဆိ ဓာတ် ကြည်သည့် မည်မျှခန့် ပမာဏ ရှိသနည်း? ဟူသော ပြဿနာ၏ အဖြေမှာ "ပရမာဏုမြူခန့် ပမာဏရှိသည့် ဆိကြည် ရုပ်ဓာတ် ပွည်းတည်းဟု ဝိသုဇ္ဈနာ ထွက်၏။

ပရမာ-ဏုမြူ ပမာဏကို သိနိုင်ရန်-လူဇာတ် ပုဂ္ဂိုလ်တို့၏ ကိုယ်၌ ဝတ်ဆင်ထားသော အဝတ်နှင့် ဦးခေါင်း၌ ဖြစ်ပေါ် ပေါက်ဖွားလျက်နေသော "သန်း,, ခေါ် သတ္တဝါ၏ ဦးခေါင်းရှိ၏။ ထိုသန်းဦးခေါင်း - ၁-ခုကို ၇-ပုံ ပုံ၍ ၁-ပုံခန့်ကို ၁-လိက္ခာမြူခေါ်၏။ ၎င်း-၁ -လိက္ခာကို ၃၆-ပုံ ပုံ၍ ၁-ပုံကို ရထရေဏုမြူ-လှည်းရထားများ သွား၍ ထလာသော မြူမှုန့်-၁-ခုဟုခေါ်၏။ ၎င်းမြူမှုန့် ၁-ခုကို ၃၆-ပုံ ပုံ၍ ၁-ကို "တဇ္ဇာရီမြူ,, ၁-ခု ခေါ်၏။ ၎င်းတဇ္ဇာရီမြူ-၁-ခု ကို-၃၆-ပုံ ပုံ၍ ၁-ပုံကို အဏုမြူဟု ခေါ်၏။ ၎င်းအဏုမြူ ၁-ခုကို-၃၆-ပုံ-ပုံ၍တပုံကိုပရမာဏုမြူ-၁-ခုဟု ခေါ်၏။ ဤပရမာ-ဏုမြူခန့် ပမာဏရှိ ကလလ ရုပ်ဓာတ် ပွည်းမှ စ၍ လူဇာတ် သတ္တဝါ ပုဂ္ဂိုလ် တယောက် လောကသို့ ထွက်ပေါ် ရောက်လာရ၏။ ပရမာ-ဏုမြူ-၁ခုခန့် ပမာဏ ကလလ ဆိကြည် ရုပ်ဓာတ် ပွည်းသည်ပင် "ဂန္ဓဗ္ဗဓာတ်,, မည်၏။ ဦး

စွာအစ ဖြစ်သော "ဂန္တုဗ္ဗဝေတ် ကလလ ဆိုကြည့်ရှုပ်ပ္ပည်းကို စာရေး၍ သာ သိရ၏၊ အားအကြီးဆုံး ဒိဂရိရှိသည့် မှန်ဘီလူးနှင့် ကြည့်သော်လည်း မမြင်နိုင်ချေ၊ ၎င်းဆန်းကျယ် အံ့ဘွယ်သည့် ရှုပ်ဝေတ်-၇-ရက်ခန့်ကြာလျှင် ပကတိ လူတို့ မျက်စိဖြင့် တွေ့မြင်နိုင်သည်၊

အမိ၏ဝမ်းကြာတိုက်ခမ်းသားအိမ်းတွင်း၌ ကလလ ရုပ်ဝေတ်-၁-သတ္တာ.ဟ-၇-ရက်ဖြစ်၏၊ ၎င်းမှ နောက် "အဗ္ဗုဒ-အမြှုတ်" ၁-သတ္တာ.ဟ-၇-ရက် ဖြစ်၏၊ ၎င်းမှနောက် "ပေသိ-အသားတုံး အသွေးတုံးသွေးခဲ" ၁-သတ္တာ.ဟ-၇-ရက်ဖြစ်၏၊ ၎င်းမှနောက် "ဃန အမာခံ အဆိုင် အခဲ အသားတုံး" -၁-သတ္တာ.ဟ-၇ ရက်ဖြစ်၏၊ ၎င်းသားတုံးမှာ ဂေါ် လီလုံး ပုံသဏ္ဍာန်ရှိ၏၊ ၎င်းမှနောက် "ပဉ္စပသာခ ခက်မ ၅-ဖြာ" ၁-သတ္တာ.ဟ-၇-ရက်ဖြစ်၏၊ ဦးခေါင်းနေရာ-၁၊ လက်-၂-ဖက် နေရာ-၂၊ ခြေ-၂-ခု နေရာ-၂၊ အဖု-၅-ခု ထွက်လာ၏၊ ထိုအမိ၏ ဝမ်းတိုက်၌-၅-သတ္တာ.ဟ-ရက်ပေါင်း ၃၅-ရက် ကြာမြင့်စွာ တည်နေလေပြီ၊ ဤကဲ့သို့ ရုပ်ဝေတ် နာမ်ဝေတ် ပ္ပည်း တရားတွေ တိုးတက် ကြီးထွား ရင့်ကြက်၍ လူသတ္တဝါ ပုဂ္ဂိုလ်၏ အင်္ဂါ လက္ခဏာ ကြီး,ငယ်,တို့ ပြည့်စုံစွာ ဖြစ်လာပြီး-၄၂-သတ္တာဟ-ရက်ပေါင်း-၂၉၄- ရက်, ၉-လကျော် ၁၀-လအတွင်း ရောက်လာလေသည်၊ ဤသို့ ရောက်လာသောအခါ အမိ၏ဝမ်း ကြာတိုက်ခမ်းမှ ဗဟိဒ္ဓ ကမ္ဘာ လောက

ဓာတ် အပြင် အလင်းဓာတ်သို့ ခုံဆင်း ထွက်ပေါ်လာ
ရန် အသင့် ပြင်ဆင်ပြီး ရှိခဲ့လေပြီ၊ မွေးဖွား သန္ဓေစင်
လာလေပြီ၊ ဤတွင် အထူးမှတ်ဖွယ်ကား-၇-လခွဲ မွေး
ဖွားက အသက်ရှင်၏၊ ၈-လခွဲ မွေးဖွားက အသက်မ
ရှင်ချေ၊ အချို့က ၈-လခွဲ မွေးဖွားလာသူ အသက်ရှင်
၏ဟု ဆို၏၊ ၉-လ, ၁၀-လ, အသက် ရှင်၏၊ ဤသည်
လျှင် ထူးဆန်း အံ့ဖွယ်ရာတည်း။ ။

ဂဗ္ဘဓာတ် ကလလ ဆိုကြည့် မှစ၍ ရုပ်ဓာတ်နှင့်
နာမ်ဓာတ် ပစ္စည်းများ-၂-ပါးစုံ ပူးတွဲးကာ ဖြစ်ပေါ်
ကြီးထွား၍ လူသဏ္ဍဝါ ပုဂ္ဂိုလ်၏ အင်္ဂါ လက္ခဏာ
ကြီးကြီး, ငယ်ငယ်, တို့နှင့်-၃၂-ပါးကုန်သော ကော
ဋ္ဌာသ အစုအဝေးတို့ ဖြစ်ပေါ်လာရန်, ပြည့်စုံလာရန်,
အားကူပေး၍ ကျေးဇူး ပြုလာသော သတ္တိဓာတ်မှာ
မဟာဘူတ အကျိဖြစ်သော ဓာတ်ကြီး ၄-ပါးနှင့် ၎င်းကို
မှီတွဲ ပူးပေါင်းကာ နေသော ပဓာန အားဖြင့် "အာ
ဟာရ ဩဇာ,အာယု,ဥဿုံ,ဝိညာဏ,,ရုပ်ဓာတ်,နာမ်
ဓာတ်တွေက ရိုင်းပင်း ဝိုင်းဝန်း အားကူ ပေးကာ ကြီး
ထွား၍ လူသဏ္ဍဝါ ပုဂ္ဂိုလ်ဟု အင်္ဂါ လက္ခဏာစုံ ဖြစ်
လာကြရကုန်၏။ ယင်းသို့ ဖြစ်လာရခြင်းမှာ အညမည,
သဟဇာတ, စသော ပဋ္ဌာန်း ပစ္စယ သတ္တိ တန်ခိုးနှင့်
ပဋိစ္စသမုပ္ပါဒ်နည်း သ တ္တိ တ န် ခို း - ၂ -မျိုးတို့က ပူး
ပေါင်းကာ သီးသန့်စီ ကျေးဇူး ပြုပေးခြင်းတို့ကြောင့်
ဖြစ်ကုန်၏။ ။

ဂန္ဓဗ္ဗဓာတ် ကလလ ဆိုကြည် ပရမာ-ဏုမြူမှစ၍ ပေါက်ဖွားလာကြရကုန်သော ဂန္ဓသေယျက သတ္တဝါ ပုဂ္ဂိုလ်တို့မှာ အမျိုး အနွယ် ဓာတ်အားဖြင့် မတူ ထူးခြားစွာ ရှိကုန်၏။ ၎င်း ပုဂ္ဂိုလ်မျိုးမှာ အမျိုး အနွယ် ဓာတ်အလိုက် အမိဝမ်း၌ ကိန်းအောင်းနေကြရခြင်း ဖွားမြင် လာကြရခြင်း, နေ့,ရက်,လ,တို့ကား ခြားနားသောလက္ခဏာများကို ပေါ် ပြလျက် ရှိကြကုန်၏။ ။

## (၁၇) အဏ္ဍဇ သတ္တဝါ ကြီးထွား လာပုံ။

ဂန္ဓဗ္ဗဓာတ် ကလလ ဆိုကြည် ပရမာ-ဏုမြူမှအစပြု၍ ဖြစ်ရသော ''အဏ္ဍဇ-အဥ,,မှဖြစ်သော သတ္တဝါ ပုဂ္ဂိုလ် အနန္တတို့လည်း များစွာ ရှိကြကုန်သေး၏၊ ထိုပုဂ္ဂိုလ်မျိုးတို့လည်း ပြဆိုခဲ့ပြီးသော မဟာဝေဒလ္လ သုတ်လာ ပဋိသန္ဓေ ပေး,ယူ, အင်္ဂါ-၃-ချက်နှင့် ညီညွတ်ပြည့်စုံမှသာ ပဋိသန္ဓေ စွဲယူ တည်နေနိုင်ကြောင်း သိရမည်။ ကလလ ရေကြည် ဓာတ်မှ '' အဥ,, ဖြစ်၍ အမိဝမ်း၌ တည်နေပြီးမှ အမြင် လောကသို့ '' အဥ,, အဖြစ်ဖြင့်ပင် ထွက်လာပြီးမှ အာယု, ဥသ္မာ, တေဇော ဓာတ်ငွေ့ကို ရယူ၍ သတ္တဝါ အမျိုး အနွယ် ဓာတ်အလိုက် ကိုယ်အင်္ဂါ လက္ခဏာ ပြည့်စုံစွာဖြင့် ပေါက်ဖွား လာကြကုန်၏၊ ၎င်းပုဂ္ဂိုလ် မျိုးလည်း ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပါဒ်နည်း တို့ဖြင့် ကျေးဇူး ပြုပေး ခြင်းကြောင့် ကြီးထွား လာကြရပုံတို့ကို သိကြ ပါကုန်၊ အဥ,မှ

ပေါက်ဖွား လာကြကုန်သော ပုဂ္ဂိုလ်တို့မှာလည်း အများဆုံး အနန္တပင်။ တဦး,နှင့် တဦး,တမျိုးနှင့် တမျိုး လည်း မတူကြကုန်ချေ။ ။

## (၁၈) ဩပပါတိက သတ္တဝါ၏ ရုပ်,နာမ်-ခေတ် ဖြစ်ပုံ။

ဩပပါတိက ပဋိသန္ဓေ တည်နေသော သတ္တဝါ ပုဂ္ဂိုလ် မျိုးကား- ရုပ်ခေတ် နှင့် နာမ်ခေတ်-၂-မျိုးစုံရှိ ကိုယ် အင်္ဂါ လက္ခဏာ ကြီး, ငယ်, တို့နှင့် ပြည့်စုံစွာ "ရိုးတိုးကျော ဖြေကိုယ်ကဲ့သို့,,တခဏ အတွင်း၌ အသက် ၁၈-နှစ်ရွယ်ရှိ, ၂၀-ရွယ်ရှိ, လူပုဂ္ဂိုလ် ကဲ့သို့ ဖြစ်ပေါ် ပေါက်ဖွား လာသော သတ္တဝါ ပုဂ္ဂိုလ်မျိုးတည်း။ ထို ပုဂ္ဂိုလ် မျိုးကို မတွေ့ မြင်ဘူးချေ။ သုတ စာတွေ့ပင် ဖြစ်၏။ လူ, နတ်, ဗြဟ္မာ, နဂါး, ပြိတ္တာ, အသူရကာယ် ငရဲသား, သတ္တဝါ ပုဂ္ဂိုလ်မျိုးတို့သည် ထိုပဋိသန္ဓေဖြင့် တည်ယူ နေသည်ဟု ဆိုကြရ ကုန်၏။ ထိုပုဂ္ဂိုလ် မျိုး တို့တွင် လူ, အချို့သော နတ်, နဂါး,ပြိတ္တာ, အသူရ ကာယ်,တို့သည် အဖို, အမ,-မျိုး ရှိကြကုန်၏။ နတ်အချို့, ဗြဟ္မာ, ငရဲသူ, တို့မှာ အဖို သက်သက်သာဖြစ် ကုန်၏။ ထိုပုဂ္ဂိုလ်မျိုးတို့ နေရာဌာနသည့် ကပ္ပါလောက၌ အကျယ်ပျံ့ဆုံး, အများဆုံး,ပင် ဖြစ်သတည်း။

အထူး သတိ မူကြရန် —— အို...... လူသားတို့! ကပ္ပါ လောကခေတ် ၌ မူ အားဖြင့်- ၃ -မျိုး , ဓာတ် အားဖြင့်

၄-မျိုးတို့ဖြင့်ပဋိသန္ဓေ စွဲယူ တည်နေကာ ပေါက်ဖွား တိုးတက် များပြား လာကုန်သူ ကပ္ပါသူ, ကပ္ပါသား, ခေတ်သတ္တဝါပုဂ္ဂိုလ်အပေါင်းတို့ကား အဓိခေတ်, ဆမ ခေတ်, စုံတွဲ သတ္တဝါပုဂ္ဂိုလ် ဖြစ်ပေါ်လာလျှင် အတိုး ဂဏန်း, အပေါင်း ဂဏန်း, အမြှောက် ဂဏန်းတို့သာ ဖြစ်ကုန်၏။ အနှုတ် ဂဏန်း, အစား ဂဏန်း မပါရှိချေ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နယ် အတွင်း၌ ဖြစ်၏။ကပ္ပါ လောက၌ သတ္တဝါပုဂ္ဂိုလ်အလုံးစုံ ဖြစ်ပေါ် ပေါက်ဖွား လာသူမှန်သမျှ အရဟတ္တဖိုလ်ရဟန္တာ အရိယာဇာတ် သို့ တိုင်ရောက်မှ ကပ္ပါလောကခေတ်မှ ထွက်မြောက်, သံသရာမှ လွတ်မြောက်သည့် အနှုတ်ဂဏန်း, အစား ဂဏန်း နိဗ္ဗာန်ခေတ်, အသင်္ခတ ခေတ်စစ်သို့ ကူးပြောင်း ရောက်နိုင်ကြကုန်မည်။ သို့မှ နိရောဓနယ်သို့ ရောက်၍ ဝဋ်ကျွတ်ပြီ,လွတ်ပြီ,ဟု သိကြပါ။ ကပ္ပါလောကခေတ် အတွင်း၌ "ဖြစ်ချည်, ပျက်ချည်,, ဖြင့် နာမ်နှင့် ရုပ် ခေတ်-၂-မျိုး စုံတွဲတွဲလျက် တိုးတက် ပေါက်ဖွား နေ ကြကုန်သူ သတ္တဝါ အနန္တ ပေါင်း များစွာ ရှိသော ကြောင့် သတ္တဝါ ပုဂ္ဂိုလ် အတိုးများ၏။ အနှုတ် ဂဏန်း နှင့် အစား ဂဏန်း အတွက်မှာ မပြောပလောက် အ လွန်နည်းပါးစွာ ရှိကုန်သည်။ ။

## (၁၉) အရိယာ ပုဂ္ဂိုလ်များ ပဋိသန္ဓေ စွဲယူပုံ။

အရိယာဇာတ် အနွယ်သို့ ပေါက်ရောက် အောင်

မြင်ပြီး ပုဂ္ဂိုလ်တို့သည် အာဘယ် ပဋိသန္ဓေမျိုးဖြင့် စွဲးယူတည်နေသနည်း?

အရိယာ ဇာတ် အနွယ်သို့ ပေါက် ရောက် အောင် မြင်ပြီးသော အောက် မိုလ်ပုဂ္ဂိုလ်-၃-ယောက် တို့သည် "ဩပပါတိက,, ခေါ် ဥပပါတ် ပဋိသန္ဓေ မျိုးဖြင့်သာ စွဲးယူတည်နေကြကုန်၏။ အရဟတ္တမိုလ်ပုဂ္ဂိုလ်ဖြစ်လျှင် ပဋိသန္ဓေ ယူနေဘွယ် မရှိချေ။ စုတိဆုံးက အာသက်တ နိဗ္ဗာန် သုခ ချမ်းသာကို ခံစားပြီး ဖြစ်၍ ဇုဝ်ဝေတ် က လာဝ်-၈-ခုသာ ကြွင်းကျန်တော့သည်။ ။

## (၂၀) ပဋိသန္ဓေစွဲယူရာပုဂ္ဂိုလ် ပြောင်း,မပြောင်း။

ပဋိသန္ဓေ တည်နေ စွဲးယူသော ပုဂ္ဂိုလ်သည်ပစ္စုပ္ပန် ဘဝမှ ဘဝ သစ်သို့ ကူးပြောင်းသလော? မကူးပြောင်း သလော? လူဟောင်းပင် လော? လူသစ် လော? ဝိညာဏ် ဟောင်းသော? ဝိညာဏ်သစ်လော?

ပစ္စုပ္ပန် ဘဝဟောင်းမှ မကူးပြောင်းချေ။ အာဘယ် ကြောင့် မကူးပြောင်းပဲ ဘဝသစ်၌ ပဋိသန္ဓေ စွဲးယူ တည်နေ နိုင် သနည်း? ဥပမာဖြင့် ပြပါအံ့။ လူတဦး တယောက်သည် မီးခွက် တခုမှသည် တခုသို့ မီးကူးပြောင်း ထွန်းညှိအံ့။ မူလ မီးဟောက်ဟောင်းမှမီးသည် မီးခွက် သစ်သို့ပြောင်းရွှေ့ ပါသွားသလော? မပါသွားချေ။ ဤ

နည်းတူ ပစ္စုပ္ပန် ဘဝဟောင်း၌ ဖြစ်,ပျက်, တည်ရှိနေသော ရုပ်ဓာတ်နှင့် နာမ်ဓာတ် ဟောင်းတို့သည် ဘဝသစ် ပဋိသန္ဓေသို့ ရွှေ့ပြောင်း ပါသွားခြင်း မရှိ။ ဘဝသစ်၌ ပဋိသန္ဓေ ဝိညာဏ် နာမ်, ရုပ်သစ်ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်နည်း,ပဋ္ဌာန်းနည်းဖြင့်ကျေးဇူးပြုပေးခြင်းသာ ဖြစ်၏။ ကျေးဇူး ပြုပုံ—ပစ္စုပ္ပန် ဘဝ စေတနာ မီးခွက်တောက်ဟောင်း သင်္ခါရသည့် စုတိနောက် မီးတောက်သစ်တည်း ဟူသော ပဋိသန္ဓေ ဝိညာဏ် ရုပ်, နာမ်, သစ်ဖြစ်ရ၏။ သင်္ခါရပစ္စယာ ဝိညာဏံ အနန္တရ, ကမ္မပစ္စယသတ္တိစသည့်,ဟူ၏။ သို့ကြောင့် သဝသစ်သို့ မကူးပြောင်းပဲ ဝိညာဏ်သစ်သာ ဖြစ်၏။

လူဟောင်း, လူသစ်,ဟု မဆိုရချေ။ ။

## (၂၁) ဝိညာဏဓာတ် ဖြစ်စဉ်။

ပဉ္စဝိညာဏဓာတ် ဖြစ်၍ မနောဝိညာဏဓာတ်ဖြစ်သလော? မနော ဝိညာဏ ဓာတ် ဖြစ်၍ ပဉ္စ ဝိညာဏဓာတ် ဖြစ်သလော?

အကြင်အခါ စက္ခု ဝိညာဏ်စိတ်ဓာတ်ဖြစ်၏။ ထိုအခါမနောဝိညာဏ် စိတ်ဓာတ်လည်း ဖြစ်၏။ ယင်းသို့ဖြစ်ရာ၌ စက္ခုဝိညာဏ် မျက်စိ အသိစိတ် ဖြစ်ပြီးနောက်မှ မနော ဝိညာဏ် ဟဒယ၌ အသိစိတ် ဆက်ဖြစ်လျက်ဖြစ်၏။ ထိုအတူ နား အသိစိတ်ဓာတ်, နှာခေါင်း အသိစိတ်ဓာတ်, လျှာ အသိစိတ်ဓာတ်, ကိုယ် အသိစိတ်ဓာတ်

တို့ ဖြစ်ပြီးနောက်မှ မနောဝိညာဏ် ဟဒယဌ်အသိစိတ် ဓာတ် ဆက်စပ်လိုက်၍ ဖြစ်၏။ ။

ဤသို့ စိတ်ဓာတ် သဘာဝ-၂-မျိုးတွဲလျက် ပေါင်းလျက် မရှေးမနှောင်း ဖြစ်ရခြင်းမှာ "နိန္နတ္တာ, ဒွါရတ္တာ, စိဏ္ဏတ္တာ, သဓုဒ္ဓါ စရိတတ္တာ,, ဖြစ်သောကြောင့်တည်း။ မနော ဝိညာဏ် ဟဒယဌ် အသိ စိတ်ဓာတ် ဖြစ်ပြီး နောက်၌ ပဉ္စဝိညာဏ် မျက်စိ စိတ်ဓာတ်စသော-၅-မျိုး တို့မဖြစ်ကုန်၊ ၎င်းကို ခွဲ၍ပြအံ့။ ။

(၁) နိန္နတ္တာ-စီးဝင် နိမ့်ချိုင်းရာ ဖြစ်သောကြောင့် ပဉ္စ ဝိညာဏဓာတ်နှင့် မနော ဝိညာဏဓာတ်-၂-ပါးတို့၏ ဖြစ်ရခြင်း ပုံပမာ-မိုးလ်ရွာသွန်းသည်ရှိသော် မိုးရေသည် ချိုင်းဝှမ်း နိမ့်ရာ အရပ်သို့ စီးဆင်းသွားသကဲ့သို့ နောက်ထပ် ရွာသွန်းသော မိုးရေလည်း ထိုချိုင်းဝှမ်းနိမ့်ရာ အရပ်သို့သာ သွားကြရမြဲ ဓမ္မတာ ဖြစ်ကုန်၏။ ထိုနည်းတူ ရှေးဦးစွာရွာသွန်းသော မိုးရေသည် နောက်ရွာ လတ္တံ့သော မိုးရေအား " ငါသည် အကြင်လမ်းဖြင့် ဦးစွာ သွားလင့်မည်။ အသင်သည် နောက်မှ ထိုခရီးလမ်းဖြင့် လိုက်လာလှည့်ဟု,, စေခိုင်းပြောဆိုမှာထားခဲ့သည် မဟုတ်။ နောက်မှ မိုးရွာ၍ စီးဆင်းသော ရေကလည်း "အသင်ဦးစွာ ရွာသော မိုးရေသည် အကြင် ခရီးလမ်းဖြင့် ဦးစွာ သွားလင့်၊ ငါနောက်မှ ထိုခရီးဖြင့် လိုက်လာခဲ့မည်,,ဟု စေခိုင်း

ပြောဆိုမှာကြားထားသည် မဟုတ်။ ဓမ္မတာ သဘာဝ အတိုင်း ချိုင်းဥမ်း နိမ့်ရာ အရပ်သို့ စီးဆင်းသွားကြ ကုန်သကဲ့သို့ ထိုနည်းတူ ဦးစွာ အာရုံကို ယူကြကုန် သော မျက်စိ, နား, နှာ, လျှာ, ကိုယ်ဟူသော ပဉ္စ ဝိညာဏ် ခတ်တို့ကလည်း ဟဒယ မနောဝိညာဏ် ခတ်ကို မစေခိုင်း၊ ဟဒယ မနောဝိညာဏ် ခတ် ကလည်း ပဉ္စ ဝိညာဏ်ခတ်တို့ကို မစေခိုင်း။ အချင်း ခြင်း ဓမ္မနိယာမ ''ဖြစ်စဉ်, ပျက်စဉ်,, အတိုင်းသာ ပဉ္စ ဝိညာဏ်ခတ်တို့ ဖြစ်ပြီးနောက်မှ ဟဒယ မနော ဝိညာဏ်ခတ်တို့ လိုက်၍ ဖြစ်ကြရကုန်သည်။ ။

(၂) ဒွါရတ္တာ-အကြောင်းတန့်ခါးဖြစ်သောကြောင့် ပဉ္စ ဝိညာဏ်စိတ်ခတ်နှင့် မနော ဝိညာဏ်စိတ်ခတ် ၂-မျိုးတို့၏ ဖြစ်ရခြင်း ပုံပမာ—ပစ္စန္တရဇ် ဖြစ်သော မြို့,ရွာ,နိဂုမ်း,ဇနပုဒ် တို့၌ လူတို့ ထွက်,ဝင်,သွား,လာ, ရန် တန့်ခါး မကြီး ရှိ၏။ ထိုတန့်ခါးမဖြင့် ဦးစွာ ထွက် သွားသူတို့က '' အသင်တို့သည် ငါတို့ ထွက်သွားသည့် တန့်ခါးမ ရှိ၏။ ထို တန့်ခါးမဖြင့် အသင်တို့ လိုက်၍ ထွက်ကြဟု,, မစေခိုင်း။ မြို့,ရွာ,အတွင်း ရှိနေသူတို့က လည်း '' အသင်တို့ ဦးစွာ အကြင် တန့်ခါးမဖြင့် ထွက် ၍ သွားနိုင်ကြ။ ငါတို့ ထိုတန့်ခါးမဖြင့် ထွက်၍ လိုက် လာခဲ့မယ်ဟု,, မစေခိုင်း။ မြို့,ရွာ,နေ လူတို့ ဓမ္မတာ သ ဘာဝ အတိုင်း ထွက်,ဝင်,သွား,လာ,နေကြကုန်၏။ ထို နည်းတူ ဦးစွာ အာရုံကို ယူကြကုန်သော '' မျက်စိ, နား

နှာ, လျှာ, ကိုယ်,, ဟု ဆိုအပ်ကုန်သော ပဉ္စ ဝိညာဏ် ခေတ် တို့ကလည်း ဟာဒယ မနော ဝိညာဏ်ခေတ် ကို မစေခိုင်း။ ဟာဒယ မနော ဝိညာဏ် ခေတ်ကလည်း ပဉ္စ ဝိညာဏ်ခေတ် တို့ကို မစေခိုင်း။ အချင်းခြင်း ဓမ္မ နိယာမ "ဖြစ်စဉ်, ပျက်စဉ်,, အတိုင်းသာ ပဉ္စ ဝိညာဏ် ခေတ်တို့ ဖြစ်ပြီးနောက်မှ ဟာဒယ မနောဝိညာဏ်ခေတ် တို့ လိုက်၍ ဖြစ်ကြကုန်မြဲးဖြစ်၏။ ။

(၃) ဝိဇ္ဇာတ္တာ-ကျင့်လည်ရာ ဖြစ်သောကြောင့် ပဉ္စ ဝိညာဏ်ခေတ်နှင့် မနော ဝိညာဏ်ခေတ်-၂-ပါးတို့၏ ဖြစ်ရခြင်း ပုံပမာ—တမြို့မှ တမြို့သို့, တနယ်မှ တ နယ်သို့, သွားလာရန် လှည်း, ကား, ရထား, လမ်း များ ရှိကြကုန်၏။ ထိုလမ်းများသို့ ရှေးဦးစွာ သွားကြ ကုန်သော လှည်း, ကား, ရထား, တို့က ငါတို့ ဦးစွာ သွားနှင့်မည်။ အသင်တို့ နောက်မှ လိုက်လာ ကြကုန် ဟု မစေစား။ နောက်မှ လိုက်သွား ကုန်သော လှည်း, ကား, ရထား, တို့ကလည်းအသင်တို့ ဦးစွာ သွားလင့် ကြကုန်။ ငါတို့နောက်မှ လိုက်ပါလာခဲ့မည်ဟု မစေ စား။ မိမိတို့ ကိစ္စ အားလျော်စွာ သွားလာ နေကြကုန် ၏။ ထိုနည်းတူ ဦးစွာ အာရုံကို ယူကြကုန်သော "မျက် စိ,နား,နှာ, လျှာ, ကိုယ်,, ဟူသော ပဉ္စ ဝိညာဏ်ခေတ် တို့က ဟာဒယ မနော ဝိညာဏ်ခေတ်တို့ကို မစေစား။ ဟာဒယ မနောဝိညာဏ်ခေတ်တို့က ပဉ္စ ဝိညာဏ်ခေတ် တို့ကို မစေစား။ အချင်းခြင်း ဓမ္မ နိယာမ ဖြစ်စဉ် အာ

တိုင်း "ဖြစ်ချည့်, ပျက်ချည့်,, ဖြင့်သာ ပဉ္စ ဝိညာဏ် ဓာတ်တို့ ဖြစ်ပြီး နောက်မှ လိုက်ပါ၍ ဟဒယ မနော ဝိညာဏ်ဓာတ်တို့ ဖြစ်ကြရကုန်မြဲ ဖြစ်ကြ၏။ ။

(၄) သမုဒ္ဒါ စရိတဏ္ဍာ-ကောင်းစွာ လေ့ကျင့်ပြီး ဖြစ်သောကြောင့် ပဉ္စဝိညာဏ်ဓာတ်နှင့် မနောဝိညာဏ် ဓာတ် - ၂-ပါးတို့၏ ဖြစ်ရခြင်း ပုံပမာ-ဂဏန်း သင်္ချာ အရေအတွက် အရေးအသားသည့် ရှေးက လေ့ကျက် ခဲ့ပြီး ဖြစ်သောကြောင့် အဆောတလျင် လတ်တလော ပင် တွက်ချက် ရေးသားရန် မနှံ့နှေး, မခဲးခက်သကဲ့ သို့ ထိုတူပင် အကြင်အခါ၌ ရူပါရုံစသော အာရုံ-၅- ပါးကို စက္ခုဝိညာဏ် စသည်တို့က ယူကုန်၏။ ထိုအခါ ထိုအာရုံ-၅-ပါးကို ဟဒယ မနောဝိညာဏ်က လိုက်၍ ယူလေသည်။ ဤသို့ ယူကြရာ၌ ဦးစွာ အာရုံကို "မျက်စိ နား, နှာ, လျှာ, ကိုယ်,, ဟူသော ပဉ္စ ဝိညာဏ်ဓာတ်တို့က ဟဒယ မနောဝိညာဏ်ဓာတ်ကို လိုက်၍ ယူရမည်ဟု မစေခိုင်း။ ဟဒယ မနောဝိညာဏ်ဓာတ်ကလည်း ပဉ္စ ဝိညာဏ် ဓာတ်ကို မစေခိုင်း။ အချင်းခြင်း ဓမ္မနိယာမ ဖြစ်စဉ် အတိုင်းသာ ပဉ္စဝိညာဏ်ဓာတ် ယူပြီးနောက် မှ ပဉ္စာရုံကို လိုက်၍ ယူကြရကုန်မြဲတို့တည်း ။

ကပ္ပါလောကဓာတ်၌ ရုပ်ဓာတ်တွေ ဆက်ခါ ဆက် ခါ ဖြစ်, ပျက်, တည်နေနိုင်သကဲ့သို့ ဝိညာဏ ဓာတ် တွေကော မတည်နေနိုင်ကြဘူးလော?

ကပ္ပါ လောကဓာတ်၌ ရုပ်ဓာတ်တွေ တည်မြဲ နေ နိုင်သကဲ့သို့ ဝိညာဏဓာတ်တွေ ဆက်ခါ ဆက်ခါ ဖြစ်, ပျက်,လျက် မတည်နေနိုင်ချေ။ အဘယ်ကြောင့် ဝိညာဏဓာတ်တို့ကား "အဖြစ်တရား, အမှီတရား, အာရုံယူတရား,,တို့ သက်သက်သာ ဖြစ်သောကြောင့်တည်း။

## အဖြစ်, အမှီ, အာရုံယူ-တရားဖြစ်ပုံ။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မံ(ကမ္မဘဝ) ကမ္မတော စက္ခုံ ဇာယတိ၊ ဧဝ-မေတိဿာယ သန္တတိယာ အတ္ထိ အင်္ဂော၊ သောတံ, ဃာနံ, ဇိဝှါ, ကာယဉ္စ ပဋိစ္စ—ပေယျာလ—မနံစ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မံ(ကမ္မဘဝ)။ ကမ္မတော စက္ခုံ ဇာယတိ၊ ဧဝ-မေတိဿာယသန္တတိယာ အတ္ထိ အင်္ဂော၊ ဤပါဠိဖြင့် ပဝတ္တိ အခါ၌ အဇ္ဈတ္တ, ဗဟိဒ္ဓ, သန္တာန်ရှိသော ရုပ်ဓာတ်နှင့် နာမ်ဓာတ် ၂-ပါးတို့ သံသရာလည်နေပုံ, ပဋိစ္စသမုပ္ပါဒ် ဆက်စပ်ကျေးဇူးပြု၍ ဖြစ်, ပျက်, နေကြပုံ, ကိုပြ၏။ ။

ဤပါဠိစနဖြင့် ပဉ္စ ဝိညာဏ်ခေါ်သော "မျက်စိ, နား,နှာ,လျှာ,ကိုယ်-စိတ်,,အသိနာမ်တို့သည်ငုံး,မနော

ဝိညာဏဓာတ် ဟဒယ အသိစိတ်တို့သည်၎င်း, အပေါင်းပါ နာမ်တရား ဟူသမျှတို့သည်၎င်း, အနုဿတ္တ, ဗဟိဒ္ဓ, ရှိ ရုပ်ဓာတ်တရားတို့ကို ဖြစ်ရာ, တည်, မှီရာ, အာရုံယူရာ, ရရှိကြမှ, '' အဖြစ်တရား, အတည်တရား, အမှီတရား, အစွဲတရား,, အာရုံကို အယူတရား, သက်သက်တို့သာ ဖြစ်ပေါ်လာကြောင်း ထင်ရှားကုန်၏။ ။

အကျယ်ချဲ့ဦးအံ့—(၁) မျက်စိ အကြည် ရုပ် ဓာတ်နှင့် ရူပါရုံ ရုပ် ဓာတ် ပစ္စည်း - ၂ - ခုကို စွဲးမှီ တည်ကာ အာရုံကို ယူ၍ မျက်စိ အသိစိတ် နာမ်ဓာတ် ဖြစ်၏။နား အကြည် ရုပ်ဓာတ်နှင့် အသံ သဒ္ဒါရုံ ရုပ်ဓာတ် ပစ္စည်း ၂-ခုကို စွဲးမှီ တည်ကာ အာရုံကို ယူ၍ နား အသိ စိတ် နာမ်ဓာတ် ဖြစ်၏။ (၃) နှာခေါင်း အကြည် ရုပ် ဓာတ်နှင့် အနံ့ ဂန္ဓာရုံ ရုပ်ဓာတ် ပစ္စည်း-၂-ခုကို စွဲးမှီ တည်ကာ အာရုံကို ယူ၍ နှာခေါင်း အသိစိတ် နာမ် ဓာတ် ဖြစ်၏။ (၄) လျှာအကြည် ရုပ်ဓာတ်နှင့် ဩဇာရသာရုံ ရုပ်ဓာတ် ပစ္စည်း-၂-ခုကို စွဲးမှီတည်ကာသာအာရုံကို ယူ၍ လျှာအသိစိတ် နာမ်ဓာတ် ဖြစ်၏။ (၅)ကိုယ် အကြည် ရုပ်ဓာတ်နှင့် တွေ့ထိခြင်းဖဿအာရုံ ရုပ်ဓာတ် ပစ္စည်း-၂-ခုကိုစွဲးမှီတည်ကာ အာရုံကို ယူ၍ ကိုယ်အာ သိစိတ် နာမ်ဓာတ် ဖြစ်၏။ (၆) မန-ဟဒယ ရုပ်ဓာတ် နှင့်ဓမ္မ,ရူ,သဒ္ဒ,ဂန္ဓ,ရ,ဖောဋ္ဌ,ဟူသောပဉ္စာ-ရုံဟောင်း ၅-ခု,ကြွင်းအာရုံ များမှ ရုပ်ဓာတ် ပစ္စည်း-၂-ခုကို စွဲး မှီ တည်ကာအာရုံကို ယူ၍ မနော အသိစိတ်နာမ်ဓာတ်

ဖြစ်ရ၍၊ ဤသို့သော ပါဝစနဟောညွှန်ချက် အမျိုးမျိုးတို့ကို ထောက်ထားသောကြောင့်၊ "စွဲ,မှီ,တည်,တွယ် ကပ်,အာရုံ" ရုပ်ဓာတ်နှင့် အခံ အကြည် ရုပ်ဓာတ်-၂-ခု မရှိက,မပြည့်စုံက, ဝိညာဏ် နာမ်ဓာတ် သက်သက်ချည်း ဘယ်အခါမှ မဖြစ်နိုင်၊ မတည် နေနိုင်ကြောင်း မှာ အလွန်ထင်းလျှားလှတော့သတည်း။ ။

**အထူးသတိ။** ။မနုဿ ပုဒ် တွေ့တိုင်း စိတ်ဟု မယူလင့်။ ဤ၌ မန အရ "ဟဒယ" ရုပ်ဓာတ် အကြည်ကို ယူမှ ကောင်းမွန်၏။ "စက္ခုံစ ပဋိစ္စ" စသည်၌ ရုပ်ဓာတ် ပစ္စည်း ၂-ခု ပေါင်းဆုံမှ စက္ခု ဝိညာဏ်စိတ်စသည် ဖြစ်ပေါ်လာနိုင်, လာရကြောင်းတို့ပင် သာဓက ဖြစ်၏၊ ထိုကြောင့်မန နှစ်လုံးသွေး, နှစ်လုံးသား, ဟဒယ ရုပ်ဓာတ် အကြည်ဟုသိပါ၊ စိတ်နာမ်ဓာတ်ချင်းခြင်း စွဲးမှီ တည်နေ၍ ဘယ်လို ဝိညာဏ်နာမ် ဓာတ်မှ မဖြစ်နိုင်ကြောင်းကို သိကြပါ၊ စိတ်ဓာတ်သည် စွဲးမှီ တည်နေရာ အထိခံနိုင်ရန် သဏ္ဌာန်မျိုး မဟုတ်ချေ၊ ဌာနီ သဏ္ဌာန်မျိုးအစစ်တည်း။ ။

ကမ္ဘာ့ လောက၌ ရှိသည့် ရုပ် ဓာတ် တွေ တည်နေ သကဲ့သို့ ဝိညာဏ နာမ် ဓာတ်များ ဆက်ခါ ဆက်ခါ "ဖြစ်,ပျက်" ၂-ချက်ဖြင့် မတည်နေနိုင်လျှင် "စွဲး,မှီ,

တည်, ကပ်, တွယ်တာ, စရာ အာရုံရှိက အဘယ်မှ ဖြစ်ပေါ်လာကြသနည်း?

ပမာပြကာ ဖြေဆိုပါအံ့။ ။ဆိရယ်, မီးစာရယ်, ညှိထွန်းပေးသူရယ်, ဤ-၃-ခုပြည့်စုံ၍ မီးထွန်းညှိက မီးတောက် အရောင် အလင်းခေတ် ဖြစ်ပေါ် လာနိုင်သည် မဟုတ်ပါလော? ထိုအလင်းရောင်ခေတ် ဘယ်က ဖြစ်ပေါ်လာရောက်ပါသလဲ? ဤပမာ အတူ ဆီနှင့် မီးစာ ၂-ခုသော ကမ္မ ရုပ်ခေတ် ပစ္စည်းကို ထွန်းညှိပေးသူ တည်းဟူသော ကတ္တုသတ္တိ သင်္ခါရက ပြုလုပ် ပေးလိုက် သောကြောင့် အလင်းရောင် ဖြစ်ပေါ် ရောက်လာရသလို ဝိညာဏ် နာမ်ခေတ်တွေ ဖြစ်ပေါ် လာရောက်ကြကုန်၏။ ပဋိစ္စ သမုပ္ပါဒ်နည်း "သင်္ခါရ ပစ္စယာ ဝိညာဏံ,, စသည်ဖြင့် ဖြစ်ပေါ်လာရောက်ကုန်၏။ ပဋ္ဌာန်းနည်း "အညမည, သဟဇာတ, ဝိပ္ပယုတ္တ,, စသော သတ္တိတို့ဖြင့် ဖြစ်ပေါ် လာရောက်ကြ ကုန်၏။ ဘယ်ကမှ လာသည်မဟုတ်။ ဆီ,မီးစာ,ထွန်းညှိသူ,ဟူသော အကြောင်း-၃-ချက် ညီညွတ်က အလင်းရောင် ဖြစ်ပေါ် လာသလို တည်, မှီ, စွဲကပ်, တွယ်တာ, စရာ ရုပ်ဝတ္ထု ပစ္စည်း အခံခေတ်,အာရုံ ရုပ်ခေတ် ပစ္စည်း, အာရုံကိုယူတတ်သည့် စိတ်ကအာရုံကိုယူခြင်း, ၃-ချက် အင်္ဂါ ကိုက်ညီလျှင် ဝိညာဏ နာမ်ခေတ် စိတ်တွေ ဖြစ်ပေါ်လာရခြင်း ဓမ္မ နိယာမ ပင်တည်း၊ ဘယ်မှာ တည်နေ၍ ဘယ်မှ လာရောက် ဖြစ်သည်ဟု မဆိုရ, မဆို

နိုင်ချေ။ နာမ်ခေတ်တို့ကား အဖြစ်, အမှီ, ဝမ္မ နိယာမ ခေတ်မျိုးတည်း။ ။

## (၂၂) မို့,မ,ရံတွဲကြောင့်သတ္တဝါ တိုးပွား, မတိုးပွား။

ကပ္ပါ၌ သတ္တဝါ ပုဂ္ဂိုလ် "မို့-မ,, ရံတွဲ:ရှိတိုင်း, သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပေါ် ပေါက်ဖွား တိုးတက် လာ ရမည်လော?

လောက၌ "မို့,မ,-ရံတွဲ: ခေတ်မို့,ခေတ်မ,,ရှိတိုင်း အချို့မှာမတိုးပွားနိုင်ဟု အကျဉ်းဖြေလို၏။ ။အကျယ် ဝေဘန် ရသော် ဇလောဗူဇ သတ္တဝါ ပုဂ္ဂိုလ် မျိုးမှာ "အရှင် သာရိပုတ်နှင့် အရှင် မဟာကောဋ္ဌိကထေရ် ၂-ပါးတို့၏ မေး, ဖြေ, အချုပ်ကို သတိမူကြရာ၏။ ။

အရှင် မဟာကောဋ္ဌိက - မေး .... ဣမာနိ ခေါ အာဝုသော ပဉ္စိ-န္ဒြိယာနိ ကိံ ပဋိစ္စ တိဋ္ဌန္တိ?

ငါ့ရှင် သာရိပုတ်! ဤစက္ခု စသော ဣန္ဒြေ-၅-ပါးတို့ သည် မည်သည့် ခေတ် ပစ္စည်းကို အမှီတကဲ: သဟဲ: ပြုကာ ဖြစ်ပေါ် တည်နေကြ ပါကုန် သ နည်း?

အရှင် သာရိပုတ် - ဖြေ ...... ဣမာနိ ခေါ အာဝုသော ပဉ္စိန္ဒြိယာနိအာယုံ ပဋိစ္စ တိဋ္ဌန္တိ။

ငါ့ရှင် ! ဤစက္ခုစသော ဣန္ဒြေ-၅-ပါးတို့သည် အာယု ဟူသော ဝါယောဓာတ်ကို အမှီတကဲ့ သဟဲ့ ပြု၍ ဖြစ်ပေါ် တည်နေကြကုန်၏။ ။

အရှင် မဟာကောဋ္ဌိက-မေး ...... အာယု ပနာ-ဝုသော ကိံ ပဋိစ္စ တိဋ္ဌတိ ! ငါ့ရှင် သာရိပုတ် ! အာယု ဟူသော ဝါယောဓာတ်သည် မည်သည့် ဓာတ် ပစ္စည်းကို အမှီတကဲ့ သဟဲ့ ပြုကာ ဖြစ်ပေါ် တည်နေပါသနည်း ?

အရှင် သာရိပုတ်-ဖြေ .... အာယု ဥသ္မာ တိဋ္ဌတိ။ ငါ့ရှင် ! အာယု ဟူသော ဝါယော ဓာတ်သည် ဥသ္မာ မည်သော တေဇောဓာတ်ကို အမှီတကဲ့ သဟဲ့ပြု၍ ဖြစ်ပေါ် တည်နေ၏။ ။

အရှင် မဟာကောဋ္ဌိက-မေး .... ဥသ္မာ ပနာ -ဝုသော ကိံ ပဋိစ္စ တိဋ္ဌတိ ? ငါ့ရှင် ! ဥသ္မာ မည်သော တေဇော ဓာတ်သည် မည်သည့် ဓာတ်ပစ္စည်း ကို အမှီတကဲ့ သဟဲ့ပြုကာ တည်နေပါ သနည်း ?

အရှင် သာရိပုတ်-ဖြေ....ဥသ္မာ အာယု ပဋိစ္စ တိဋ္ဌတိ။ ငါ့ရှင် ! ဥသ္မာ မည်သော တေဇော ဓာတ်သည် အာယု မည်သော ဝါယောဓာတ်ကို အမှီတကဲ့ သဟဲ့ပြု၍ ဖြစ်ပေါ် တည်နေ၏။ ။

ဤသို့ဆိုလျှင် "ချွဲးကို သူ့မေမေ ရိုက်ပါလို့,, ဟူသော သီချင်းကဲ့သို့ ဖြစ်၍ မနေပါလော? ငါ့ရှင် သာရိပုတ်! အာယုဓာတ်သည် မည်သည့် ဓာတ်ပစ္စည်းကို စွဲးမှီ၍ ဖြစ်သနည်း? ဟုမေးသောအခါ ဥသ္မာ တေဇောဓာတ်ကို စွဲးမှီ၍ ဖြစ်ပေါ်သည်ဟု အဖြေပေး၏၊ တဖန် ဥသ္မာ တေဇော ဓာတ်သည် မည်သည့် ဓာတ်ပစ္စည်းကို စွဲးမှီ၍ ဖြစ်သနည်း?ဟု မေးသောအခါ အာယု ဝါယောဓာတ်ကို စွဲးမှီ၍ ဖြစ်ပေါ်သည်ဟု အဖြေပေး၏၊ သည်တော့ အဘယ်သို့ ကွဲးပြား ခြားနား အောင် နားလည် မှတ်ယူရပါမည်နည်း?

ထိုအခါ အရှင် သာရိပုတ်က ဥပမာ ပြ၍ အဖြေပေးသည်မှာ - ငါ့ရှင်! ဤမီးတောက် မီးလျှံနှင့် တကွ ဖြစ်သော ဆီမီးတောက်ခွက်ကို ကြည့်ပါလော? ဤဆီမီးခွက်မှ ဖြစ်ပေါ်နေသော မီးတောက် မီးလျှံကို အမှီတကဲး သဟဲးပြု၍ မီးတောက်၏ ပတ်ဝန်းကျင်၌ အလင်းရောင်ဓာတ် ပေါ်ပေါက် လာရသည်၊ တဖန် အလင်းရောင် ဓာတ်ကိုပင် အမှီတကဲး သဟဲးပြု၍ ဆီမီးတောက် မီးလျှံကို မြင်ရသည်။ ဤပမာ သဘောသွားအတိုင်း မှတ်ပါဟု ဖြေဆို၏။ ၎င်း၌ ဆိုလိုရင်း - မီးတောက် မီးလျှံကြောင့် အလင်း ရောင်ခြည်ဓာတ် ပေါ်လာ ရသည်။ အလင်း ရောင်ခြည် ဓာတ်ကြောင့် မီးတောက် မီးလျှံကို တွေ့မြင်ရသည်။အညမည နိဿယ နိဿိတ ပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာကြရသည်ဟူလို။

၅၅ အာယုနှင့် ဥသျှာမည်သော ''ဝါယောဓာတ်နှ, တေဇောဓာတ်နှ, ၂-ပါးကို အမှီတကဲ သဟဲပြုရသော ကြောင့် ၄င်း ဓာတ်နှ- ၂-ပါးကို အမှီရမှသာ ပဋိသန္ဓေ ဝိညာဏ် နာမ်ဓာတ်စသည် ဖြစ်ပွားနိုင်၏။ ထိုကြောင့် ''အာယု ဥသျှာ ဝိညာဏ ဓာတု,,ဟု ဟောညွှန် ထား သတည်း။ ၅၅ဓာတ် ၂-ပါးတို့သည် ဖို,မ,စုံတွဲ ပုဂ္ဂိုလ် တို့၏ ကိုယ်သန္တာန်၌ ချို့ယွင်းချက် မရှိ ဒီဂရီ ကိုက် ညီနေပါမှ သတ္တဝါပုဂ္ဂိုလ် တိုးပွားလာနိုင်သည်။ ။

## (၂၃) ဖို , မ , စုံတွဲ ရှိတိုင်း သတ္တဝါ မတိုးပွား။

ဖို,မ,တို့၏ အာယုမည်သော ဝါယောဓာတ်နှင့် ဥ သျှာမည်သော တေဇောဓာတ်တို့သည် တဦးဦးနှင်း, နှစ် ဦးစုံနှင်း,ချို့ငဲ့နေခြင်း, ထိုဓာတ်-၂-ပါး လွန်းကဲ ပြင်း ထန်နေခြင်း,နှံ့နှေးနူးညံ့သိမ်ဖျင်းနေခြင်း,ထိုဓာတ်-၂ ပါးတို့နှင့် ဒီဂရီ ကိုက်ညီ ပြည့်စုံညီ လုံလောက်နေသော်လည်း ရကျိပ်ိုရန် ကမ်ချို့နေခြင်း, ဓာတ်ကြီး ၄-ပါး ချို့ ငဲ့နေခြင်း, အမျိုးမျိုး အဖြစ်၌ တဦးဦးကင်း, ၂-ဦးစုံင်း, တည်နေခြင်း, အမဓာတ် သန္ဓေရယူနိုင်ရန် အယွယ် ကြီးရင့် ကျော်လွန်၍ သွေးဓာတ် ကုန်ဆုံး ခမ်းချောက် နေခြင်း,ဖို,မ,ဓာတ်တို့မှာ တဦးဦးက ကျမ်းမာမှုနှင့် မ ပြည့်စုံခြင်း,စသော အကြောင်းတို့ကြောင့် စုံတွဲ ဓာတ် ဖို့,ဓာတ်မ,ရှိနေတိုင်း ကပ္ပါလောက၌ သတ္တဝါ ပုဂ္ဂိုလ်

မတိုးပွားနိုင်ဟု မှတ်ကြပါ။ ကလလ အကြည်ဓာတ် စ၍ တည်နေသည်မှ မွေးဖွားသည့် ကာလ အပိုင်း အခြားအတွင်း၌ အကြောင်းအမျိုးမျိုး ချို့ခြင်းကြောင့် ပျက်စီးသွားရသော သတ္တဝါတို့ကား များစွာ ပျက်စီး သွားကြ ရကုန်၏။ ထို့ကြောင့် ''မနုဿတ္တ ဘာဝေါ ဒုလ္လဘော,,ဟု ဟောညွှန်တော်မူ၏။ ။

ဂဗ္ဘသေယျကနှင့် အဏ္ဍဇ- သတ္တဝါ ပုဂ္ဂိုလ်-၂-မျိုး တို့မှာလည်း ဤနည်းနှင်နှင် တိုးတက်ကြီးပွား ခြင်းမှ ချို့ယွင်းပျက်စီးခြင်း ရှိကြကုန်၏။ အချို့ကုန်သော ဩ ပပါတိက သတ္တဝါ ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေ ယူနိုင်, ပေးနိုင်, ကုန်၏။ အချို့တို့သည် မယူနိုင်, မပေးနိုင်ဟု သိကြပါကုန်။ မပေးနိုင်, မယူနိုင်, သူတို့ကား စာတု မ ဟာရဇိက နတ်စစ်နှင့် တာဝတိံသာစသည်မှ ဖြဟ္မာ-၂၀ ငရဲး ဌာနတို့၌ ဖြစ်ကြရကုန်သူ သတ္တဝါ ပုဂ္ဂိုလ်တို့ တည်း။

## (၄) သတ္တဝါတို့ ဖြစ်ရာ လမ်း-၃-သွယ်ခဏ်း။

ကပ္ပါ လောကဓာတ်အတွင်းသို့ သက်ဆင်းရောက်ရှိ ပေါက်ဖွား တိုးတက် လာကြပြီးကုန်သော သတ္တဝါ ပုဂ္ဂိုလ်တို့၏ ဖြစ်ရာ, သွားရာ, ကျင်လည်ရာ လမ်းတို့ ကား (က)ကမ်လမ်း (ခ)ဈာန်လမ်း (ဂ)ဉာဏ်လမ်း, ဟု-၃သွယ်ရှိကုန်၏၊ အထူးအားဖြင့် ''ကမ်,စေတနာ,, ဟူသည် ကပ္ပါလောက၌ ဦးစွာ အစ သတ္တဝါ တဦး

တယောက် ဖြစ်ပေါ်လာပြီး နောက်မှ ၎င်းသတ္တဝါ ပုဂ္ဂိုလ် ပြုလုပ် အားထုတ်သော အမှုကိစ္စဖြင့် ဖြစ်လာ ရရှိသော ဓမ္မ သဘာဝ ခေတ်ဟု မှတ်ကုန်, သိကုန်ရာ သည်။ ။

## (ဂ) ကမ်လမ်းပုဂ္ဂိုလ်မျိုး။

ထိုလမ်း-၃-သွယ်တို့တွင် "ကမ်လမ်း" ၌ "ကမ်" ဟူသည် ပြုလုပ်အားထုတ်ကြသည့် အမှုပင်တည်း။ ကိုယ်ဖြင့် အားထုတ် လုပ်ကိုင်မှုကို "ကာယကမ်" ဟု ခေါ်ဆို၏။ နှုတ်ဖြင့် ပြောဆို လုပ်ကိုင်မှုကို "ဝစီကမ်" ဟု ခေါ်ဆို၏။ စိတ်ဖြင့် ကြံစည်ဆင်ခြင် စင်စား တွေးတောမှုကို "မနောကမ်" ဟု ခေါ်ဆိုရ၏။ ခပ်သိမ်းကုန်သော ဖြစ်ပေါ်ပေါက်ဖွားလာပြီး ကမ္ဘာ့လောကသားတို့သည် ထိုကမ် အမှု-၃-မျိုးတို့နှင့် ကင်းကွာ၍ မနေနိုင်, မဖြစ်နိုင်ကြကုန်။ သက်မဲ့ အသက် မရှိသည့်, ဝိညာဏခေတ် မရှိသည့်, ခပ်သိမ်းကုန်သော သစ်ပင် မျိုးတို့သည် အာသွင် အပြင် ပုံသဏ္ဍာန် အရွယ် အစား အမျိုးမျိုး, အသီး, အပင်, အရွက်, အရသာ, အမျိုးမျိုး, မတူညီမှုကြကုန်။ ထိုသို့ဖြစ်ရခြင်း၏ ကြောင်းရင်း မူလကို ရှာမူ မျိုးစေ့ ဗီဇခေတ်၏ အသီးသီး ထူးခြားချက်ကိုတွေ့ကြရမည်။ ထိုနည်းတူပင် ကမ်စေတနာ-၃-မျိုး နာမ်ခေတ်တို့က ပြုပြင်ပေးခြင်းကို ခံယူကြကုန်သော ကမ္ဘာ့ သက်ရှိ သတ္တဝါ ပုဂ္ဂိုလ်တို့မှာလည်း အသွင်, အပြင်,, အမှု

အရာ, ပုံသဏ္ဌာန်, ရုပ်ရေ, ရူပကာယ, အသွေး, အဆင်း, အယွယ်, ပမာဏ, ဇာတ်, အမျိုးမျိုး, ချမ်းသာ, ဆင်းရဲ, ပညာ-ရှိ, မဲ့, တန်ခိုးဣဒ္ဓိမှုါဒ်, ဩဇာ, အာဏာ, ကြီး, ငယ်, မဲ့, စသည် အမျိုးမျိုး, ဖြစ်ကြကုန်၏။ ထိုကြောင့် သုဘလုလင်အား ဘုရားရှင် ဟောညွှန်သည်မှာ—

ကမ္မဿကာ မာဏဝက သတ္တာ ကမ္မဒါယာဒါ, ကမ္မယောနီ, ကမ္မဗန္ဓူ, ကမ္မပ္ပဋိသရဏာ။ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ ယဒိဒံ ဟိနပ္ပဏီတတာ။

အမောင်သုဘ! အသက်ရှိ သတ္တဝါ ပုဂ္ဂိုလ်တို့မည်သည် ကောင်းကမ်, မကောင်းကမ်, -၂-မျိုးသာလျှင် မိမိပိုင် ဥစ္စာဖြစ်၏။ အမွေ အနှစ် ခံယူရထိုက်၏။ ဆွေမျိုးရင်းချာ အစစ်ဖြစ်၏။ မိတ်ဆွေကောင်း ခင်ပွန်းကောင်းဖြစ်၏။ ကမ်သာလျှင် ကိုးကွယ် မှီခို အားထား ဆည်းကပ်ရာဖြစ်၏။ အဘယ်ကြောင့်ဆိုသော်ယုတ်, မြတ်, ဆိုးကောင်း, ဟူသော-၂-မျိုးသော မိမိ ပြုလုပ် အားထုတ်ရှာမှီးခဲ့သော ကမ်အမှုသည် ရှိ၏၊ ထိုကမ်အမှုက သတ္တဝါ ပုဂ္ဂိုလ် ဟူသမျှကို ဝေဘန် ပစ်ချပေးတိုင်းသာ ခံယူကြရ သောကြောင့် တည်း။ ဘဝ ထိုထို၌ ဖြစ်ပေါ်ပေါက်ဖွား လာကြရကုန်သောကြောင့်တည်း။ ။

ထိုကမ်းအမှု-၃-မျိုးတို့တွင် တမျိုးတမျိုး၌ ကောင်းသော ကမ်အမှု, မကောင်းသော ကမ်အမှု, ဟူ၍, -၂-မျိုး

စီ အပြား အားဖြင့် ဖြစ်လာ ရကား ကမ်အမှု-၆-မျိုး ဖြစ်၏။ ကောင်းကမ်-၃-မျိုး, မကောင်းကမ်- ၃-မျိုး, တို့တည်း။ ။

(က) ကုသလာ ဓမ္မာ ကောင်းကမ်မျိုးပြုလုပ်ဖွယ် ရာ အမှု-အကျင်းဆုံး အားဖြင့်-၂၀-ရှိ၏။ ၂၀-ဟူသည် (၁) ပါဏာတိ ပါတမှ ရှောင်ကြဉ်ခြင်း သုစရိတ်, (၂) အဒိန္နာ. ဒါနမှ ရှောင်ကြဉ်ခြင်း သုစရိတ်, (၃) ကာမေသု မိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း သုစရိတ် ဤ ၃-ပါးကား ကိုယ်ဖြင့် ရှောင်ကြဉ်မှု ကာယ သုစရိတ် တည်း။ (၄) မုသာဝါဒမှ ရှောင်ကြဉ်မှု သုစရိတ် (၅) ပိသုဏာဝါစာမှ ရှောင်ကြဉ်မှု သုစရိက် (၆) ဖရုသာ ဝါ စာမှ ရှောင်ကြဉ်မှု သုစရိတ်, (၇) သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှု သုစရိတ်, ဤ-၄-ပါးကား နှုတ်ဖြင့် ရှောင် ကြဉ်မှု ဝစီ သုစရိတ် တည်း။ (၈) အဘိဇ္ဈာမှ ရှောင် ကြဉ်မှု သုစရိတ်။ (၉) ဗျာပါဒမှ ရှောင်ကြဉ်မှု သုစ ရိတ်။ (၁၀) မိစ္ဆာဒိဋ္ဌိမှ ရှောင်ကြဉ်မှု သုစရိတ် ဤ-၃ ပါးကား စိတ်ဖြင့် ရှောင်ကြဉ်မှု မနော သုစရိတ် တည်း။

ကောင်းကမ် ပုည ကိရိယာကား (၁) ဒါန-(၂) သီ လ (၃) ဘာဝနာ (၄) ရတနာ-၃-ပါး, ဆရာသမား, ဒါန မှုစသည်တို့၏ အမှုကိစ္စကြီး, ငယ်, စသည်တို့ကို ဆောင် ရွက် လုပ်ကိုင်ပေးခြင်း ဝေယျာဝစ္စ ပုည ကြိယာ (၅)

မိမိထက်သက်ရွယ်ကြီးရင့်သူ,သီလဂုဏ်,သမာဓိဂုဏ်ပညာဂုဏ်, သိက္ခာဂုဏ်, မိ,ဘ, ဘိုး, ဘွား, ဆရာသမား, ရတနာ-၃-ပါးတို့အား ကိုယ်, နှုတ်, စိတ်, ၃-ပါးတို့ဖြင့် အရိုအသေ ပြုခြင်း အပစာယန ပုည ကြိယာ (၆)မိမိပြုလုပ်အားထုတ်ရှာမှီး၍ ရရှိထားပြီး ကောင်းမှုကုသိုလ်ရမျှားကိုအခြားသူတပါးတို့အား ပေးကမ်းဝေငှခြင်း ပတ္တိဒါန ပုည ကြိယာ (၇) သူတပါး ပြုလုပ်ရှာမှီးပြီး ပေးဝေ ကမ်းလှမ်းသော ကောင်းမှု ကုသိုလ်ရမျှားကို ကြည်သာရွှင်ပြုံး နှစ်လုံးသာယာ သာခုခေါ်ခြင်း ပတ္တာ-နုမောဒန ပုည ကြိယာ ( ၈ ) သူတပါးတို့ဟောညွှန် ပြောဆိုသော သူတော်ကောင်း တရား ဩဝါဒမျှားကို မှတ်သားနာယူခြင်း ဓမ္မဿဝန ပုညကြိယာ (၉) မိမိ တတ်သိ မှတ်မိပြီး တရား ဓမ္မမျှားကို သူတပါးအား ပြောဆို ဟောညွှန်ပေးခြင်း ဓမ္မဒေသနာ ပုညကြိယာ (၁၀) သဏ္ဍာဝါ ခပ်သိမ်းတို့ မှာ မှန်ကန်သောကမ် အယူအစွဲ လုပ်ကိုင် အားထုတ်မှုတို့သာ အရင်းအမှန်ဖြစ်ကုန်သည်ဟု စွဲးယူမှတ်ခြင်း ဒိဋ္ဌိဇုကမ္မ ပုညကြိယာတို့တည်း။ သုစရိုတ်-၁၀-ပါး,ပုညကြိယာ-၁၀ပါး ပေါင်း ကောင်းကမ်-၂၀-တို့တည်း။ ‖

(ခ) အကုသလာ ဓမ္မာ မကောင်းကမ်မျိုး ပြုလုပ်ဖွယ်ရာ အကျင်းအားဖြင့် ဒုစရိုတ်-၁၀-ပါး တို့တည်း။ (၁) သူတပါး အသက်ကို သတ်ဖြတ်ခြင်း ပါဏာ-တိပါတ ဒုစရိုတ်-(၂) သူတပါး၏ ဥစ္စာ ပစ္စည်းတို့ကို ခိုး

ယူခြင်း အဒိန္နာ.ဒါန ဒုစရိုက် (၃) သူတပါးတို့၏ သမီး မယား, တို့ကို မေထုန် ကာမဖြင့် အမှား ကျင့်ခြင်း, မ ကောင်းကျင့်ခြင်း, ကာမေသု မိစ္ဆာ-စာရ ဒုစရိုက်။ ဤ ၃-ပါးကား ကိုယ်ဖြင့်မကောင်းကမ်ကို ကြူးလွန်စေ် ကားခြင်း ကာယ ဒုစရိုက်တို့တည်း။ (၄) မဟုတ် မမှန် ပြောဆိုခြင်း မုသာ ဝါဒ ဒုစရိုက်(၅) ၂-ဦးသောသူ, ၃ ဦးသောသူ, စသည့်တို့၏ ခင်မင် ချစ်ကြည် ရင်းနှီးစွာ ရှိနေသည်ကို ပျက်စီးသွားအောင် ကုံးစကား ပြောဆို ခြင်း ပိသုန ဝါစာ ဒုစရိုက် (၆) သူတပါးတို့၏ စိတ်နှစ် သုံးကို ထိခိုက် နာကြီးစွာရှိအောင် ရုံ့ ရင်းရိုင်းပြ ကြမ်း ထမ်း စကားဆိုခြင်း, ဆဲရေးခြင်း, ဖရုသ ဝါစာ ဒု စရိုက် (၇) ပစ္စုပ်နှင့်သံသာ ဤ-၂-ဖြာတို့၌ အကျိုးမဲ့ ဖြန်ဖြင်း သေးနုတ် မဟုတ် မဟာတ် ယုံဘန်း စကားကို ပြောဆိုခြင်း သမ္ဖပ္ပလာပ ဝါစာ ဒုစရိုက်။ ဤ-၄-ပါး ကား နူတ်ဖြင့် မကောင်းကမ် ပြစ်မှုကို ကြူးလွန် စေ် ကားခြင်း ဝစီ ဒုစရိုက်တို့တည်း။ (၈) သူတပါး ပိုင် ဆိုင်သော ပစ္စည်း, ဥစ္စာ, ဘဏ္ဍာ, သက်မဲ့ သက်ရှိများ ကို ငါပိုင် ဖြစ်ရမူ ကောင်း၏ဟု တောင့်တ ညူစူခြင်း လောဘ အဘိဇ္ဈာ ဒုစရိုက် (၉) သူတပါးပိုင် သက်မဲ့ သက်ရှိပစ္စည်း,ဥစ္စာ,ဘဏ္ဍာကို ဆုတ်ယုတ် ပျက်စီး ဆုံး ပါး သွားရန် တောင့်တ ကြံမှားခြင်း ဒေါသ ဗျာပါဒ ဒုစရိုက် (၁၀) ကောင်းသော ဘုံဘဝ,မကောင်းသော ဘုံဘဝ, တို့သို့ သွားရောက်ရာ၌ဗိုင်း, ကောင်းကျိုး, ဆိုး

ကျိုးတို့ကို ခံစားရခြင်း, ကောင်းမှုကမ်, ဟူသော မူလ အကြောင်းရင်းကို မယူပဲ ပြစ်ပယ် စွန့်ထားပြီး နတ်, ဗြဟ္မာ, တွေက ဖြစ်ချ ပေးသလို, ဖန်ဆင်း ပေးသလို, ကပ္ပါ သခင် ကောင်းကင် ဘုံနန်းက စေတလုံး အမိန့်ဖြင့် ဖန်ဆင်း ပေးသလို, အမှား အလွဲကို အမှန် ထင်ကာ စွဲယူ ထင်မှတ် လွဲမှားနေခြင်း မောဟ မိစ္ဆာ ဒိဋ္ဌိ ဒုစရိုတ်။ ၍-၃-ပါးကား စိတ်ဖြင့် မကောင်းကမ် ပြုလုပ်ရာ မနော ဒုစရိုတ်တို့တည်း။ ။

၍ပြဆိုခဲ့ပြီးသော "ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ" အရ ကောင်းကမ်နှင့် မကောင်းကမ် တို့သည် ကြီးစွာသော တန်ခိုးနှင့် ပြည့်စုံကြကုန်၏။ ၎င်းကမ် ၂-မျိုးမှာ "ဓမ္မဓာတ်"၌ အတွင်းဝင်သော "စေတနာ" ခေါ် နာမ်ဓာတ် တရားပင်တည်း။ ကမ်ဟူသည် စေတနာ၊ စေတနာဟူသည် ကမ်ပင်တည်း။ ထိုကမ်စေတနာတို့တွင်(၁)မကောင်းကမ် စေတနာကပေးသော သွားရာလမ်းနှင့် (၂) ကောင်းကမ် စေတနာက ပေးသော လမ်းဟု ကမ်လမ်း-၂-သွယ်ဖြစ်လာ၏။

**အထူးမှတ်။** ။ကမ် စေတနာ-ဓမ္မဓာတ်သည် ကပ္ပါ၌ သတ္တဝါပုဂ္ဂိုလ် ဦးစွာအစ ပေါ်လာ ပေါက်ဖွားလာပြီးနောက် ဒုတိယ ဘဝ စသည်မှ သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပေါ် လာနိုင်ရန် မူလ ဗီဇ မျိုးစေ့ ဓာတ်တည်း။ ။

(က) မကောင်း ကမ်စေတနာ သွားရာလမ်းကား ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်,ဟု ခေါ်ဆိုသည့် မကောင်းကမ် ပြုကျင့်လုပ်ကိုင် အားထုတ်သူတို့၏ သွား ရောက်လားရာ,ဖြစ်ရာ အပါယ်-၄-ပါးခေါ်သော ဌာန ဘဝတို့တည်း။ ထိုအပါယ် ဘဝ၌ ဖြစ်ရသော အခါ ပဋိသန္ဓေနှင့် ပဝတ္တိအခါ-၂-ပါးလုံးပင်ဆင်းရဲး ဒုက္ခ မျိုး ကုန်အောင် စုံစွာ ခံစား နေကြရကုန်၏။ ဤကား မကောင်း ကမ်စေတနာ၏ ပေးစွမ်းနိုင်သည့် အားစွမ်း သတ္တိ တန်ခိုးကြီးတည်း။

(ခ) ကောင်းကမ်စေတနာ သွားရာလမ်းကားလူ, နတ်,ဟူးသောကာမသုဂတိခေါ်-၇-ဌာနဘဝတို့တည်း။ ကောင်းကမ်ကို ပြုလုပ် ဆည်းပူး ရှာမှီးအားထုတ်ကြ ကုန်သူတို့သည် လူ့ဘဝ,လူ့ချမ်းသာ အမျိုးမျိုးတို့ကို ဆင်းရဲနှင့် ယောဖွန်းလျက် ခံစား စုံစား ဖိမ်စခမ်းသို့ မျက်စိ လယ်ရကုန်၏။ ဤကား ကောင်းကမ် စေတနာ ၏ ကောင်းကျိုးပေးပုံ,ရရှိပုံ,အားစွမ်းသတ္တိ တန်ခိုးကြီး ပင်တည်း။ ဤသည့် ''ဓမ္မဓာတ်၌ ပါဝင်သော စေတ နာ နာမ်ဓာတ်က,,ကာမသဏ္ဍဝါ ပုဂ္ဂိုလ်များကို ပြုလုပ် ကျညီ ပေးခြင်းတည်း။ ထိုဘဝရရှိသူတို့ သုခ,ဒုက္ခ,တို့ ကိုသိပြီး''ဈာန်လမ်းနှင့်ဥာဏ်လမ်း,,တို့သို့ကူးပြောင်း မြင့်တက်အောင် အားထုတ်နိုင်သည်။ မကောင်းကမ် လမ်းက ပုဂ္ဂိုလ်တို့ကား ''ဈာန်လမ်းနှင့် ဉာဏ်လမ်း,,

တို့သို့ ကူးပြောင်း မြင့်တက် ရောက်ရှိအောင် အား လုဋ္ဌ မပြုနိုင်, ပြုလို့ မရနိုင်ချေ။ ။

## (ခ) ဈာန်လမ်း ပုဂ္ဂိုလ်မျိုး။

ဈာန်လမ်းဟူရာ၌ ပထဝီ ကသိုဏ်းစသော သမထ ကမ္မဋ္ဌာန်း-၄၀-အာရုံမျိုးတို့တွင် တခုခုသော ကမ္မဋ္ဌာန်း အာရုံကိုယူ၍ ပွားများ ဆင်ခြင် နှစ်လုံးသွင်းကာ သမ ထ ဘာဝနာကို အားထုတ်ခြင်းကြောင့် "ကောင်းကမ် ဈာန်စေတနာ ဓာတ်,, သဏ္ဍာ တန်ခိုးဖြင့် ဖြစ်ချ ကျေး ဇူး ပြုပေးသော သွားရောက် ဖြစ်ရာလမ်းဟု ဆိုလို၏။ ၎င်းစေတနာ နာမ်ဓမ္မ ဓာတ်က ပို့ပေးသော လမ်းပင် တည်း။ ဈာန်ဟူသည် ကိလေသာ ကာမဂုဏ် အာရုံ တွေကို "မြဲ, သစ်ရွက်, များကို မီးဘိုက် လောင်ကြွမ်း ကုန်စေသလို,, သမထ သမာဓိ ဉာဏ်နှင့် ရှို့မြှိုက် လောင်ကြွမ်းစေးပြိမ်းသွားခြင်းပင်ဖြစ်၏။ဝိက္ခမ္ဘနပဟာန် ဖြင့် ကိလေသာ နီဝရဏ တရား ယုတ်ညစ်တို့ကို ပယ် ခွါ ငြိမ်းစေးထားခြင်းပင် ဖြစ်၏။ အာရုံတွေကို ခံစားနေ မှု, ကြံစည် စိတ်ကူးနေမှု, ရရှိအောင် ရှာမှီးနေမှု, ပြော ဆိုနေမှုတို့မှ ကင်းဆိတ်၍ ငြိမ်း ချမ်းသာစွာပင် သမထ အာရုံကို မလွှတ်တမ်း နှစ်လုံးသွင်း နေနိုင်ခြင်း ပင် ဈာန် ဝင်စားနေသည့်, ဈာန် ချမ်းသာကို ခံစားနေ သည်ဟု ဆိုရ၏။

## ဈာန်လမ်းသို့ရောက်ရန်အားထုတ်ရပုံ။

ဈာန သုခ ဈာန်ချမ်းသာကို ရရှိအောင် အဘယ်သို့ အားထုတ်ကာ သတိ သမ္ပဇဉ ပြုလုပ် ရမည်နည်း? ကမ္မဋ္ဌာန်း အာရုံ တခုခု နှစ်သက်ရာကို အာရုံပြုကာ (၁) လိုချင် တပ်မက် စွဲလမ်းခြင်း အဘိဇ္ဈာကို ပယ်စွန့်၍ ကိုယ်,စိတ်,၌ အဘိဇ္ဈာ ကင်းကွာသော အနာ အဘိဇ္ဈာ စိတ်ဖြင့် နှစ်လိုးသွင်း နေထိုင်၏။ အဘိဇ္ဈာ တရားယုတ်မှ စိတ်ကိုစင်ကြယ်စေ၏။ (၂) ပြစ်မှားလွန်ကြူးခြင်းကို ပြုတတ်သော ဒေါသ ဗျာပါဒစိတ်ကို ပယ်စွန့်ထား၍ ဗျာပါဒ ကင်းကွာသည့် အဗျာပါဒ စိတ်ဖြင့် နှစ်လိုးသွင်း နေထိုင်၏။ ဗျာပါဒ တရားယုတ်မှ စိတ်ကို စင်ကြယ်စေ၏။ (၃) ထိုင်းမှိုင်း မှိန်းမော တွေဝေ ငိုက်မြည်းခြင်း ထိနနှင့် မိဒ္ဓ စိတ်ကို ပယ်စွန့်၍ ထိနနှင့် မိဒ္ဓ ကင်းကွာသည့် စိတ်ကို နှစ်သုံးသွင်းဖြစ်စေ၍ နေထိုင်၏။ ထိနနှင့် မိဒ္ဓ တရားယုတ်မှ စိတ်ကို စင်ကြယ်စေ၏။ (၄) အာရုံ အမျိုးမျိုးသို့ ပျံ့လွင့် ပြေးသွားခြင်း, ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ စိတ်ကို ပယ်စွန့်၍ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ ကင်းကွာသည့် စိတ်ကို နှစ်လုံးသွင်း ဖြစ်စေ၍ နေထိုင်၏။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ အယုတ်တရားမှ စိတ်ကို စင်ကြယ်စေ၏။ (၅) ယုံမှား သံသယ မဆုံးဖြတ် မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာကိုပယ်စွန့်၍ ဝိစိကိစ္ဆာ ကင်းကွာသည့် စိတ်ကို နှစ်လုံးသွင်း ဖြစ်စေ၍ နေထိုင်၏။ ဝိစိကိစ္ဆာ တရားယုတ်မှ စိတ်ကို စင်ကြယ်စေ၏။ ဤနီဝရဏ အယုတ်

တရား-၅-မျိုးကို ပမာ ပြဆိုရသော် (၁) ယောကျ်ား တယောက်သည် သူတဦးထံမှ ကြွေးမြည်း ချေးယူ၍ အမှု ကိစ္စတို့ကို ဆောင်ရွက် လုပ်ကိုင်ရာ၌ အမြတ် အာစွန်းရ၍ ကြွေးမြည်းရင်းကို ပြန်၍ ပေးဆပ်နိုင်ခြင်း, ကိုယ့်တွက်ဘာသား,မယားစါးသုံးဖို့လက်ရှိကျန်ခြင်း, အမှု ကိစ္စတို့ကို လုပ်ကိုင်နိုင်ရန် အရင်းအနှီး ရှိခြင်း, တို့ကြောင့် ဝမ်းမြောက် နှစ်သိမ့် နေသကဲ့သို့ ၎င်း, (၂) ပြင်းထံစွာ အနာ ရောဂါ နှိပ်စက်ခြင်းကို ခံနေရသူသည် မစားနိုင် မသောက်နိုင် ခွန်အား ဗလ အားနည်းနေ၏။ ထိုသူသည် တနေ့သော အခါ ထိုအနာ ရောဂါမှ ထမြောက်၍ စားသောက်ကောင်းခြင်း,ခွန်အားဗလ ပြည့်ဖြိုးလာခြင်း ရှိသောကြောင့် ဝမ်းမြောက် နှစ်သိမ့် နေသကဲ့သို့၎င်း, (၃) နှောင်အိမ် ထောင်အတွင်း၌ အချုပ်ခံနေရသူသည် တနေ့သော အခါ နှောင်အိမ် ထောင်အချုပ်မှ ချမ်းသာစွာ လွတ်မြောက်လာ၍ ရဆောင်းခဲ့သော စည်းစိမ်ဥစ္စာ မပျက်စီးပဲ တွေ့ရသေ၏၊ ငါသည် ရှေးက နှောင်းအိမ် ထောင်တွင်း၌ ချုပ်ချယ် ဖွဲ့နှောင်ခြင်းကို ခံနေရ၏၊ ယခုမူ ချုပ်နှောင် ခံနေရခြင်းမှ လွတ်မြောက်လာရခြင်း ရဆောင်းထားခဲ့သော ပစ္စည်း ဥစ္စာတို့ ချို့ယွင်း ပျက်စီးခြင်း မရှိခြင်း,မရှိပဲ, တွေ့ရသောကြောင့် နှစ်သိမ့် ဝမ်းမြောက် ခြင်းကို ရသကဲ့သို့၎င်း, (၄) မိမိ ကိုယ်ကို မိမိ မပိုင်းပဲ သူတပါးနှင့်သာ ဆက်ဆန်လျက် လိုရာ အရပ်သို့ မသွားလာနိုင်သော မင်းစေ

ကျွန် ဖြစ်နေရသူသည် တရံသော အခါ ထိုမင်းစေ ကျွန် အဖြစ်မှလွတ်မြောက်၍ သူတပါးနှင့်မဆက်ဆန်ကိုယ့် ကိုယ်ကိုကိုယ်ပိုင်လျက်လွတ်လပ်စွာလိုရာသို့သွားလာ နိုင်သောကြောင့် ဝမ်းမြောက် နှစ်သိမ့်ခြင်းကို ရသကဲ့ သို့၎င်း, (၅) စည်းစိမ် ဥစ္စာ ကြွယ်ဝ ချမ်းသာ ပေါများ စွာရှိသော ယောကျ်ားသည် အငွေ့ ရှည်တာ ဝေးလံစွာ သော အစားရေစာ ရှားပါး၍ ဘေးရန် များသော ခရီးခဲသို့ သွား၏။ တနေ့သ၌ ထိုခရီးခဲမှ လွန်မြောက် ၍ အစားအစာ ပေါများရာ, ဘေးရန်ကင်းရာ, ရွာသို့ ရောက်သောကြောင့် ဝမ်းမြောက် ဝမ်းသာ နှစ်သိမ့် ခြင်းကို ရသကဲ့သို့၎င်း, ဤဥပမာ-၅-မျိုးအတူ မိမိကိုယ်၌ မပယ်ရသေးပဲ တည့်ကိန်းခြံဝင်းနေသော နီဝရဏ ရန်သူ-၅-ပါးတို့ကို မိမိကိုယ်၌ ရှုဆင်ခြင်ရမည်။ ကြွေး မြည်မှု၎င်း, အနာဂေါမှု၎င်း, နှောင်အိမ်မှု၎င်း, မင်းစေ ကျွန်မှု၎င်း, ဘေးရန်ရှိရာမှု၎င်း, လွတ်မြောက် ဝမ်းသာ နှစ်သိမ့်စွာ ရှိသကဲ့သို့ ပယ်စွန့် ထားပြီးသော နီဝရဏ ရန်သူ အယုတ်တရား-၅-မျိုးကို မိမိကိုယ်၌ ရှုဆင်ခြင် ရမည်။ ။

ဤသို့ နီဝရဏရန်သူ အယုတ်တရား၅ -မျိုးတို့ကို ပယ် စွန့်ထားသည့် မိမိကိုယ်၌ ရှုဆင်ခြင်ခြင်းကြောင့် ဝမ်း မြောက် ဝမ်းသာ ဖြစ်ရ၏။ ဝမ်းမြောက် ဝမ်းသာ ဖြစ် သောကြောင့် နှစ်သက်၏။ နှစ်သက်သောကြောင့် ကိုယ် ငြိမ်းဌေး၏။ ကိုယ်ငြိမ်းဌေးသောကြောင့် ချမ်းသာ၏။ ချမ်း

သာသောကြောင့် စိတ်တည်ကြည်၏။ စိတ်တည်ကြည်သောကြောင့် ကာမဂုဏ်အာကုသိုလ် အယုတ်တရားတို့မှ ကင်းဆိတ်၍ ကြံစည်ခြင်း, နှင့် အတူ ကာမဂုဏ်အာရုံတို့မှ ဆိတ်သုံးသော နှစ်သက်ခြင်း,ချမ်းသာခြင်း, ရှိသော ပထမဈာန်နှင့် ပြည့်စုံနေ၏။ ပထမဈာန်ကို ရ၏။ ထိုသူသည် ကိုယ်ကာယ တခုလုံးကို ရန်သူအယုတ်တရားနီဝရဏ ကင်းကွာနေခြင်းကြောင့် ဖြစ်သော နှစ်သက် ချမ်းသာခြင်းဖြင့် စွတ်စိုစေ, ထက်ဝန်းကျင် (တကိုယ်လုံး) ပျံ့နှံ့စေ၏။ ထိုသူအား အလုံးစုံ တကိုယ်လုံး ပီတိ, သုခ, မပျံ့နှံ့သော နေရာ ကောဋ္ဌာသ အရ မရှိတော့ချေ။ တကိုယ်လုံး ပျံ့နှံ့ တည်နေပုံကို ပမာဆိုရသော် ရေချိုးသူသည်၎င်း, ၎င်း၏ တပည့်သည်၎င်း, ခွက်၌ ရေချိုး ကသယ်မှုန့် (နွင်းဆပ်ပြာမှုန့်) နှံ့သာမှုန့်ကိုထည့်၍ ရေဖျန်းဖျန်းပြီး ဆုပ်နယ်၍ အတုံး, အခဲပြုလုပ်ရာ၏။ ထိုအတုံးသည် ရေစေးဖြင့် အတွင်း, အပြင်, ပျံ့နှံ့၍, ယိုစီး ကွဲပြို့ခြင်း မရှိပဲ အတုံးကြီး, အခဲကြီး, ဖြစ်နေသကဲ့သို့ တကိုယ်လုံး ရန်သူ အကုသိုလ် အယုတ်တရားနီဝရဏမှကင်းကွာသောနှစ်သက်ချမ်းသာတုံးကြီး ဖြစ်နေ၏။ ။

## ဒုတိယ ဈာန် ချမ်းသာ။

ထိုမှတဖန် ဆင့်တက်ပြန်သော် ဝိတက်ကြံတွေးခြင်း ဝိစာရ ဆင်ခြင် ရှုစမ်းခြင်း, ငြိမ်းဧး သွားခြင်းကြောင့်

ပယ်စွန့်ထားခြင်းကြောင့်, အဇ္ဈတ္တ ကိုယ်တွင်း၌ ကြည်လင် သန့်ရှင်း စင်ကြယ်သော စိတ်ရှိသည် ဖြစ်လာ၍, (စိတ်, ရုပ်-၂-ခု လုံးကိုယူ) တည်တန့်သော သဘောရှိသော ကြံစည် တွေးတောခြင်းမှ ကင်းသော သမာဓိ တန်ခိုးကြောင့် ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း, (ပီတိ-သုခ) သည် တကိုယ်လုံး ပျံ့နှံ့, တည်နေလေ၏။ မပျံ့နှံ့,မတည်နေသောကိုယ်ခန္ဓာဟူ၍ မရှိတော့ချေ။ ဥပမာအားဖြင့် အစောက် နက်စွာ အထက်သို့သာ ပြန်တက်နေသော ရေပန်းရှိသည့် ရေအိုင်ကံ တခုရှိ၏၊ ထိုအိုင်ကံသို့ အရပ်-၄-မျက်နှာမှ စီးဆင်းလာသော ရေ မြစ်ချောင်း ရေ,တို့ကို မဝင် မသွင်း၊ ကံအိုင် အတွင်းရှိ ရေအေးသည် အထက်သို့ ပြန်တက်ပြီး ၎င်းကံအိုင်၌သာ ပြန်ကျလာ၍, ထိုရေကံအိုင်သည် အေးမြ ကြည်လင်သန့်ရှင်း စင်ကြယ်သော ရေဖြင့် ပျံ့နှံ့ တည်နေသကဲ့သို့ ပီတိ-သုခသည် တကိုယ်လုံး ပျံ့နှံ့ တည်နေလေ၏။ ။

## ဒုတိယ ဈာန် ချမ်းသာ။

ထိုထက် အလွန် အထက်သို့ တက်ပြန်သော် အားထုတ်ခဲ့သော် နှစ်သက်ခြင်းမှ၎င်း, ရာဂ ကင်းခြင်းမှ၎င်း, လျစ်လျူ ရှုသည်, အာရုံကို မယူသည်, ဖြစ်၍, သတိ ပညာဉာဏ်ဖြင့်သာ ဆင်ခြင်လျက် ချမ်းသာကို ကိုယ်ဖြင့် (ကိုယ်စိတ်) ခံစားကာ နေ၏။ အကုသိုလ် ကိလေသာ ဖြူစင်သူတို့သည် နှစ်သက်ခြင်း, ရာဂ ကင်းခြင်း

ကို လျစ်လျူ ရှုလျက် သတိနှင့် ပြည့်စုံစွာ ချမ်းသာကို ခံစားနေခြင်းပင် တတိယ ဈာန်နှင့် ပြည့်စုံကာ နေသည်မည်၏။ ပီတိ ကင်းသော ချမ်းသာခြင်းသည် တကိုယ်လုံး ပျံ့နှံ့ တည်နေလေ၏။ ဥပမာ ကြာညို, ပဒုမာကြာ, ကြာဖြူ, တို့သည် ရေ၌ ပေါက်၏။ ရေ၌ ကြီးပွား၏။ ရေမှ ပေါ်ထွက်၏။ ရေ၌ ငုပ်လျှိုး ကြီးပွား၏။ အဖျားအရင်း, တိုင်အောင် ရေအေးဖြင့် ပျံ့နှံ့ တည်နေ၏။ ရေမပျံ့နှံ့သော အရာဌာန မရှိသကဲ့သို့ပင် ပီတိ ကင်းသောချမ်းသာသုခသည် တကိုယ်လုံး ပျံ့နှံ့ တည်နေလေ၏။ ဤသည်ပင် တတိယ ဈာန်ချမ်းသာနှင့် ပြည့်စုံ နေခြင်းတည်း။ ။

## စတုတ္ထ ဈာန် ချမ်းသာ။

ထို့မှ တဖန် ဆင့်တက်ပြန်သော် ချမ်းသာခြင်း, ဆင်းရဲခြင်းကို ပယ်၍ ဝမ်းမြောက်ခြင်း, နှစ်လုံး မသာမယာခြင်း ချုပ်ငြိမ်းလျက်, မဆင်းရဲ, မချမ်းသာ,-၂-ခုအလယ်၌ဖြစ်သော သတိစင်ကြယ်သော စတုတ္ထ ဈာန်နှင့် ပြည့်စုံစွာ နေထိုင်၏။ တကိုယ်လုံး ဖြူဖွေး သန့်စင်သော စိတ်ဖြင့် နေ၏။ မဖြူစင် မသန့်ရှင်းသော ကိုယ်ကာယ မည်သည် မရှိချေ။ ဥပမာ ဦးခေါင်းနှင့် တကွခြေဘိုင်အောင် အဝတ်ဖြူဖြင့် လွှမ်းခြုံ ထားသကဲ့သို့ပါပေတည်း။ ။

ထိုမှ တဖန် ဆင့်တက်ပြန်သော်—အာကာသာနဉ္စာ-ယတနံ, ဝိညာဏဉ္စာ-ယတနံ, အာကိဉ္စညာ-ယတနံ, နေဝသညာနာသညာယတနံ, အရူပ ဈာန် လေးပါးကို အာကာသံ အနန္တံ ဟူ၍၎င်း, ဝိညာဏံ အနန္တံ ဟူ၍၎င်း, နတ္ထိ ကိဉ္စိ ဟူ၍၎င်း, သန္တမေတံ, ပဏီတမေတံ, ဟူ၍၎င်း, စည်းပြန်း၍ အရူပဈာန်-၄-ပါး နှင့် ပြည့်စုံစွာ နေထိုင်ခြင်းသည် အရူပ ဈာန်ကို ဝင်စား၍ နေထိုင်ခြင်း ဖြစ်၏။

**အထူးမှတ်ရန်။** ။ဈာန် သုခ၌ ခံစား တည်နေနိုင်ရုံကာမျှနှင့် ကောင်းကင်ပြန်, မြေလျှိုး, စသည် မဖြစ်နိုင်။ မသွားလာနိုင်ဟုမှတ်။ ဤမျှ ချမ်းသာကို ခဏတာ ခံစားကြရခြင်းကား မဂ်, ဖိုလ်, ချမ်းသာ မဟုတ်။ ကိလေ ညစ်ကြေး နိဝရဏ အမြစ် ပြုတ် ဖြတ် ပယ်နိုင်, နောက်ထပ် ဖြတ် ပယ်ပြီး ကိလေ ညစ်ကြ။ မပေါ်လာ မဖြစ်လာနိုင်မှ မဂ်,ဖိုလ်, အစစ်, ချမ်းသာ အစစ်ဟု မှတ်ကြကုန်ရာသည်။ ။

ဈာန်မျိုးသည် "ရူပဈာန်-မျိုး-၄-မျိုး, အရူပဈာန် ၄-မျိုး" ပေါင်း-၈-မျိုးရှိ၏။ အင်္ဂါအားဖြင့် ရူပဈာန်၌ ၅-ပါး, အရူပဈာန်၌-၂-ပါး, ရှိ၏။ ၎င်းဈာန်-၈-မျိုးကို သမာပတ်-၈-ပါးဟု ခေါ်၏။ သမာပတ်ဟူသည် ရှေးဦးအစရှာ မိမိ ရပြီးဈာန်ကို နောက်ထပ် ကြိမ်ဖန် များ

စွာ ထပ်ခါ, ထပ်ခါ ပြန်ပြီးလျှင် သုံးသတ် ဆင်ခြင် ဝင် စားနေခြင်ကို " ဈာန်သမာပတ် ဝင်စားနေသည် ,, ဟု ဆို၏။ ပမာပြရသော် မိမိ နှစ်သက် မြတ်နိုး ဖွယ်ရာအာ ဝတ်တန်းဆာရတနာကို ရရှိသူသည် ထိုတန်းဆာ ရတ နာကို ခဏ,ခဏ,ပင် ဝတ်ဆင်မြန်း ကြည့်ရှုဘိ သကဲ့ သို့ မိမိရရှိခဲ့ပြီး ဈာန်ကို ခဏ, ခဏ, ဝင်စားကာ, သုံး သတ်ကာ, ဆင်ခြင်ကာ, ဈာန်ချမ်းသာကို ခံစား နေမှု မျိုးကို " ဈာန်သမာပတ် ဝင်စားသည်,, ဟုဆို၏။ ။

**အဘိညာဏ်တန်ခိုး။** ။အဘိညာဏ်ဟူသည်ထူး ထွေ ထက်မျက်စွာ သိသော အသိညာဏ်ကို ခေါ်၏။ ထို လောကီဈာန် သမာပတ်-၈-ပါးတို့နှင့် ပြည့်စုံခိုင်လုံပြီး သော ဈာနလာဘီ ပုဂ္ဂိုလ်သည် ထိုရရှိပြီး ဈာန် သမာ ပတ်တို့ကို ထပ်ခါ,ထပ်ခါ,ကြိမ်ဖန်များစွာ အနုလောမ နည်းအားဖြင့် အောက်ဆုံး ပထမဈာန်မှသည် အစဉ် အတိုင်း အထက်ဆုံး နေဝသညာ- နာသညာ-ယတန ဈာန်တိုင်အောင်၎င်း, ဝင်စားခြင်း, ပဋိလောမ နည်း အားဖြင့် အထက်ဆုံး ဈာန်မှ စ၍ အပြန် အောက်ဆုံး ပထမဈာန် တိုင်အောင်၎င်း, ဝင်းစားခြင်း,အထက်ဈာန် အလယ်ဈာန်, အစဈာန်, အားဖြင့် တခုခြား, ၂-ခြား, စသည်ဖြင့် အထက်,အောက်,ခုံကျော်, ပြန်လှန်၍ ဈာန် ကို ဝင်စားခြင်း,(ဈာန်ချမ်းသာကို ဖဲ့ရိုက်,ပိုကာ ပစ်သ ကဲ့သို့ အချိုးမျိုး အဖုံဖုံ ခံစားနေခြင်းပင်)တို့ကို ပြုလုပ်

အားထုတ်ပြီး (၁) တန်ခိုး အမျိုးမျိုးတို့ကို စိတ်အလိုရှိတိုင်း ပြည့်စုံ ပြီးမြောက် အောင်မြင်ရန် အဓိဋ္ဌာန် ပြုကာ စေလွှတ်နေခြင်း, အလေ့ အကျင့် ပြုပေးခြင်း, ဖန်ဆင်းခြင်း, ဈာန သမာဓိ နာမ်ဓာတ် တန်ခိုး သတ္တိတို့ကြောင့် ထိုထိုလိုအပ် ရာရာတို့ ဖြစ်ပေါ်လာခြင်း, လိုသလို တခဏခြင်း ပြီးပြည့်စုံ လာခြင်းသည် "ဣဒ္ဓိဝိဓ" တန်ခိုး သတ္တိဖြင့် ပြီးပြည့်စုံသည့် အဘိညာဏ် (မျက်လှည့် ပြသလိုပင်) (၂) အလိုရှိသလို နတ်တို့ နားကဲ့သို့ ကြားစွမ်းနိုင်သည့် "ဒိဗ္ဗသောတ" တန်ခိုး သတ္တိဖြင့် ပြီးပြည့်စုံသည့် အဘိညာဏ်, (၃) အလိုရှိရာ အရာဌာန ဝတ္ထု ပစ္စည်းစသည်ကို နတ်မျက်စိကဲ့သို့မြင်စွမ်းနိုင်သော "ဒိဗ္ဗစက္ခု" ခေါ် တန်ခိုး သတ္တိဖြင့် ပြီးပြည့်စုံသည့် အဘိညာဏ် (၄) လွန်ခဲ့ပြီးသော နောက်နောက်သော ဘဝသံသရာ အဆက်ဆက်၌ မည်သည့် မည်တို့ အမျိုး, အနွယ် ဇာတ် စသည်၌ ဖြစ်ဖူးခဲ့ပြီးသော ခန္ဓာ နာမ်,ရုပ်တို့ကို အစဉ်လျှောက်၍ သိစွမ်းနိုင်, အောင့်မေ့ နိုင်သော "ပုဗ္ဗေနိဝါသာနုဿတိ" တန်ခိုး သတ္တိဖြင့် ပြီးပြည့်စုံသည့် အဘိညာဏ် (၅) သူတပါးတို့၏ ကိုယ်သန္တာန် အစဉ်၌ ဖြစ်,ပျက်, နေသော စိတ်ဓာတ်, အကြံ အစည်တို့ကို သိစွမ်းနိုင်သည့် "ပရစိတ္တ ဝိဇာနန" တန်ခိုး သတ္တိဖြင့် ပြီးပြည့်စုံသည့် အဘိညာဏ် (၆) ဤမည် ဤမည်သော သတ္တဝါ ပုဂ္ဂိုလ်သည် ဤနှစ်,လ,ရက်သို့ တိုင်ရောက်မှ

ကောင်း, ဆိုး-၂-ပါး မည်သို့ ဖြစ်ရမည်။ ၎င်းပုဂ္ဂိုလ် သေပြီးသည်မှ နောက်၌ ဘယ်အမျိုး, အနွယ်,ဇာတ်, ဌာန၌ ဘယ်လို ခန္ဓာ နာမ်ရုပ် အစဉ်တို့ ဖြစ်ရမည်ဟု သိစွမ်းနိုင်သည့် ''အနာဂတံသ,, တန်ခိုး သတ္တိဖြင့် ပြီး ပြည့်စုံသည့် အဘိညာဏ်တို့ကို ရနိုင်၏။ အဘိညာဏ် ၏ တန်ခိုး သတ္တိမှာ ကာလ-၃-ပါး၌ သတ္တဝါ ပုဂ္ဂိုလ် ဖြစ်ပေါ်လာသည်မှ အစပြု၍ အဆုံး နိဗ္ဗာန်တိုင်အောင် အလိုရှိက သိစွမ်း နိုင်သော သတ္တိ တန်ခိုးရှိ၏။ ဤသို့ တန်ခိုး ဣဒ္ဓိပ္ပါဒ် အမျိုးမျိုးတို့နှင့် ပြီးပြည့်စုံနိုင်စွမ်းသည့် သတ္တိဒူးသည် သမာပတ်-၈-ပါးမှ ကျေးဇူးပြုပေးခြင်း ကို ခံယူရသော ''အဘိညာဏ်,, ဗျာန်၏ သတ္တိထူး တည်း။ ဗျာန်လမ်းနှင့် အဘိညာဏ် စခမ်းတို့ကား ကျယ် ပျံ့-ပြားမြောင်စွာ၏။ ဤ၌ သိသာနိုင်ရုံ ကျဉ်းကျဉ်းမျှ သာ ဆိုသဘည်း။

ထိုကောင်းကမ် ဗျာန် စေတနာ နာမ်ဓမ္မဓာတ်သည် ထိုက်သင့် ဖြစ်သင့် ရသင့် ရောက်သင့်ရာ ဗြဟ္မာ-၂၀ မျိုးသို့ ဖြစ်ကြ,ရောက်ကြ,ကုန်၍ ဗြဟ္မာတို့၏ ချမ်းသာ သုခကို ခံစားကြ ပေတော့ဟု ဆိုသကဲ့သို့ ပေးစွမ်းနိုင် သည့် တန်ခိုး သတ္တိထူးကား ကြီးမားလှစွာ၏။ ၎င်းစေ တနာ နာမ် ဓာတ်သည် သြပပါတိက ပဋိသန္ဓေ သတ္တ ဝါပုဂ္ဂိုလ် ဇာတ်မျိုးကိုသာ ဖြစ်စေနိုင်၏။ စေတနာ ကမ် ပင် ပါဝင်နေပြားလည်း ကမ်လမ်း သတ္တဝါ ပုဂ္ဂိုလ်

တည်းသို့ မထည့်ပဲ၊ ဈာန်၌ ရှိသော စေတနာကမ်နာမ် ဓမ္မဓာတ်က ဖြစ်စေသော သတ္တဝါ ပုဂ္ဂိုလ် မျိုးဖြစ်သော ကြောင့် ပဋ္ဌာန ဈာန်ကို အမှီ အကြောင်းပြု၍ ဈာန် လမ်း၌ တည်နေ ဖြစ်ရှိသည်ဟု ဆိုသတည်း။ ။

## (၈) ဉာဏ်လမ်း ပုဂ္ဂိုလ်မျိုး။

ဉာဏ်လမ်းဟူသည် ဉာဏ်ပညာဖြင့်သာ မြင့်မြတ် သော သတ္တဝါ ပုဂ္ဂိုလ် ဓာတ်အနွယ်, အဆင့်, အတန်းသို့ တက်ရောက် မြင့်မြတ် သွားရာလမ်းဟု ဆိုလို၏။ အ ဘယ်သို့ မြင့်မြတ်သော သတ္တဝါ ပုဂ္ဂိုလ် ဓာတ်, အနွယ် အဖြစ်သို့ မြှင့်တင်သနည်း? ဖြေ......"တေဘုမ္မက သင်္ခါ ရနယ်ပယ် ကမ္ဘာ လောကဓာတ် အတွင်း၌ တည်နေ "ဖြစ်,ပျက်,, လျက် ရှိကြကုန်သည့် "သက်ရှိ, သက်မဲ့, ရုပ်ဓာတ်, နာမ်ဓာတ်, ပစ္စည်း,, ဟူသမျှ အလုံးတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ,, ဟု လက္ခဏာ ယာဉ်-၃-ဖြာဖြင့် ထင်မြင်လာအောင် ဆင်ခြင် ပွားများပြီးမှ ၎င်းဝိပဿ နာ ဉာဏ် နာမ်ဓာတ်က မြင့်မြတ်သော "အရိယာ,, ခေါ်သည့် သတ္တဝါ ပုဂ္ဂိုလ် ဓာတ်မြတ် အဖြစ်သို့ရောက် အောင် မြှင့်တင်ပေး၏။ ထိုအရိယာ ပုဂ္ဂိုလ် ဓာတ်မြတ် အဖြစ်သို့ ရကြ ရောက်ကြသော ခဏ၌ ဘဝ သံသရာ ကပ္ပါ အဆက်ဆက် အနန္တမှ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အ စဉ် အမြဲ မခွဲးတန်း မခွဲးနိုင် မကွာရက်ဖြင့် ပါရှိနေ သော ကိလေ ညစ်ကျု အယုတ် တရားစု အမျိုးမျိုးတို့

နှင့် အကုသိုလ် မကောင်းကမ် အမိုက်တရား အမျိုး မျိုးတို့ကို အမြစ်အရင်း မျိုးစေ့နှင့် တကွ ဇကြွင်းအ ကျန် မထားပဲ ပြုတ်ပြုတ်ပြုန်း ပယ်သတ်ရှင်းလင်းခုတ် ဖြတ်နိုင်သော စွမ်းပကား သတ္တိ ဗလသည် မဂ်ဉာဏ် အလျောက်, ဖိုလ်ဉာဏ် အလျောက်, မဂ်,ဖိုလ်, စိတ် ဓာတ် အားစွမ်း သတ္တိတည်း။ ဤသို့ ကိလေ ညစ်ပုတ် တရားနှင့် အကုသိုလ် အယုတ်တရား, မျိုးစေ့ တို့ကို ဘဝသံသရာ တလျောက်၌ မျိုးပြုတ်အောင်, နောက် ထပ် တဖန် ဘယ်နံရောအခါမှ မဖြစ်ပေါ် လာနိုင် အောင်, မဂ်, ဖိုလ်, ပုဂ္ဂိုလ် အားလျော်စွာ ပယ်သတ် ဖြတ်နိုင်မှု တန်ခိုးသတ္တိ အထူးကြီးသည် ခပ်သိမ်းသော တန်းခိုး သတ္တိ ဟူသမျှတို့ထက် အကြီးကျယ် အမြင့် မြတ်ဆုံးဖြစ်သည့် တန်ခိုးကြီးပါတည်း။ ၎င်း တန်ခိုး နှင့် ၎င်း မြင့်မြတ်သော ပုဂ္ဂိုလ် ဓာတ် အဖြစ်သို့ ရ ရောက်အောင် တင်ပေးခြင်းသည် ဝိပဿနာ ဉာဏ် နာမ် ဝမ္မဓာတ်ကပင် တင်ပို့ပေးသည် မည်၏။ ဓာတ် ပညာသည်း ဆက်ခါ မွေးဖွား ပေးသည် မည်၏၊ သို့ ကြောင့်ကပ္ပါ လောက၌ ဖြစ်ပေါ် ပေါက်ဖွားလာသော သတ္တဝါ အနန္တပေါင်း များစွာကို "ဓာတ်သတ္တဝါ" ဟုခေါ် ဆို ပညတ် သမ္မုတိ ပေးပါက လွဲးမှားစရာ ပါ အကြောင်း ရှိပါဦးမည်နည်း?

**အထူး။** ။မဂ် ပုဂ္ဂိုလ်-၄-ယောက်နှင့်ဦးစွာဆစ ဖိုလ်

ပုဂ္ဂိုလ် အဖြစ်သို့ ကူးပြောင်း သွားသော အောက် ဖိုလ်ပုဂ္ဂိုလ် - ၃-ယောက်, အရဟတ္တ ဖိုလ် ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေ မတည်နေရသော ပုဂ္ဂိုလ်တို့တည်း။ ။

(ခ) ဈာန်လာဘ်, (ဂ) ဥာဏ်လာဘ်, ပုဂ္ဂိုလ်- ၂-မျိုးမှာ ကမ် စေတနာတို့ ပါပင်ပါငြားလည်း "ဈာန်နှင့် ဥာဏ်,, ပြခါန်း သောကြောင့် ဈာန်လာဘ် ပုဂ္ဂိုလ်, ဥာဏ်လာဘ် ပုဂ္ဂိုလ်, ဟု ခေါ်ဆို သမုတိ ပေးလိုက်သည်။ ။

## (၂၅) သဏ္ဍာဝါပုဂ္ဂိုလ်ဖြစ်ကြောင်း နည်း-၂-သွယ်။

ပဋ္ဌာန်းနည်းနှင့် ပဋိစ္စ သမုပ္ပါဒ်နည်း-၂-သွယ်ကား မည်သို့ ခြားနားသနည်း?

ကပ္ပါ လောကဓာတ်တိုက် အလုံး၌ သဏ္ဍာဝါ ပုဂ္ဂိုလ် အနန္တပေါင်း များစွာ ဖြစ်ပေါ် ပေါက်ဖွား လာကြရာတွင် ဂေါတမ ဗုဒ္ဓ အလိုတော်ကြ ဓမ္မ နိယာမ, လောက နိယာမ, သဘာဝ နိယာမ, အားဖြင့် (က) ပဋ္ဌာန်း ပစ္စယ သတ္တိနည်းဖြင့် တိုးတက် ပေါက်ဖွား လာခြင်း, (ခ) ပဋိစ္စ သမုပ္ပါဒ် ပစ္စယ သတ္တိ နည်းဖြင့် တိုးတက် ပေါက်ဖွားလာခြင်း, (ဂ) ၎င်း-၂-နည်းပေါင်း ပစ္စယ

သဏ္ဍိနည်းဖြင့် တိုးတက် ပေါက်ဖွား လာနိုင်ခြင်း,ဟူ ၃-မျိုး ရှိကုန်ရာ၏၊ ထိုတွင် (က) ပဋ္ဌာန်း ပစ္စယ သဏ္ဍိနည်းမှာ - ကပ္ပါ လောကဥ္စ ဦးစွာ အစဆုံး ဖြစ်ပေါ် ပေါက်ဖွား လာရန် ပြုပြင်ပေးသည့် ဥတုဇ တေဇော နှင့် ဝါယော ရုပ်ဓာတ်-၂-ခုတို့က ကြီးမှူး ပြုလုပ်ပေးသော "သံသေဒဇ,, အနန္တ သဏ္ဍာဝါ အမျိုးမျိုး တို့နှင့် ကပ္ပါ လောကဥ္စ သဏ္ဍာဝါ တဦး တယောက် ဖြစ်ပေါ် ပေါက်ဖွားလာပြီး နောက်ကာ လမှစ၍, နိဗ္ဗာန်တည်း ဟူသော အနုတ်ဂဏန်း, အစားဂဏန်း,တို့သို့ မရောက် ရသေးမီ ကာလအကြား သံသရာဘဝ ကြောင်း, ကျိုး ဆက်ခါ, ဆက်ခါ, ရတိ,ပဋိသန္ဓေ,အားဖြင့် တိုးတက် ဖြစ်ပေါ် ပေါက်ဖွား လာနေသော အနန္တ သဏ္ဍာဝါ အမျိုးမျိုးတို့ ဖြစ်ပွား တိုးတက်လာအောင် အမြဲ နိစ္စ ထာဝရ ရုပ်ဓာတ် အချင်းခြင်း, နာမ်ဓာတ် အချင်းခြင်း, ရုပ်ဓာတ်က နာမ်ဓာတ်, နာမ်ဓာတ်က ရုပ်ဓာတ်တို့ အား ဓမ္မ နိယာမ, လောက နိယာမ, သဘာဝ နိယာမ, တို့ဖြင့် ကျေးဇူးပြု ပေးနေသော နည်းထူး နည်းမြတ် ကြီးပင်ဖြစ်၏၊ (ခ) ပဋိစ္စ သမုပ္ပါဒ် ပစ္စယသဏ္ဍိနည်းမှာ- ကပ္ပါ လောကဓာတ် အတွင်း၌ သဏ္ဍာဝါ ပုဂ္ဂိုလ် တဦး တယောက် ဖြစ်ထွန်း ပေါ်ပေါက်လာပြီး နောက်မှသဘာ တဘာဝမှ တဘဝသို့ ရောက်အောင် သဏ္ဍာဝါ တဦး ဖြစ် ပြီး, တဦးဖြစ်အောင်, ဇာတ်,အမျိုး,အနွယ်,ယုတ်နိမ့်, မြင့်မြတ်,ချမ်းသာ,ဆင်းရဲ,စသည်ဖြစ်အောင်,ကြောင်း

ကျိုး, ဆက်စပ်ကူပံ့၍ ကျေးဇူး ပြုပေးနိုင်သော နည်း သာဖြစ်၏။ ကပ္ပါ၌ သတ္တဝါ တဦးတယောက် တိုးပွား လာရန်နှင့် ရှေးဦးအစဖွာသတ္တဝါတဦးတယောက်ဖြစ် ပေါ်ပေါက်ဖွားလာရန်မတတ်နိုင်,မပြုလုပ်ပေးနိုင်ချေ။ (ဂ) ၎င်း-၂-နည်းပေါင်း ပစ္စယ သတ္တိနည်းမှာ-ကပ္ပါ၌ သတ္တဝါ ဖြစ်ဦး အစမှ နိဗ္ဗာန် အဆုံးတိုင် ကာလ ပရိစ္ဆေဒ အတွင်း သံသရာ တလျှောက်၌ ပဋိသန္ဓေ ခဏမှ ရတိခဏတိုင် ပဋ္ဌာန်းနည်းနှင့် ပဋိစ္စ သမုပ္ပါဒ် နည်း-၂-မျိုးလုံးပင် ယောပေါင်း၍ ကပ္ပါ သတ္တဝါတို့ အား အကြောင်း အခွင့်အား လျော်စွာ ကျေးဇူးပြုပေး နေသော နည်းဖြစ်၏။ ပဋ္ဌာန်းနည်း-ပူး,ကွာ၊ တွဲ,ခွဲ, ကျေးဇူး ပြုပေး၏။ ပဋိစ္စ သမုပ္ပါဒ်နည်း ကွာ,ခွဲ,ကျေး ဇူးပြုပေး၏။ ထိုကြောင့် ၌-၂-မျိုးတို့၏ ခြားနား, ကွဲ ပြားပုံကို ပြဆိုပြီး နည်းအတိုင်း သိကြကုန်ရာသည်။ ။

## (၂၆) သတ္တဝါ ပုဂ္ဂိုလ်များ တဘဝမှ တဘဝသို့ ကူးပြောင်း သွားကြသည်မှာ မှန်,မမှန်။

ကပ္ပါလောကခေတ်၌ ဖြစ်ပေါ် ပေါက်ဖွား လာပြီး သော သတ္တဝါ ပုဂ္ဂိုလ်များသည် တဘဝမှ တဘဝသို့ ကူးပြောင်း သွားကြကုန်သည်ကား မဟုတ်ဟု ဆိုကြ ကုန်၏။ သို့မဟုတ်လျှင် သံသရာ မည်သို့ လယ်မည် နည်း ? ပဋိစ္စ သမုပ္ပါဒ် မည်သို့လှဲ့မည်နည်း ? "အနေ

က ဇာတိ သံသာရ၊ သန္တာဝိသယ ° အနိဋ္ဌိသံ,, စသော ပါဝစနကို မည်သို့ ဆိုလိုသနည်း ?

ကမ္ဘာ လောကဓာတ်၌ ဦးစွာ ဖြစ်ပေါ် ပေါက်ဖွား လာပြီး နောက်မှ သဏ္ဍာဝါ ပုဂ္ဂိုလ်များသည် ဘဝမှ ဘဝသို့ ကူးပြောင်း သွားကြ သည်ကား မဟုတ်ဟု ဆိုကြ, ပြောကြ, စွဲးယူ မှတ်ထင် နေကြ ငြားသော်လည်း မျက်တွေ့ ကိုယ်တွေ့ ကဲ့သို့သော ဖြစ်စဉ် အထွေထွေ့တ်ကို ညွှန်ပြပြီးမှ အဖြေကို ပေးပါအံ့။ ၊

(၁) မအူပင်နယ် အဝင် အပါ ကဝက်ကင်းခေါ် ရွာတရွာ၌ ငွေးရွာနေသူ ပုဂ္ဂိုလ် တဦးကား တခါ အင်း အလုပ်ဖြင့်သာ အင်းပိုင်ရှင်သူ ကြီးလုပ်က ၁ အသက်မွေးမြူ နေထိုင်၏။ တနေ့သ၌ ရွှေဘိဂုဏ် စေ တီတော် မြတ်ကြီးအား ဖူးမြင် ပူဇော် ကန်တော့ ရန် ကုန်းတော် ရည်ဖြင်သို့ လှူဘွယ်ဝတ္ထု ရုံစွာဖြင့် လာ ရောက် လေသည်။ ကုန်းတော်သို့ ရောက်သောအခါ ယခု တည်ရှိနေပြီး ရွှေဘိဂုဏ် စေတီတော် မြတ်ကြီးကို ပင် မဖူးတွေ့ရ မမြင်ရ, ပဲးပင် ရှိလေသည်။ (အံ့ဘွယ် ကောင်းစွ) ဤမျှလောက် ကြီးကျယ် ထယ်ဝါ ခန့်ညား စွာ တည်ဆောက် ထားသည့် စေတီတော် မြတ်ကြီးကို မတွေ့မြင် မဖူးရ၍, လုဗာသ ဒေါသခဲးတို့ စရိုက်သဘာဝဖြင့် စေတီတော် မြတ်ကြီးအား လှူဒါန်း ပူဇော် ကန်

ဘော့ခြင်းကို မပြုပဲး လှူဘွယ် ပစ္စည်းတို့ကို ပြန်ယူလာ၍ မိမိ၏ နေထိုင်ရာရပ်ရွာသို့ ပြန်လာသေသည်။ ရပ်ရွာသို့ ပြန်ရောက်လျှင် ငါ့လှူဘွယ် ဝတ္ထု ပစ္စည်းတို့ကို မခံယူလိုသောကြောင့် ငါမတွေ့မြင် မဖူးတွေ့ရသည့် စေတီတော် မြတ်ကြီးအား ရွှေသကၤန်း ကပ်လှူရန် ရည်မှန်းယူလာခဲ့သည့် ရွှေများကို မိမိတငါလုပ်ရာ အင်း၌ စိုက်ထူထားသော အင်းတိုင်နှင့် နတ်စင်ရှိ၏။ ပြန်ယူလာခဲ့သော ရွှေများကို အင်းတိုင်တို့နှင့် နတ်ကွန်းကိုသာ ချထားပူဇော်လေ၏။ အင်းစောင့် နတ်ကိုသာ ကိုးစား မှီခို ကိုးကွယ်ရာ ပြုလုပ်၍ မိမိလုပ်ကိုင် အသက်မွေးမြူမြဲ ဖြစ်သော တငါ အလုပ်ကို လုပ်ကိုင်လျက်နေ၏။ ဤသို့ ကာလကြာမြင့်လာလျှင် မသေပဲး လူဇာတ်အရှင်လတ်လတ်မှ နတ်မိမ်း သားရဲ အဖြစ်သို့ ကူးပြောင်းသွား၍ တပွဲစား အဖြစ်ဖြင့် တငါ လုပ်စားသူတို့၏ ပူဇော်ခံ သခင်အရှင်ကြီး ဖြစ်နေလေသည်။ ဤကား လူစစ်စစ် အရှင် လတ်လတ်မှ နတ်မိမ်း သားရဲ အဖြစ်သို့ ကူးပြောင်း သွားသူ၏ အထ္ထုပ္ပတ္တိ အစစ်အမှန်တည်း။ (အကုသိုလ် မကောင်းမှု ဒုစရိုတ် ဒုရာ ၆၀ အမှုမျိုးကား အထူး ထိပ်လန့် ကြောက်ရွံ့ဖွယ်ကောင်းစွာ။)

(၂) ဤနည်းတူ ပုံပြင် တခုမှာ - မော်လမြိုင် ကျွန်းမြို့ အောက်ပိုင်းရှိ လှိုင်းပုံးခေါ် ဒေသ ပင်လယ် ကန်

ရိုးတမ်း တောတောင် နယ်ပယ် တပိုက်ရှိ၏။ ထိုနယ်ပယ် တပိုက်၌ မြစ်ချောင်း အင်းအိုင်နှင့် ပင်လယ်ကမ်းခြေများ၌ တံငါ မုဆိုး အလုပ်ဖြင့်သာ အသက်မွေးမြူနေထိုင်သူ ပုဂ္ဂိုလ် တဦးရှိ၏။ ထိုပုဂ္ဂိုလ်လည်း လူသားစစ်စစ်မှ မသေပဲ ထိုနယ်ပယ် တပိုက်၌ အုပ်စိုး နေထိုင်သူ နယ်စား, ပယ်စား, ဦးရှင်ကြီး ဖြစ်၍, လူဇာတ်မျိုးမှ ကူးပြောင်း သွား၏။ ၎င်း သူကား နားထိုင်းနားလေးသူ ဖြစ်၏။ ထို့ကြောင့် ထိုမော်လမြိုင် ကျွန်းမြို့အောက်ပိုင်း နယ်ပယ်တပိုက်သို့ သစ်, ဝါး ကြိမ်နွယ်, ထင်း, တို့ကို အရှာ အယူ သွားသူတို့ ဖြစ်စေ, သားကောင်, ငါးကောင် အရှာသွားသူတို့ ဖြစ်စေ, တောလည် သွားသူတို့ ဖြစ်စေ, ထိုတောတောင် နယ်ပယ်အတွင်း၌ တစုံတရာ စားဘွယ်များကို စားသုံး ကြသောအခါ မစားသုံးမီ ဦးစွာ ''အဘိုး......ကျွန်တော်တို့ ထမင်း စားမယ်သို့, ထမင်းစားကြွပါ,, ဟု သံကုန်ဟစ်ခြေ၍ ပင့်ဘိတ် ပြီးမှ စားလိုရာကို စားသုံးကြရ၏။ ဤကဲ့သို့ မပင့်ဘိတ်ပဲ စားသုံးမိကြမူ တစုံတရာ ဒုက္ခ ဆင်းရဲ ကြီးစွာ တွေ့ရ၍။ အသက်သေ၍ သေကြရ၏။ အသက်ႏသေအောင် မိချောင်း, ကျားကြီး, မြွေကြီး,စသည့် တို့၏ နှိပ်စက်ညှင်းဆဲမှုကို ခံရ၏။ ရေသော်သည်း နစ်၏။ ထိုနယ်ပယ် တဘိုက်၌ နေထိုင်ကြသူ, ထိုနယ်ပယ် အတွင်းသို့ သွားလာ အသက်မွေးဝမ်းကြောင်းစီးပွား ရှာသူ, တို့သည် ယခုဘိုင် လိုက်

နှာ ဆောင်ရွက် နေထိုင်ကြရကြောင်း အထင်အရှား ပင် ဖြစ်၏။ ။

ထိုပြင် လူစင်စစ်မှ သမန်းကျား ဖြစ်သူတို့လည်း ရှိကြကုန်၏။ ထိုအကြောင်းမျိုးကား မြန်မာပြည် မြောက်ပိုင်း နယ်စပ် ပတ်ဝန်းကျင် အရပ်ဒေသ တို့၌ လူသတ္တဝါ ပုဂ္ဂိုလ်မှ ကျား သတ္တဝါများ ဖြစ်သွား၍ ဇာတ် ကူးပြောင်းကြကုန်၏။ နိုင်ငံတပါး တို့၌လည်း ထိုပုံ အထူးပွတ်များ ရှိကြကုန်၏။ ။

ဤသို့ မျက်တွေ့ ကိုယ်တွေ့ ကဲ့သို့သော အထူးပွတ် အမှန် ဖြစ်ပဉ်များကို သိကြရသောကြောင့် လူဇာတ်မှ နတ်ဗိမ်း, သားရဲ, ဦးနှင်ကြီး, ကျားတိရစ္ဆာန်, ဇာတ် မျိုးတို့သို့ ကူးပြောင်း ဖြစ်သွားနိုင်ကြောင်း ထင်ရှား ရှိနေသောကြောင့် တဘဝမှ တဘဝသို့ ကူးပြောင်းဖြစ်သွားသည်မှာ မဟုတ်ပါဘူးဟု စွဲးယူ မှတ်ထင် နေရန် ရှိပါသေးသလော ?

ဘဝ တခုမှ တခုသို့၎င်း, ဇာတ် တမျိုးမှ တမျိုးသို့၎င်း, ကူးပြောင်း ဖြစ်သွားကြသည်မှာ သဘာဝ ဓမ္မ နိယာမ မှန်သည်ဟု စွဲးယူခြင်းကို " သဿတဒိဋ္ဌိဝါဒ ,, ဟု ဆိုနိုင်ရန် သင့်ပါမည်လော? ပုထုဇဉ် ဇာတ် အနွယ်မှ အရိယာဇာတ် ပုဂ္ဂိုလ် အနွယ်သို့ကူးပြောင်းသွားကြခြင်း ပုထုဇဉ် ဇာတ် အနွယ်မှ ဘုရား အဖြစ်သို့၎င်း, ရဟန္တာ

အဖြစ်သို့၎င်း, ကူးပြောင်း သွားကြခြင်း, အောက်အရိယာ ဓာတ်အနှိမ့်မှ အထက် အရိယာ ဓာတ် မြတ်သို့ ကူးပြောင်းသွားကြခြင်းတို့မှာ လက်ရှိ ခန္ဓာကိုယ်ကို မစွန့်ပစ်ခဲ့ပဲ လက်ရှိ ခန္ဓာကိုယ်ဖြင့်သာ ဓာတ် တမျိုးမှ တမျိုးသို့၎င်း, ပုဂ္ဂိုလ် ပညတ် တမျိုးမှ တမျိုးသို့၎င်း, ကူးပြောင်း သွားကြသည် မဟုတ်တုံလော? ပေတဝတ္ထု ပါဠိတော်, ဝိမာန ဝတ္ထု ပါဠိတော်များနှင့် အခြားသော နိကာယ် ပါဠိတော်ကြီးများ၌ လက်ရှိ ခန္ဓာကိုယ်ကြီးကို စွန့်ထားခဲ့ပြီးလျှင် ဘဝ တပါးသို့၎င်း, ဘုံဌာန တပါးသို့၎င်း, ပုဂ္ဂိုလ် ဓာတ်, အမျိုး, အနွယ်, တပါးသို့၎င်း, ကူးပြောင်း ဖြစ်သွား ကြသည်များမှာ အနန္တ ဖြစ်ကြောင်း ပုံပြင်ဝတ္ထု သာဓကတွေကို တွေ့မြင်နေကြကုန်သည် မဟုတ်ပါလော?

"သဿတ ဝါဒ" ဟူသည် လူသေလူဖြစ်, နွားသေနွားဖြစ်, ခွေးသေ ခွေးဖြစ်, စသည်ဖြင့် ဓာတ် အမျိုး, အနွယ်, ပုဂ္ဂိုလ် မပြောင်းပဲ အကြီးသေလျှင် အငယ်ပြန်ဖြစ်၍ သတ္တဝါ ပုဂ္ဂိုလ် များ နိစ္စ ထာဝရ တည်မြဲစွာ ဖြစ်ကြရကုန်သည်။ ကွတ်တန်းဝင် အနှုတ် ဂဏန်း အစား ဂဏန်း, အရော ဂဏန်း, နိဗ္ဗာန်ဝင်ရောက် ကူးပြောင်းသူ မရှိဟု စွဲယူခြင်း မျိုးကိုသာ "သဿတဝါဒ" ဟု ခေါ်သည်, ဆိုသည်။ ။

“ အနေက ဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ,, စသောဥဒါန်းပါဠိစနစ်၏ အဓိပ္ပါယ်ချုပ်ကား-“သတ္တဝါ ပုဂ္ဂိုလ် ကမ္ဘာ လောကသား အပေါင်းတို့၏ ခန္ဓာကိုယ် ပဉ္စက ဖြစ်တည်းဟူသော ကိုယ်ကာယ အမျိုးမျိုး တို့ကို ပြုလုပ် ပေးတတ်သော ဖန်ဆင်း ပေးတတ်သော လက်သမား ပိသုကာနှင့် တူသည့် အမောင် တဏှာ! သို့မဟုတ် အမောင် အဝိဇ္ဇာနှင့် တဏှာတို့! အသင်တို့ ကို ငါရှာနေရင်းပင် ငါသည် ဘဝများစွာ သံသရာ တခွင်၌ ချမ်းသာ, ဆင်းရဲးယုတ်, မြတ် စသော လောကဓံ တရား ရှစ်ပါးတို့နှင့် တွေ့ကြုံ ဆုံစည်း ခံစားပြီးကာ ကောင်း,ဆိုး ၂-မျိုးတို့ဖြင့် ကျွမ်းပြန် သဒ္ဒါလန် အောင် ခံစား ကျဥ်လည် ဖြစ်ခဲ့ရ လှသည်မှာ ဘဝ ပေါင်း အသင်္ချေအနန္တတို့ပင် ဖြစ်ရပါပြီ။ အခု အချိန်ခါမှ အသင် တို့ကို လက်ဆုပ် လက်ကိုင် တွေ့ရ၍ မိရ၍ နောင် ဘဝ သံသရာသစ် မဖြစ်ရလေအောင်, မပြုလုပ်နိုင်ရလေ အောင်, ပယ်သတ် နှိမ်နင်း ချိုးဖဲ့ ဖျက်ဆီး ပစ်ပြီ။ ငါ နိုင်ပြီ,, ဟူ၍ ဆိုလို၏။ ယင်း ပါဠိစနစ်ဖြင့်လည်း တဘဝမှ တဘဝသို့၎င်း, တဘုံမှ တဘုံသို့၎င်း,ဓာတ်, အမျိုး, အနွယ်, သတ္တဝါ ပုဂ္ဂိုလ်, တဦး, တမျိုး, တို့သို့၎င်း, ကူးပြောင်း ရွှေ့ကာ ဖြစ်, ပျက်, သွား, လာ, နေကြသည်မှာ အလွန်ပင် ထင်ရှားနေကြသည် မဟုတ်ပါ လော? သို့မဟုတ်က “ အနေက ဇာတိ သံသာရံ သန္ဓာဝိဿံ,, မည်သို့ ဖြစ်နိုင်ဖွယ်ရာ ရှိမည်နည်း?

ယင်း ပြဆိုခဲ့ပြီး အကြောင်းတို့ကြောင့် ကပ္ပါလော ဓာတ် အတွင်း၌ ဖြစ်ပေါ် ပေါက်ဖွား တိုးတတ် ကြီး ထွား လာကြကုန်သူ သတ္တဝါ ပုဂ္ဂိုလ်တို့မှန်က တဘဝ မှ တဘဝသို့၎င်း, ကဘုံမှ တဘုံသို့၎င်း, ဇာတ်, အမျိုး, အနွယ်, သတ္တဝါ, ပုဂ္ဂိုလ်,'တဦးနှင့်တဦး,တမျိုးနှင့်တ မျိုး, တို့သို့၎င်း, ကူးပြောင်း ရွေ့ကာ ဖြစ်ကြခြင်းမှာ မသေပဲး ကူးပြောင်း၍ ဖြစ်စေ, ဓာတ်ပုံရိပ်ကဲ့သို့ အာ ရုံနိမိတ် ယူကာ ကူးပြောင်း ကြသည် ဖြစ်စေ, ပဋ္ဌာန်း နည်း,ပဋိစ္စသမုပ္ပါဒ်နည်း,မျိုးဖြစ်စေ, ဘယ်လိုနည်းမျိုး ဖြင့်ပင် ဖြစ်စေ, တဘဝမှ တဘဝ စသည်တို့သို့ ကူး ပြောင်းသွားသည် ကူးပြောင်း၍ ဖြစ်ကြသည်, ဟု ဆို ကြသည်မှာ “မှန်ပါသည်,,ဟု စွဲယူမှတ်လျှင် “မည် သို့ လွဲမှားရန် ရှိပါသနည်း? အကြောင်းနှင့် အကျိုး မကင်းနိုင်ပဲး ဖြစ်ကြ, ပျက်ကြ, ကုန်သည် မဟုတ်ပါ လော? ဤသို့ ကူးပြောင်း ဖြစ်ကြခြင်းမှာ မှန်သည်ဟု ယူဆကြမှသံသရာစက် ရဟတ်လည်း လည်လို့ရမည်။ ပဋိစ္စ သမုပ္ပါဒ်လည်း လှည့်လို့ ရမည်။ ပဋ္ဌာန်း ပစ္စည်း လည်း ဆက်လို့ရမည်း၊ အနေက ဇာတိ သံသာရံ စ သော ဗုဒ္ဓ ပါဝစနှင့် နိကာယ ပါဝစနတို့လည်း ကိုက် ညီနိုင်မည်တို့ကို ဉာဏ်ကြီးရှင်တို့ အထူးနှစ်လုံး မူကြ ပါကုန်။ ။

## (၂၇) သဏ္ဍဝါ ပုဂ္ဂိုလ် ကူးပြောင်းပုံ။

(၁) ကောင်းကမ် လမ်း၌ ဖြစ်သော ပုဂ္ဂိုလ်တို့သည် မကောင်း ကမ်လမ်းနှင့် ကောင်း ကမ် လမ်းသို့၎င်း, ဈာန်လမ်းသို့၎င်း, ဉာဏ်လမ်း သို့၎င်း, ကူးပြောင်းဖြစ်ကြကုန်၏။ မကောင်း ကမ်လမ်း၌ ဖြစ်သော ပုဂ္ဂိုလ် တို့သည် မ ကောင်းကမ် လမ်းနှင့် ကောင်း ကမ်လမ်း, သို့ကူးပြောင်း ဖြစ်နိုင်ကုန်၏။ ။

(၂) ဈာန်လမ်း၌ ဖြစ်သော ပုဂ္ဂိုလ်တို့သည် ဈာန် လမ်းသို့၎င်း, ကမ်လမ်းသို့၎င်း, ဉာဏ်လမ်း သို့၎င်း,ကူးပြောင်း ဖြစ်နိုင်ကြကုန်၏။ ။

(၂) ဉာဏ်လမ်း၌ဖြစ်သော ပုဂ္ဂိုလ်တို့သည်ဉာဏ် လမ်း အထက်တန်းဖြစ်သော တလမ်းတည်း သို့သာ ကူးပြောင်း တက်၍ နိဗ္ဗာန် ရောက် ဘဝကုန် သွား၏။ ကမ်လမ်း, ဈာန်လမ်း, တို့ သို့ မပြန်တော့ချေ၊ "ဖြဟ္မ လောကာ-ဂတာ ဟော္တာ၊ အရိယာနေဝ - ပပဥ္စရေး ,, ပါဠိ အရ ဖြဟ္မာ ဘုံဘဝ ရွာနသို့ ရောက်ကုန် ပြီးသော ဉာဏ်လမ်း အရိယာ ပုဂ္ဂိုလ် တို့သည် အောက် အောက်ဖြစ်သော ယုတ်နိမ့်ရာတို့သို့ ပြန်ပြီး မဖြစ်ကြ

ကုန်ဟု ဘုံဘဝ, ပုဂ္ဂိုလ် ဇာတ်, ဆို၏။ ဖြဟ္မာ့ဘုံ၌ သာ မဟုတ်။ လူပြည် လောက, နတ်ပြည် လောကတို့၌ ဥာဏ်လမ်းသို့ ကူးပြောင်း ရောက်ရှိပြီး အရိယာ ပုဂ္ဂိုလ်တို့သည်သည်း အောက်အောက် ယုတ်နိမ့်ရာ လောကတို့သို့ မပြန်လာ, ပြန်၍ မဖြစ်ကြကုန်။ လောက၌ ဖြစ်မှုရန် ကိစ္စ မပြီးဆုံး မအောင်မြင် ကြသေးလျှင်, သံသရာ ကိစ္စ မကုန်ဆုံး မထမြောက်ကြ သေးလျှင်, အထက် မြင့်မြတ်ရာ ဘုံလောကသို့ သာ ဥာဏ်လမ်းဖြင့် ကူးပြောင်း၍ သန္ဓေ ယူကာ ဖြစ်ကြ ကုန်၏။ ။

## (၂၈) သံသရာနှင့် သတ္တဝါ ဘယ်မှာ ပြီးဆုံးသနည်း?

သံသရာနှင့် သတ္တဝါသည် နိဗ္ဗာန်တည်းဟူသော "အနုတ် ဂဏန်း, အစား ဂဏန်း, ဖြစ်သော "သမ္မာ သမ္ဗုဒ္ဓ ဘုရား, ပစ္စေက ဗုဒ္ဓါဘုရား, ရဟန္တာ, ပုဂ္ဂိုလ်မွန် သူ မြတ်-၃-ဦးတို့၏ စုတိစိတ် ရှမ်ခေတ်, တို့၏ ဘင်ခဏ၌ ပြီးဆုံး၏။ ၎င်းနောက် "အာယ၊ မန္တိမ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" အရပဒ်သန္တိ ဇာတိ ကိစ္စ မရှိတော့ချေ။ ဖြစ်, ပျက်, ကိစ္စ ၂-ချက် မရှိတော့ချေ။ ကပ္ပါ လော ကခေတ်မှ ထွက်ခတ်ပေါက် လွတ်မြောက် သွားပြီ ဟူလို။ သံသရာနှင့် သတ္တဝါ ပြီးဆုံးပြီ။ ။

## (၂၉) ပရိနိဗ္ဗာန် စံယူထွက်ရပ်ပေါက် ပုဂ္ဂိုလ်သူမွန်တို့၏ ရုပ်ဓာတ် ကလာပ်များ အဘယ်သို့ ဖြစ်သွားသနည်း?

ပရိနိဗ္ဗာန် စံယူ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် သူမွန်တို့တွင် ဘုရားရှင်၏ ရုပ်ဓာတ်နှင့် ရဟန္တာ ထေရ်ရှင်မွန် အချို့တို့၏ ရုပ်ဓာတ်များသည် နတ်၊လူ၊ဗြဟ္မာ ဝေနေယျ ပုဂ္ဂိုလ်တို့၏ လောကီ, လောကုတ်, မဆုတ်ယုတ် တိုးပွား အကျိုး ကျေးဇူး များကြစေရန် အဓိဋ္ဌာန်-ဋ္ဌိ တန်ခိုး သတ္တိဖြင့် ကြွင်းကျန်လျက် လောကအတွင်း၌ တည်နေကြကုန်၏။ ပစ္စေက ဗုဒ္ဓါ ဘုရားနှင့် ရဟန္တာ ထေရ် အရှင်မြတ် များစွာတို့၏ ရုပ်ဓာတ်များကား လောက၌ ဓာတ်တော် အဖြစ်ဖြင့် ကြွင်းကျန် မထားပဲ ပျောက်ပျက် သွားကြကုန်၏၊ အဘယ်ကြောင့် ထိုအရှင် ပုဂ္ဂိုလ်မွန် တို့၏ ရုပ်ဓာတ် များ ပျောက်ပျက် သွားကြကုန်သနည်း? အဓိဋ္ဌာန်-ဋ္ဌိ တန်ခိုးထူး သတ္တိကို မရရှိသောကြောင့် ပျောက်ပျက် သွားကြရကုန်၏။ ။

## (၃၀) ဓာတု ပရိနိဗ္ဗာန်ပွဲ ဘယ်လို ဝင်မည်နည်း?

ဘုရားရှင်နှင့် အချို့ကုန်သော ရဟန္တာ အရှင်မြတ်တို့၏ ဓာတ်တော်များသည် "အဋ္ဌကလာပ်,,

ရုပ်ဓာတ်အပေါင်း-၈-ခု အဝိညာဏက သက်မဲ့ ဖြစ်လျက် အဘယ်သို့လျှင် "ဓာတုပရိနိဗ္ဗာန်" စံယူပွဲ ဖြစ်နိုင်ပါမည်နည်း?

ဤပုဂ္ဂိုလ် သူမွန်-၂-တို့သည် ပရိနိဗ္ဗာန် မစံဝင်မီ, စံဝင်ကာနီး ကာလ၌ (၁) လူ,နတ်,ဗြဟ္မာ,တို့အား အာစည် သနားတော်မူခြင်း ကရုဏာတော်ဖြင့် ငါတို့၏ ရုပ်ဓာတ် ပစ္စည်း ဓာတ်မွေတော်များသည် နောင်ကာလ၌ "တန်ခိုး ပြာဋိဟာကို ပြစေသတည်း" ဟု အဓိဋ္ဌာန် ပြုခဲ့တိုင်း၎င်း, (၂) တဖန် လူ,နတ်,ဗြဟ္မာ, တို့အား အာစည်သနားခြင်း ကရုဏာတော်ဖြင့် "ငါတို့၏ ဓာတ်မွေတော်တို့သည် တန်ခိုး ပြာဋိဟာကို ပြခြင်းကြောင့်ကြို တွေ့ ဖူးမြော် ပူဇော် ကန်တော့ ကြကုန်၍ လောကကျိုး,သံသရာကျိုး,များကြကုန်စေ,သတည်း" ဟု အာဓိဋ္ဌာန် ပြုခဲ့တိုင်း၎င်း, (၃) သဒ္ဓါ ပသန္န သီလနှင့် ပြည့်စုံကုန်သူတို့သည် မိမိတို့ လိုရာ ဆန္ဒ ပြည့်ဝ ကြရန်ကို ရည်မှန်း တောင့်တကြကုန်လျက် ပန်း,နံ့သာ, ဆီမီး, စသော လှူဘွယ် ဝတ္ထုတို့ကို လှူဒါန်း ပူဇော် ပြီးလျှင် သစ္စာစကားဆို၍ "ဤသို့ ဤသို့သော တန်ခိုးပြာဋိဟာကို ပြတော်မူပါ" ဟု ဆိုပြီး အဓိဋ္ဌာန် ပြုကြသော အာချို့ အခါတိုင်း၎င်း, (အကျိုးပေး ရှိသွင့် ကြုံသင့်မှ ဖြစ်သည်) ဓာတ်မွေတော်သည် အဝိညာဏက သက်မဲ့ပင် ဖြစ်ငြားလည်း သဝိညာဏက အသက် ထင်ရှားရှိ

သကဲ့သို့ ထိုသူကောင်းတို့ အကျိုးအလို့ငှါ တန်ခိုးပြာဋိဟာကို ပြတော်မူကြကုန်၏။ ယင်းအကြောင်း-၃-မျိုးကို သာဓက ပြု၍ အပိညာဏက သက်မဲ့ အဋ္ဌ ကလာပ်ရုပ် ဓာတ်တော်များသည် ဓာတု ပရိနိဗ္ဗာန် စံဝင်,စံယူပွဲကြီး နောက်ဆုံးဖြစ်နိုင်သည်ဟု သိကြကုန်ရာသည်။ ထိုပွဲကြီး ပြီးလျှင် ကပ္ပါ လောကဓာတ် လူလောကကား "အန္ဓိဘူတော အယံ လောကော" ဖြစ်၍ လူ့လောက၌ နိဗ္ဗာန် တံခါး,စာရင်း ပိတ်၍ အမိုက်မှောင်အတိပြီးသော လောကဟု ဆိုသတည်း။ ။ဤ၌မှတ်ဖွယ်—ဘုရားရှင်သည် ဖလ သမာပတ် ဈာန် အမျိုးမျိုးကို နှစ်လုံးသွင်း ဝင်စားကာ ခံစားပြီး ပရိနိဗ္ဗာန် စံဝင်သည်သာ ဆို၏။ ဓာတု ပရိနိဗ္ဗာန အခါ၌ ထိုသို့ သမာပတ်ကို ဝင်စားသည်ဟူ၍ မပါရှိ,မတွေ့ရချေ။ နာနာ ဓာတုဝင် စသည့် "ဝင်ကျမ်း" တွေကား နောက်ပေါ် လက်သစ်ဘို့သာ ဖြစ်ကုန်၏။

## (၃၁) ကပ္ပါလောက၌အကြောင်းကင်းမဲ့လျက် ဖြစ်နေသောတရားကား အဘယ်မျှရှိသနည်း?

ကပ္ပါ လောက၌ အကြောင်း ကင်းမဲ့ လျက်ဖြစ်နေသော တရားကား-၂-ပါး-၂-မျိုးရှိ၏။ ၎င်းတရားသည် အာကာသဓါတ် လောဟာပြင်နှင့် နိဗ္ဗာန်ဘို့ပင် တည်း။ ( လောဟာပြင်၌ လေဓာတ် မပါ ) ထို-၂-မျိုးကို တိုးပွားအောင် ဖြစ်စေတတ်သော "ကမ်, စိတ်,

ဥတု, အာဟာရ ,, တည်းဟူသော အကြောင်း-၄ မျိုးတို့ကလည်း မဖြစ်စေနိုင်, ဖြစ်လာအောင် ပြုလုပ်မပေးနိုင်။ နာမ်ဓာတ်ကို ဖြစ်စေတတ်သော " အာဝဇ္ဇာ, တဏှာ, ဥပါဒါန်-ဒိဋ္ဌိ, ကမ် ,, ဟူသော အကြောင်း-၄-မျိုးတို့ကလည်း မဖြစ်စေနိုင်, ဖြစ်လာအောင် ပြုလုပ်မပေးနိုင်။ ပဋ္ဌာန်းနည်း, ပဋိစ္စ သမုပ္ပါဒ်နည်း, တို့ဖြင့်လည်း မဖြစ်စေနိုင်, ဖြစ်လာအောင် ပြုလုပ်မပေးနိုင်, သည့် တရား-၂-မျိုးတို့ ဖြစ်ကုန်၏။ အဘယ်ကြောင့် ပြုလုပ်မပေးနိုင်သနည်း? သင်္ခါရ, သင်္ခတ, -၂-မျိုးတို့မှ ကင်းဆိတ် လွတ်ကင်း နေသော ကြောင့်တည်း။ ထိုကြောင့် အာကာသ နှင့် နိဗ္ဗာန် - ၂ -မျိုး တို့ ကား အကြောင်း ကင်းမဲ့လျက် ဓမ္မ နိယာမ, သဘာဝ နိယာမ တို့ဖြင့် ဖြစ်၍ သိရသော တရားတို့သာ ဖြစ်ကုန်၏။ ။

## (၃၂) လောကဓာတ်နှင့် ဓာတ်သင်္ဂဝါ အဆုံး။

လောကဓာတ်နှင့် ဓာတ်သင်္ဂဝါ ဘယ်မှာ ပြီးဆုံးသနည်း?

နိဂုမ်း ကမ္ပတ် အနေအားဖြင့် အချုပ်ကို ပြဆို ဖြေကြားပါအံ့။ လောကဓာတ် နှင့် ဓာတ် သင်္ဂဝါ သည် သဗ္ဗညု ဘုရားရှင်နှင့် ပစ္စေက ဗုဒ္ဓါဘုရား, ရဟန္တာ,

ဤမုဂ္ဂိုလ် သုံမြတ်, သူမွန်-၃-ဦးတို့၏ ဇာတိစိတ် ဘင်ခဏာ၌ လက်စသိမ်း ချုပ်ငြိမ်း ပြီးဆုံးကြကုန်၏။ ပြီးဆုံးပုံ–ဝိညာဏ နိရောဓ သုတ်။

ပုဂ္ဂိုလ် သာမန်တို့၏ မျက်စိဖြင့် မတွေ့မြင် မသွန်ပြနိုင်သည့် အရပ်၌ကား အလုံးစုံ၌ ထွန်းလင်း တောက်ပြောင် ထိန်လက်လျက် အဆုံး အဆ ပမာဏအားဖြင့် အပိုင်း အခြား မရှိသော ဝိညာဏဓာ-ယတန ဗျာန်၏ အာရုံ ယူရာ ဖြစ်သော အသိဥာဏ် ဝိညာဏ်သည် ထင်းလျှားစွာ ရှိ၏။ ဤဗျာန် ဝိညာဏ် အသိဥာဏ် " အာပေါ, ပထဝီ, တေဇော, ဝါယော ,, ဟူသော ရုပ်ခတ်ကြီး- ၄-ပါး တို့သည်၎င်း, ၎င်းခေတ်ကြီး-၄-ပါးကို တည်မှီ အားထား၍ ဖြစ်သော ရှည်, တို, သေးငယ်, ကြီးထွား, တင့်တယ်, မတင့်တယ်, ကောင်း, ဆိုး, စသော ရုပ်ခတ် အမျိုးမျိုးတို့သည်၎င်း, တည်မှီထောက်ဆား အားကိုး မှီတွယ်ရာ မရကြကုန်။ အာရုံ ယူစရာကို မဖြစ်စေနိုင်, မပေးနိုင်ကြကုန်။ ရုပ်ခတ် အားလုံး ချုပ်ငြိမ်း ကွယ်ပျောက်ကုန်၏။ ဤရုပ်ခတ်တွေ လက်စတုံး ချုပ်ငြိမ်း ကွယ်ပျောက်ရာ ဌာနှ၌ပင် " ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် ,, ဟူသော နိသိတဖြစ်သော နာမ်ခတ် - ၄ - ပါးနှင့် နာမ်ခတ်

ကြောင့် ဖြစ်သော ရုပ်, နာမ်, ဓာတ်-၂-ပါးစုံတို့သည် အကြွင်းမဲ့ တပေါင်းတည်း တပြိုင်နက် ခဏတချ လက်စတုံး မျိုးစေ့ပြတ်ပြတ် ချုပ်ငြိမ်းကုန်၏။ ဤမျှပ်ဓာတ် နာမ်ဓာတ်-၂-ပါးတို့ လက်စတုံး အပြီးသတ် နောက်ဆုံး ချုပ်ငြိမ်းသောကြောင့် တည်ရှိရာ အာရုံ ယူရာ-၆ မျိုး ချုပ်ငြိမ်း၏။ ပဋိစ္စ သမုပ္ပါဒ် နည်းဖြင့် "နာမ ရူပ နိရောဓာ သဠာ-ယတန နိရောဓော။ သဠာ-ယတန နိရောဓာ ဖဿ နိရောဓော ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော။ —ပ—ဧဝ-မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ,, ဟူသော လောကဓာတ်နှင့် ဓာတ်သဏ္ဍဝါ သံသရာ၌ အသစ်တဖန် ဖြစ်ရန်မရှိ လက်စတုန်းဆုံး လုံးလုံး ချုပ်ငြိမ်း ဧးလေတော့သတည်း။ ဤသည်ပင် လောကဆုံးရာ သဏ္ဍဝါဆုံးရာ, ပင်တည်း။ သေပြီးနောက် နိဗ္ဗာန်ကို မရှာပါနှင့် ပစ္စက္ခ ကိုယ်တွေ့ ခံစား နေရသော သုခချမ်းသာကို နိဗ္ဗာန်ဟု သိကြပါကုန်။

## နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန် အထူး။

နိဗ္ဗာန် သုခသည် လောကီသုခ ချမ်းသာမျိုး ဟူသမျှတို့ထက် ဆထက် ထမ်းပိုး တိုးတက်ကောင်းမွန် ဧးချမ်း သာယာသောကြောင့် အတိသုခ, ပဏီတ-သန္တ သုခ,ဟု ဆိုရပေသည်။ ဤသုခကို မသေမီ ကာလအာ

နာဂါမ် အရိယာဇာတ်သို့ ရောက်ပြီးသည်မှ အရဟတ္တ ဖိုလ် သမ္မာ သမ္ဗုဒ္ဓ ဘုရားရှင်, ပစ္စေက ဗုဒ္ဓါ ဘုရား,ရဟန္တာ,ပုဂ္ဂိုလ်သူမွန်တို့၏ စုတိစိတ် ခဏတိုင် အမြဲ မပြတ် ခံစားကြရသည့် ချမ်းသာ ဧးမြခြင်း ဆင်းရဲ မဖက်စွက်ချမ်းသာ သုခ သက်သက်ပင်ဖြစ်၍။ ထိုပုဂ္ဂိုလ်သူမွန်-၃-ဦးတို့၏ စုတိစိတ် ဘင်ခဏမှ နောက်၌ နိဗ္ဗာနသုခ မရှိတော့ချေ။ နိဗ္ဗာန် သုခကား ကုန်ဆုံး လွန်မြောက် သွား၍ ပရိ နိဗ္ဗာနဖြစ်၏။ ပရိ နိဗ္ဗာနဟူသည် စင်စစ်အားဖြင့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်, ပစ္စေက ဗုဒ္ဓါ ဘုရား,ရဟန္တာ,ပုဂ္ဂိုလ်အရှင်သူမွန်-၃-ဦးတို့၏ နောက်ဆုံး သေဆုံးခြင်း,ကမ္မဇရုပ်,စိတ္တဇရုပ်,အာဟာရဇရုပ်တို့နှောက်ဆုံး ကုန်ဆုံး ချုပ်ငြိမ်းဧးခြင်း,နောက်ထပ်တဖန် စိတ်နာမ်ခေတ်, ရုပ်ခေတ်,တို့ဖြစ်ရန် မရှိပဲ ‘‘ဖြစ်မှုကိစ္စ, ပျက်မှုကိစ္စ ,, -၂-ချက် ပြီးဆုံး ပြည့်စုံခြင်းသို့ ရောက် ခြင်း ပင်တည်း။ ၎င်း ကိစ္စ -၂- ချက်မရှိသောကြောင့် ‘‘အသက်တခေတ်,,သို့ ဆိုက်ရောက်ရပြီဟု ဆိုရသတည်း။ ပရိ နိဗ္ဗာန နောက် ချမ်းသာ သုခ မရှိ၊ ဥတုဇ ရုပ်ခေတ်သာ ရှိတော့သည်။ ဘဝ သံသရာ ပြီးဆုံးပြီ။ ။

**ဝန်ကြီးလွှာ။** ။ဤကပ္ပါ လောကနှင့် ခေတ်သတ္တဝါ ပြီးဆုံးရာ အလုပ်ကို လုပ်ကိုင် အားထုတ် ရှာမှီး လိုပါက ‘‘အရိယ မဂ္ဂ ဒီပက- အရိယာ

လမ်းညွှန် ,,ကျမ်း၌ ပြဆိုခဲ့တိုင်း "နက္ခကို သိ, ဋ္ဌနံ့ဘိ တဏှာ၊ မဂ္ဂင်ကို ပွား, ရဋ္ဌား နိဗ္ဗူတာ,, အရ ကျင့်ကြ, သိကြ, အားထုတ်ကြ, ပါကုန်။

၁၃၂၀-ပြည့်နှစ်၊ ပထမ ဝါဆို လပြည့်နေ့၌ ရေးသား ပြီးဆုံးသည်။

အရှင်ဝါယာမ ထေရ်၊
အရှင်အာဒိစ္စဝံသကျောင်းတိုက်။
၁၅-၃-၂၅၀၂ ။ ၁၅-၃-၂၀ ။

စာအုပ်ရနိုင်သည့်ဌာန၊

**ဝဇီရာစာပုံနှိပ်တိုက်၊**

အမှတ်(၇၇)၊ စက်ရုံလမ်း၊ ကန်တော်ကလေး

ရန်ကုန်၊

(ဘီ,ပီ,ပီ,ဖြင့် ပို့ပေးမည်)

★

စာအုပ်ရနိုင်သည့်ဌာန၊
ဝဇီရာစာပုံနှိပ်တိုက်၊
အမှတ်(၇၈)၊ စက်ရုံလမ်း၊ ကန်တော်ကလေး
ရန်ကုန်၊
(ဗီ၊ ပီ၊ ပီ၊ ဖြင့် ပို့ပေးမည်)

★

ဝဇီရာစာပုံနှိပ်တိုက်၊ စက်ရုံလမ်း၊ ရန်ကုန်။